
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၈၉၅.၈၃

ပညာဒီပ

ငြိုးသူ့မိစ္ဆာလက်/ပညာဒီပ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၁၅၂ – စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ



စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၀၉၀၁၁၀၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၁၀၂၁၆၀၂၁၀၊
ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
အတွင်း+မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊
သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
၅၃၀၇၉၅၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၃၅၈၁၊ ၁၃၅၁၂၃၃။

# (ဒဿနလက်ဆောင်)

➡ မိမိနှစ်သက်သည့် စိတ်ဓါတ် အပြု အမူများဖြင့် အခြားသူများကို ဆက်ဆံပါက အခြားသူများကလည်း ထိုအတိုင်း ပင်ပြန်လည်ဆက်ဆံကြပါလိမ့်မည်။

➡ ချစ်သူတစ်ယောက်ကို သူ့သဘာဝ အတိုင်း ထားရုံနှင့်တော့ ဘာမှ ထူးခြား လာမည် မဟုတ်ပေ။ နားလည်မှုဖြင့် ညှိနှိုင်းဆွေးနွေးတော့မှ ဘဝအတွက် အဖြေတစ်ခု ရနိုင်ပါ၏။

➡ လိုချင်သောအရာများကို အာရုံ စူးစိုက်မှု မထားဘဲ မလိုချင်သောအရာ များကို အာရုံများနေရင်တော့ အဖြေမှာ ရှုံးနိမ့်ခြင်းမှလွဲ၍ အခြားမရှိနိုင်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com

➡ ဒုက္ခအခက်အခဲများနှင့် ကြုံတွေ့ရစဉ် အပြုံးသဘော စိတ်ကောင်းမွေးနိုင်စေရန် အထောက်အကူပြုသောစကားမှာ "ပြီးခဲ့တာ ပြီးပြီပဲ" ဟူသောစကားဖြစ်သည်။ အတိတ်သည် သင်မပြုပြင်နိုင်သည့်အရာပင် ဖြစ်သည်။

➡ အမှောင်ခရီးကို အဖော်မပါဘဲ ဖြတ်သွားရသည့်အခါ စိုးရိမ်ကြောက်လန့်စိတ်ကို သယ်ဆောင်သွားမည့်အစား သီချင်းတစ်ပုဒ်ကို စိတ်ပါလက်ပါ ဆိုသွားလိုက်ပါ။ အောင်မြင်စွာ ကျော်ဖြတ်နိုင်ပါလိမ့်မည်။

➡ ဝေဖန်ပြစ်တင်မှုများသည် ကြောက်စရာမဟုတ်ပါ။ ဝေဖန်ပြစ်တင်ခြင်းကို ကြောက်ရွံ့နေပါက ဘာတစ်ခုမှ မလုပ်ဘဲ နေမှသာ လွတ်ပေမည်။

➡ နိုင်မာပြတ်သားသော ဘဝဦးတည်ချက် တစ်ခုခု မရှိသူသည် လမ်းပြဒါန်းမြောင်မပါဘဲ ပင်လယ်ပြင်မှာ ခရီးသွားနေသည့် သင်္ဘောပမာ ခရီးဆုံးသို့ ရောက်နိုင်မည် မဟုတ်တော့ပေ။

➡ သေးငယ်သော သော့တံပင် ဖြစ်လင့်ကစား ကြီးမားသော သော့ခလောက်ကြီးများကို ပွင့်စေနိုင်သကဲ့သို့ ချိုသာသော စကားတစ်ခွန်းကြောင့် နှလုံးသားတံခါးများ ပွင့်စေနိုင်ပါသည်။

➡ လောကတွင် နှစ်သက်ဖွယ်အကောင်းဆုံး စကားလုံးမှာ ရိုးသားဖြူစင်မှုနှင့်အကြင်နာ စွက်ဖက်နေသော စကားလုံးပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

➡ ခြသေ့်သည် သားကောင်ဖမ်းဆီး သည့်အခါ ဒရယ်ကို ဖမ်းသည်ဖြစ်စေ ကျွဲရိုင်းကို ဖမ်းသည်ဖြစ်စေ အားထုတ်မှု ကို မလျှော့ခြင်းမရှိပေ။ လုပ်ငန်းသေးငယ် သည်ဖြစ်စေ ကြီးကျယ်သည်ဖြစ်စေ အားထုတ်ကြိုးစားမှု မလျော့ပါက အောင်မြင်မှု ရနိုင်ပါသည်။

➡ ပန်းတိုင်ရှိရာသို့ သွားရာတွင် အချို့က တာထွက်လည်း ကောင်း၊ ပန်းဝင်လည်း ကောင်း၏။ အချို့က တာထွက်မကောင်း သော်လည်း ပန်းဝင်ကောင်းကြသည်။ အချို့က တာထွက်ကောင်းပါသော်လည်း ပန်းဝင်မကောင်းဘဲ ရှိလေသည်။ အချို့က တော့ တာထွက်လည်း မကောင်း၊ ပန်းဝင် လည်း မကောင်းကြပေ။ သင့်အနေနှင့် ပထမ နေရာမျိုး မရစေကာမူ ဒုတိယ နေရာမျိုး တော့ ရောက်အောင် ကြိုးစားနိုင်ပါသည်။

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | တောတွင်းမှ လူတစ်ပိုင်း မျောက်တစ်ပိုင်း မိန်းမပျို |
| အခန်း(၂) | သိုက်ဝင်ဆေးပင် မှတ်တမ်းများ |
| အခန်း(၃) | ဆေးပေါင်းခသောညနှင့် ထူးဆန်းသောအသံရှင် |
| အခန်း(၄) | ဘဝမလှခဲ့သော နန်းရွှေရည် |
| အခန်း(၅) | ဖရမာယာဝက်ပါ |
| အခန်း(၆) | အာယာတ မြွေဆိုးပေလော |
| အခန်း(၇) | သချိုင်းနေရာမှ မီးနေသည် |
| အခန်း(၈) | ဓာယာများသည့် ရောဂါဆန်းများ |
| အခန်း(၉) | မဟာပြာပေါင်းချုပ်ဆေးနှင့် ပြုစားမှုများ |
| အခန်း(၁၀) | မရဏာထောင်ချောက် |
| အခန်း(၁၁) | သံယောဇဉ်လက်ဆောင် |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁)

# တောတွင်းမှ လူတစ်ပိုင်း မျောက်တစ်ပိုင်း မိန်းမပျို

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ နိုင်ငံခြားသို့ ခေတ္တရောက်ရှိနေသော ဒေါက်တာမင်းထင်ကျော်ထံမှ ပို့ပေးလိုက်သော ပါဆယ်ထုပ်တစ်ထုပ် ရောက်လာလေသည်။

ပါဆယ်ထုပ်အတွင်းမှာ လက်ဆောင်ပစ္စည်းအချို့နှင့် စာတစ်စောင် ပါလာသည်။

စာမှာ အတော်အတန် ရှည်လျားစွာ ရေးသားထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းပို့လိုက်သော လက်ဆောင်ပစ္စည်းများထဲတွင် ကျွန်ုပ် နှစ်သက်သော တာရှီးနီးယားဆေးမှုန့် ဆေးတံသောက်ဆေးဗူးလည်း ပါလာလေသည်။

ကျွန်ုပ်လည်း လက်ဆောင်ပစ္စည်းများကို စားပွဲပေါ် တင်ထားလိုက်ပြီး ဒေါက်တာမင်းထင်ကျော် ရေးပို့လိုက်သည့်စာကို ဖတ်ကြည့်လေသည်။

သို့/

ဆရာခင်ဗျား...

ကျွန်တော် ယခု အလုပ်ကိစ္စတစ်ခုကြောင့် ကမ္ဘောဒီယားကို ရောက်နေပါတယ်။ ထိုသို့ ရောက်နေစဉ်မှာ ထူးထူးဆန်းဆန်းကိစ္စတစ်ခုနှင့် ကြုံတွေ့ရသဖြင့် မှတ်တမ်းရေးသားပြီး ဆရာထံ ရေးသားပေးပို့လိုက်ပါသည်။

ဟု အစချီကာ သူ တွေ့ရသော အကြောင်းအရာများကို မှတ်တမ်းသဖွယ် ရေးသားထားလေသည်။

ထိုမှတ်တမ်းမှာ ကမ္ဘောဒီးယား အမျိုးသမီးတစ်ယောက်၏ ထူးဆန်းသော အကြောင်းအရာများပင် ဖြစ်သည်။

ထိုအမျိုးသမီး၏အမည်ကို သူ၏မိဘများက "Rochom P, ngieng" ဟု ပေးထားသည်။

သူမသည် ဖနောင်ပင်မြောက်ဘက် မိုင်(၄၀၀)ကျော် ကွာဝေးသည့် Ratana KKini ပြည်နယ်အနီး တောစပ်တွင် မိသားစုများနှင့် နေထိုင်သူဖြစ်ပြီး (၁၉၈၉)ခုနှစ်က ရေချိုးရန် ထွက်သွားရာမှ ထူးထူးခြား





ခြား ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။

မိသားစုများက တောထဲသို့ လိုက်ရှာသော်လည်း ဘယ်လိုမှ ရှာမတွေ့ကြသောကြောင့် နောက်ဆုံး လက်လျှော့ခဲ့ရလေသည်။

Rochom P, ngieng သည် တောထဲ၌ မျောက်တစ်ကောင်ကဲ့သို့ နေထိုင်သွားလာခဲ့လေသည်။

သူမသည် ကမ္ဘောဒီယား ဘာသာစကားအပါအဝင် မည်သည့် ဘာသာစကားကိုမှ မပြောတတ်တော့ဘဲ တိရစ္ဆာန်များ ကျေးငှက်များ၏ဘာသာစကားကိုသာ ပြောဆိုနားလည်လေသည်။

သူမ၏အမူအယာမှာ လူနှင့်ပြုမူပုံ မတူတော့ဘဲ မျောက်တစ်ကောင်ကဲ့သို့ပင် လုံးလုံးတူနေတော့သည်။

သူမသည် တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားစဉ်က အသက်(၁၁)နှစ်အရွယ်သာ ရှိသေးသော်လည်း ယခုအခါ (၂၀၀၇) ခုနှစ်တွင် အသက်(၂၉)နှစ် ရှိနေပြီ ဖြစ်သောကြောင့် တောတွင်းမှာ (၁၈)နှစ်လုံးလုံး ကြာမြင့်အောင် မျောက်တစ်ကောင်ကဲ့သို့ နေထိုင်ကျက်စားခဲ့ပေသည်။

သို့ကြောင့် အခြားဘာသာစကား မတတ်တော့ပဲ အသံထွက်ရော ဘာသာစကားပါ မျောက်တစ်ကောင်ကဲ့သို့ အသံထွက်နိုင်ခြင်းဖြစ်သည်။

(၁၉၈၉)ခုနှစ် အသက်(၁၁)နှစ်အရွယ်က ပျောက်သွားသော သူမကို အသက်(၂၉)နှစ်အရွယ်ရောက်မှ ပြန်လည်တွေ့ကြရသည်။

သူမသည် တစ်ကိုယ်လုံး အဝတ်အစား မပါဘဲ ညစ်ပတ် ပေရေလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ တောစပ် လယ်လုပ်နေကြသော လယ်သမားများ က သူမ၏အရိပ်အယောင်ကို စတင်တွေ့ကြရသည်။

တွေ့မြင်စက မျောက်ကြီးတစ်ကောင်ဟုသာ ထင်မိသော် လည်း အသေအချာ ကြည့်သောအခါ မျောက်နှင့် မတူဘဲ လူတစ် ယောက်ဖြစ်မှန်း သိကြရသည်။

နောက်ပိုင်း လယ်သမားများက သူမအရိပ်အခြေကို မသိ မသာ စောင့်ကြည့်ခဲ့ကြသည်။

တစ်နေ့တော့ လယ်သမားတစ်ဦး နေသော တဲအတွင်းမှ ထမင်းများကို လာရောက်ခိုးယူကာ စားသောက်ရန် ဟန်ပြင်တော့မှ အဝတ်မပါဘဲ တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသည့်မိန်းမတစ်ယောက် ဖြစ်မှန်း အံ့သြစွာ တွေ့ကြရသည်။

သူမသည် တောထဲတွင် မျောက်တစ်ကောင်ကဲ့သို့ပင် သွား လာနေထိုင်ပြီး လယ်သမားများ ကျန်ခဲ့သည့် ထမင်းကျန် ထမင်းခြောက် များကို မျောက်တစ်ကောင်ကဲ့သို့ပင် ကောက်ယူစားသောက်လေသည်။

သူမကို (၂၀၀၇)ခုနှစ်တွင် ပြန်လည်တွေ့ကြရပြီးနောက်ပိုင်း ပြန်လည်ဖမ်းမိခဲ့လေသည်။

သူမ၏မိဘများနှင့် ပြန်တွေ့သော်လည်း ကောင်းစွာမမှတ်မိပဲ လူတစ်ယောက်ကဲ့သို့ မနေထိုင်ပဲ မျောက်တစ်ကောင်ကဲ့သို့သာ နေထိုင် လေသည်။

ပထမပိုင်းမှာတော့ အဝတ်ဝတ်ပေး၍ မရဘဲ နောက်ပိုင်းမှာ တော့ ထမီတစ်ထည်ကိုသာ ဝတ်ဆင်လေသည်။

စကားပြောဆိုရာမှာလည်း လူပြောသည့် အသံထွက်မျိုးဖြင့်





မပြောဘဲ တိရစ္ဆာန် အသံထွက်မျိုးဖြင့်သာ ပြောဆိုလေသည်။

(၂၀၀၉)ခုနှစ် ဒီဇင်ဘာလ ရောက်တော့ ကမ္ဘောဒီးယား ဘာသာစကားကို ပြောဆိုနိုင်လာပြီး အခြားသူ ပြောလျှင်လည်း နား လည်လာသည်။

သို့သော် သူမသည် မိဘများနှင့် ပြန်တွေ့ရသော်လည်း ပျော် ရွှင်ဟန် မရှိပေ။

လူများနှင့် ရောရောနှောနှော နေရသည်ကိုလည်း နှစ်သက် ဟန် မရှိပေ။

အိမ်မှာ ရှိနေစဉ်ကာလတစ်လျှောက်လုံးမှာလည်း တစ် ယောက်တည်းသာ သီးသန့်နေလေသည်။

သူမသည် အိမ်မှာ နေရသည်ထက် သစ်ပင်များပေါ်မှာ နေရ သည်ကို ပိုမိုနှစ်သက်ဟန်ရှိလေသည်။

ကမ္ဘောဒီးယား နိုင်ငံသားများက သူမကို တောတွင်းသူ လူ တစ်ဝက် တိရစ္ဆာန်တစ်ဝက်ဟု သတ်မှတ်ကြသည်။

**'Rochom'** သည် မိသားစုများနှင့် အတူတကွ ပြန်လည်နေ ထိုင်ရသော်လည်း ပျော်ရွှင်မှု မရှိဘဲ တောတွင်းသို့ ပြန်လည်ထွက်ပြေး နိုင်ရန်သာ ကြိုးစားနေလေရာ မိသားစုများက မျက်ခြေမပြတ် စောင့် ကြည့်နေရသည်။

နောက်ဆုံးမှာတော့ သူမသည် ဘဝတစ်လျှောက်လုံး (၁၈)နှစ် ကြာ နေထိုင်ခဲ့သော တောတွင်းသို့ ပြန်လည်ထွက်ပြေးသွားခဲ့လေ သည်။

ထိုသို့ ထွက်ပြေးသွားသောအခါ ဖခင်ဖြစ်သူ 'Ma Vichet



www.burmeseclassic.com

www.burmeseclassic.com



ဘ ရဲတပ်ဖွဲ့ဝင်များကို အကြောင်းကြားပြီး သားဖြစ်သူကို ခေါ်ကာ တောတွင်း၌ လိုက်လံရှာဖွေလျက်ရှိလေသည်။

"ရေချိုးမယ်ဆိုပြီး ပြင်နေတုန်းမှာ ပြန်ပျောက်သွားတာပါ။ သူ တောထဲမှာ ပြန်နေတာပဲ ဖြစ်မှာပါ။ သားသမီးဆိုပေမယ့် အနေဝေး သွားတော့ သူက ကျွန်တော်တို့နဲ့ မနေချင်တော့ဘူး၊

ဒါပေမယ့် ကျွန်တော့်သားကို ခေါ်ပြီး တောထဲမှာ မတွေ့တွေ့ အောင် လိုက်ရှာပြီး ပြန်ခေါ်လာခဲ့မှာပါ။

တောစောင့်နတ်တွေက သူရှိမယ့်နေရာကို လမ်းပြပေးနိုင်လိမ့် မယ်လို့ ယုံကြည်ပါတယ်"

ဟု 'Ma Vichet' က ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော် ရေးပို့သောမှတ်တမ်းမှာ ထိုနေရာ၌ပင် ပြီးဆုံးသွားလေသည်။

ဒေါက်တာမင်းထင်ကျော် ရေးပို့သော အဖြစ်အပျက်မျိုး မြန်မာ ပြည်မှာလည်း ရှိခဲ့ဖူးသည်။

ပြည်နိဗ္ဗိန္ဒတောရဘက်မှ ကဝေမြောင်ဂူအတွင်းမှာ နှစ်ပေါင်း များစွာ ခိုအောင်းနေသော ဦးမဲ့ဘူးဆိုသော လူကြီးတစ်ယောက်ကို တွေ့သဖြင့် ကိုရင်ကျောင်းသားများက နိဗ္ဗိန္ဒ ဆရာတော်ကြီးထံ ခေါ် သွားလေသည်။

ဦးမဲ့ဘူး၏အသံမှာ လူတစ်ယောက်ကဲ့သို့ အသံမျိုး မဟုတ်ဘဲ ကျေးငှက်သံမျိုး ထွက်နေသည်။

ကျောင်းမှာ ကောင်းမွန်စွာ ထားသော်လည်း မနေဘဲ နောက် ဆုံး တောတွင်းသို့ ပြန်သွားလေသည်။





နောက်ပိုင်း တောထဲမှာပင် သေဆုံးသွားသောအခါ နိဗ္ဗိန္ဒ ဆရာတော်ကြီးကိုယ်တိုင် ကြွ၍ သင်္ဂြိုဟ်ပေးလေသည်။

ထူးခြားသောအချက်မှာ ဦးမဲ့ဘူး၏အလောင်းမှာ မပုတ်မသိုး ဘဲ ခြောက်သွေ့လျက်ရှိလေသည်။

ထိုအကြောင်းအရာများမှာ ဝဋ်ကြွေးကံအကြောင်းပေလော၊ အခြားအကြောင်းများကြောင့်ပေလော မသိရသော်လည်း ထူးခြားသည် ကတော့ အမှန်ပင် ဖြစ်ပေတော့သည်။

ဒေါက်တာမင်းထင်ကျော်ထံမှ ထိုအကြောင်းအရာများကို ဖတ် ရသောအခါ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက ကျွန်ုပ်၏ ဇာတ် လိုက်ကျော်နှစ်ဦး ဖြစ်ကြသော နီမောင်နှင့် ဦးဗန်ကောင်းတို့ ကြုံတွေ့ခဲ့ ရသည့် အဖြစ်အပျက်တစ်ခုနှင့် များစွာဆင်တူလှပေသည်။

၎င်းတို့နှစ်ဦးသည် ရှမ်းပြည်နယ်မြောက်ပိုင်း တောနက်ကြီး အတွင်း၌ ဂမုန်းနှင့် သိဒ္ဓိဝင်ဆေးပင်များ ရှာဖွေရန် သွားကြစဉ် ထို အဖြစ်အပျက်နှင့် ကြုံတွေ့ခဲ့ကြရခြင်းဖြစ်သည်။

သူတို့နှစ်ဦး ကြုံတွေ့ခဲ့ရသောအကြောင်းများကတော့ သာမန် ဖြစ်ရိုးဖြစ်စဉ်မျိုး မဟုတ်ဘဲ ပရလောကသားများနှင့် ပတ်သက်သော အကြောင်းများ ဖြစ်သဖြင့် စိတ်ဝင်စားစရာလည်း ကောင်း၊ ကြောက် စရာလည်း ကောင်းလှပေသည်။

ထိုအဖြစ်အပျက်ကို ပြန်လည်ရေးသားရမည်ဆိုပါလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

# သိုက်ဝင်ဆေးပင်မှတ်တမ်းများ

မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်း၌ ရှိသော ရှမ်းပြည်နယ်သည် တောတောင်ထူထပ်သော အရပ်ဒေသတစ်ခု ဖြစ်ပေသည်။

မြောက်ပိုင်းရော တောင်ပိုင်းပါ မြင့်မားသော တောင်မြင့်ကြီးများနှင့် နက်ရှိုင်းသော တောနက်ကြီးများကသာ နေရာအတော်များများ၌ နေရာယူထားကြလေသည်။ အနိမ့်ဆုံးတောင်မှာ ပေ(၅၀၀၀)ကျော်ရှိပြီး အမြင့်ဆုံး ပေ(၈၀၀၀)ကျော်အထိ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဲခေါင်မြစ်နှင့်အပြိုင် ရှမ်းပြည်နယ်ကို အလယ်နေရာမှ ကန့်လန့်ဖြတ် စီးဆင်းနေသော သံလွင်မြစ်ကြီး၏အရှေ့ဘက်ရော အနောက်ဘက်ကမ်း၌ပါ သစ်တောကြီးများက သဘာဝအတိုင်း ဖုံးလွှမ်းထားကြလေသည်။

ထိုသစ်တောကြီးများထဲမှာ ကျွန်း၊ ပျဉ်းကတိုး အစရှိသော အဖိုးတန်သစ်များ၊ သဘာဝ ဆေးဖက်ဝင်အပင်များ၊ ဂမုန်းများ၊ သစ်ခွပန်းများ၊ ရွှေ ကျောက်စိမ်း အစရှိသော အဖိုးတန် သတ္တုပစ္စည်း၊ တွင်းထွက်ကျောက်မျိုးစုံတို့လည်း ရရှိပေသည်။

ယခုလည်း ဦးဇန်ကောင်းနှင့် နီမောင်တို့နှစ်ယောက်မှာ သိန္ဓိနှင့် ကွမ်းလုံကြား သစ်တောကြီးများအတွင်းသို့ ရောက်နေကြသည်။

၎င်းတို့နှစ်ယောက်သည် ဦးဇန်ကောင်းထံမှာ ရှိသော သိုက်ဝင်ပင်များနှင့် ပတ်သက်သောအညွှန်းအရ ထိုဆေးပင်များကို ရှာဖွေရန် ခရီးထွက်ခဲ့ကြခြင်းဖြစ်သည်။

ထိုဆေးပင်များမှာ (၂၆)မျိုးရှိပြီး စီရင်ပါက ငွေသားဖြစ်စေနိုင်သော ဆေးပင်များပင်ဖြစ်၏။

ထိုဆေးပင်(၂၆)မျိုးမှာ. . .

လသာဖြူပင်၊ စတုရင်္ဂလိဆေးပင်၊ ဆေးဝိဇ္ဇာပင်၊ ပုစွန်စာရိုးနီပင်၊ ဒိန္နဖော်ဂီပင်၊ နှမ်းရိုင်း ငမွဲပင်၊ တပင်ရွှေထီးပင်၊ ဆိတ်သမီးပင်၊ ဂုံညှင်းပင်၊ ဆေးချည်ဝင်ပင်၊ ဝက်ခေါက်ဆီပင်၊ ဆေးမင်းကတ္တီပါပင်၊ မြက်မီးသွေးပင်၊ ကန့်ချုပ်နက်ပင်၊ ဖားပြုတ်ဆုတ်ဆိုင်းပင်၊ သဘော်ခါးပင်၊ ဖာလာချဉ်ပင်၊ ဂွေးခါးပင်၊ ပိန်းချဉ်ပင်၊ ဆီမီးတောက်ဖြူပင်၊ ပဥ္စင်္ဂလိဆေးပင်၊ ဖက်ယားကြီးပင်၊ ပုစွန်ခြေ ကြွေပင်၊ ပိုးဝင်ဖြူပင်၊





ကြက်မောက်နီပင်၊ နှမ်းတစ်လုံးပင်၊

စသော (၂၆)မျိုးဖြစ်သည်။

ထိုဆေးပင်(၂၆)မျိုးတို့၏ဆေးဖော်စပ်ပုံများကို ဇာတ်လမ်းရှည်မည်စိုးသောကြောင့် မဖော်ပြတော့သော်လည်း မည်သည့်အရပ်ဒေသ၌ ရှိသည်ကိုတော့ ဖော်ပြပေးပါမည်။

ထို့ပြင် ဆေးပင် ဝါသနာပါသူတို့ အလွယ်တကူ သိနိုင်စေရန် အပင်၏ပုံပန်းသဏ္ဌာန်ကိုပါ ပူးတွဲဖော်ပြပေးပါမည်။

လသာဖြူပင်၏ပုံသဏ္ဌာန်မှာ နွတ်ချိုပင်နှင့် အပင်ရော အရွက်ပါ ပုံသဏ္ဌာန်တူလေသည်။

ဥက သင်းတောက်ဥနှင့် တူပြီး အစေးက အဝါရောင် ထွက်သည်။

ဆေးပင်ပေါက်သောတောင်မှာ မပေ. . .ာတောင်ဖြစ်၏။

စတုရင်္ဂလိ ဆေးပင်၏ပုံသဏ္ဌာန်မှာ ဗူးညွန့်နှင့် တူပြီး အရွက်မှာ ဗူးရွက်နှင့်ပင် တူ၏။ အစေးကို ယူသော် မည်းမည်းနှင့် အနီရောင်ရောထွက်သည်။

ဆေးပင်ပေါက်သောတောင်မှာ သပ္ပုတောင်ဖြစ်သည်။

ဆေးဝိဇ္ဇာပင်၏ပုံသဏ္ဌာန်မှာ မုံညင်းပင်နှင့် အပင်ရောအရွက်ပါ ပုံသဏ္ဌာန်တူ၏။

အဆင်းမှာ ပြောက်ကျား၏။ အရွက်မှာ ခွေးသွားစိပ်ကဲ့သို့ပါပြီး အနား၌ အနီရစ် ပါသည်။

ဥမှာ ဝဥနှင့် ပုံသဏ္ဌာန်တူကာ အစေးမှာ နွားနို့နှင့် တူပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးပင်ရှိသောနေရာမှာ ပုပ္ပါးတောင်အရှေ့ဘက် တောင်ပူစာ၌ ဖြစ်သည်။

ပုစွန်စာရိုးနီပင်မှာ အပင်ရော အရွက်ပါ ဒန့်သရက်ပင်နှင့် ပုံသဏ္ဌာန် တူလေသည်။

ဥမှာ ကြွေးဥနှင့် တူပြီး အနံ့မှာ ရှေးကဲ့သို့ ရှိသည်။ ဆေးပင်တွေ့နိုင်သောနေရာမှာ ကြက်မောက်တောင်၌ ဖြစ်ပေသည်။

ဒိန္နဇော်ဂီပင်၏ပုံသဏ္ဌာန်မှာ ဘောက်မွဲနံပင်နှင့် ပုံသဏ္ဌာန်တူပြီး အရွက်မှာ အပ်ချောင်းများမက သေးငယ်လေ၏။ အမြစ်မှာ ကျွဲချေးပုံကဲ့သို့ ရှိပြီး အဝါရောင်အစေး ထွက်သည်။ အနံ့မှာ များစွာစုံလှပေသည်။

ဆေးပင်ပေါက်သောနေရာမှာ ရှေးဦးတောင်၌ ဖြစ်သည်။

နှမ်းရိုင်းငမွဲပင်မှာ အပင်ရော အရွက်ပါ နှမ်းပင်နှမ်းရွက်နှင့် ပုံသဏ္ဌာန်တူလေသည်။ အနံ့မှာ နံလှသည်။

ဆေးပင်ပေါက်သောတောင်မှာ တကောင်းတောင်ဖြစ်သည်။

တပင်ရွှေထီးပင်၏ပုံသဏ္ဌာန်မှာ ဖြူဖြူပြောက်ပြောက်ဖြစ်ပြီး အရွက်မှာ ကြာပန်းရွက်ကဲ့သို့ ကြီး၍ ဝိုင်းသည်။

အရွက်ကြော အညိုရောင် ရှိပြီး အပွင့်အနီရောင်ရှိသည်။ အစေးမှာ သွေးရောင်ကဲ့သို့ အနီရောင်ပင်ဖြစ်၏။ ဆေးပင်ပေါက်သောတောင်မှာ ဆိတ်ဖြူတောင်ဖြစ်သည်။

ဆိတ်သမီးပင်မှာ မြားဆိပ်ပင်နှင့် တူပြီး အရွက်မှာ သဘော်ရွက်နှင့် တူကာ အနားရစ်၍နေသည်။

အစေးမှာ ဆိတ်နို့ရည်ကဲ့သို့ တူလှသည်။





ထိုဆေးပင်တွေ့နိုင်သောနေရာမှာ ချင်းတောင်အနောက်ချောင်းပတ်ဝန်းကျင်၌ ဖြစ်သည်။

ဂုံညှင်းနီပင်မှာ အပင်ရောင်အနီဖြစ်၍ အရွက်မှာ အဝိုင်းဖြစ်သည်။

အသီးတစ်ညှိုတွဲမိုက်ခန့်သာ သီးသည်။

ဥမှာ နွယ်ဥကဲ့သို့ အဆီနှင့် ရှိပြီး အစေးမှာ ထိသည်နှင့် အဖြူရောင် ပြောင်းတတ်သည်။

ထိုဆေးပင်ရှိသောနေရာမှာ တောင်တွင်းအရှေ့ဘက် မြေနီဘုရားတောင်ဘက်၌ ဖြစ်သည်။

ဆေးချည်ဝင်ပင်၏ပုံသဏ္ဌာန်မှာ ပိုက်ဆံပင်နှင့် ပုံသဏ္ဌာန်တူသည်။

အမြစ်မှာ ပဲဥနှင့် သဏ္ဌာန်တူပြီး ဆိမ့်သောအရသာ ရှိသည်။

ဝက်ခေါက်ဆီပင်မှာ နာမည်နှင့် လိုက်အောင် ၎င်းအခေါက်ကို ခွာယူပြီး မီးကင်ပါက ဝက်ဆီကဲ့သို့ ထွက်လေသည်။

အရွက်မှာ တရုတ်စံကားရွက်နှင့် တူပြီး ဆေးပင်က ရွှေပင်နှင့် ပုံသဏ္ဌာန်တူသည်။

ဆေးပင်ပေါက်သောတောင်မှာ စလူမော်တောင်ဖြစ်သည်။

ဆေးမင်းကတ္တီပါပင်ဖြစ်၏။ ပုံသဏ္ဌာန်မှာ သဘော်ပင်နှင့် တူပြီး အရွက်မှာ ကြာဖက်ရွက်နှင့် တူကာ အရွက်ကြော ညိုလေသည်။

အရွက်၌ ကတ္တီပါမွေးနှင့် တူသောအမွေးများ ရှိသည်။ အမြစ်လုံး၍ အညိုရောင်အစေး ထွက်သည်။

ဆေးပင်ပေါက်သည့်တောင်မှာ ကြောမတောင်ဖြစ်သည်။



www.burmeseclassic.com

မြက်မီးသွေးပင်၏ပုံသဏ္ဍာန်မှာ သမန်းမြက်ပင်နှင့်ပင် တူသော်လည်း အနက်ရောင်ဖြစ်သည်။

အမြစ်က အချောင်းလိုက် ထွက်သည်။

ငင်းဆေးပင်မှာလည်း ကြောမတောင်၌ပင် တွေ့နိုင်လေသည်။

ကန့်ချုပ်ပင်၏ပုံသဏ္ဍာန်မှာ ကန့်ချုပ်ပင်ကဲ့သို့ အရွက်ဝန်းဝန်းရှိသော်လည်း အရောင်နက်သည် အပွင့်လည်း နက်သည်။

အမြစ်မှာ ထန်းကြောမြစ်နှင့် တူလေသည်။

ထိုဆေးပင်ကို ကျောက်ကြီးတောင်၌ တွေ့နိုင်သည်။

ဖားပြုတ်ဆုတ်ဆိုင်းပင် ဆိုသည်မှာ ဂမုန်းမျိုးနွယ်ပင် ဖြစ်သောကြောင့် အပင်ပုံသဏ္ဍာန်မှာ ဂမုန်းပင်နှင့်ပင် တူလေသည်။

အစေးရှိပြီး ဥ၏ပုံသဏ္ဍာန်မှာ ဖားပြုတ်နှင့်ပင် တူလေသည်။

ထိုဆေးပင်ကို နွယ်ငန်းတောင်၌ တွေ့နိုင်လေသည်။ သင်္ဘောခါးပင်၏ပုံသဏ္ဍာန်မှာ သင်္ဘောပင်နှင့်ပင် ပုံသဏ္ဍာန်တူပြီး အသီးမှာ အုန်းသီးနှင့် တူသည်။ အရသာမှာ ခါးသည်။

အရွက်ဖူး နီ၍ အရွက်ကြော ပြာမွဲမွဲအရောင် ရှိသည်။ အစေးမှာ အဝါရောင်ဖြစ်ပြီး အရသာ ခါးလှသည်။ ထိုဆေးပင်မှာ ကတ္တူတောင်၌ ရှိလေသည်။

ဖာလာချဉ်ပင်၏ပုံသဏ္ဍာန်မှာ ပန်းလဲပင်နှင့် တူပြီး အညိုရောင်အဆင်းရှိသည်။

ကြွေးဥကဲ့သို့ အုပြီး အစေးမှာ ကြက်သွေးနှင့် တူလှပေသည်။

ငင်းဆေးပင်မှာ ဖိုးခေါင်တောင်၌ ရှိပေသည်။





ငွေးခါးပင်၏ပုံသဏ္ဍာန်မှာ အစက်အပြောက်ရှိပြီး အသီးကမိုးသို့ မျှော်၍သီးသည်။

မဟာမြိုင်တော၌ တွေ့နိုင်ပေသည်။

ပိန်းချဉ်ပင်၏ပုံသဏ္ဍာန်မှာ ပိန်းပင် ပိန်းရွက်နှင့်ပင် တူသော်လည်း အရွက်ပိုထူသည်။ ထိလျှင် ဆတ်သည် ကျွတ်သည်။

ထိုဆေးပင်ကို လင်းလေချောင်း၌ တွေ့နိုင်သည်။

ဆီမီးတောက်ပင်၏ပုံသဏ္ဍာန်မှာ အပွင့်ဖြူပြီး ဥမှာ ချည်ဝင်နှင့်တူသည်။ အရစ်ကလေးများလည်း ပါသည်။

ထိုဆေးပင်မှာ ပေါက်နက်တော၌ ရှိသည်။

ပဥ္စဂုလီ ဆေးပင်၏ပုံသဏ္ဍာန်မှာ မရိုးနွယ်ပင်နှင့် တူလေသည်။ အရွက်ငါးခွရှိပြီး မျောက်ဥကဲ့သို့ အုလေသည်။

ငင်းဆေးပင်မှာ ဆပ်ပြာတောင်၌ ရှိလေသည်။

ဖက်ယားကြီးပင်၏ပုံသဏ္ဍာန်မှာ မျောက်ပင်ကဲ့သို့ အရွက်အနားတွင် ခွေးသွားစိပ်ကလေးများ ပါသည်။

အနားသပ်ရစ်၍ နီလေသည်။

ငင်းဆေးပင်ကို လေသာတောင်၌ ရရှိပေသည်။

ပုစွန်ခြေကြွေပင်၏ပုံသဏ္ဍာန်မှာ ဒန်းပင်နှင့် တူလေသည်။ အရွက်၌ ခွေးသွားစိပ် ပါပြီး အရွက်ကြောနီ၍ အရိုးညိုလေသည်။

ကန်စွန်းပင်ကဲ့သို့ အဖြူအနီ နှစ်မျိုးရှိသည်။

ဥအုလျှင် ဒန်ပင်ကဲ့သို့ပင် အုလေသည်။

ပုစွန်ကို တို့သောအခါ ခြေထောက်များ ကြွေကျသဖြင့် ပုစွန်ခြေကြွပင်ဟု ခေါ်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဆေးပင်မှာ ဂမုန်းမျိုးနွယ်ပင်ဖြစ်ပြီး နတ်ဂမုန်းဟုသော်လည်းကောင်း၊ ပုစွန်ဂမုန်းဟုသော်လည်းကောင်း ခေါ်ကြလေသည်။

ဂျင်းဆေးပင်မှာ ခဲကျောက်တောင်၏ကန်၌ ရှိလေသည်။

ပိုးဝင်ဖြူပင်၏ပုံသဏ္ဌာန်မှာ ပဒိုင်းပင်နှင့် တူပြီး အရွက်ငါးခွရှိလေသည်။

အသီးမှာ သံပုရာသီးကဲ့သို့ သီးပြီး အမြစ်မှာ အဝါရောင်အဆင်းရှိလေသည်။ စားသုံးမိပါက သေစေတတ်သည်။

ဂျင်းဆေးပင်မှာ မဟိန္ဒတောင်၌ ရှိလေသည်။

ကြက်မောက်နီပင်၏ပုံသဏ္ဌာန်မှာ ကြက်မောက်ပင်နှင့်ပင် တူလေသည်။ အမြစ်ကို သွေးလျှင် သွေးရောင်အဆင်းထွက်သည်။

ဂျင်းဆေးပင်မှာ သံပုရာတောင်၌ တွေ့နိုင်ပေ၏။

နှမ်းတစ်လုံးပင်မှာ သဘော်ပင်နှင့် တူပြီး အရွက်မှာ တရုတ်စကားရွက်ကဲ့သို့ ရှိသည်။

အသီးမှာ နှင်းသီးနှင့် တူကာ ရွက်ကြောနီသည်။

လက်နှင့် ဖျစ်၍နမ်းသော် နံသည်။ ပူသည်။ သွေးထွက်တတ်လေသည်။

ဂျင်းဆေးပင်ကို ကျောက်ဆည်တောင်ပေါ်၌ တွေ့ရပေသည်။

အထက်ပါ ဖော်ပြခဲ့သော ဆေးပင်(၂၆)မျိုးအပါအဝင် အခြားဆေးဖက်ဝင် အမြောက်အများလည်း ရှိပေသေး၏။

ဦးဗန်ကောင်းနှင့် နီမောင်တို့နှစ်ယောက်သည် တောနက်အတွင်း၌ ရှိသော ဂူပေါက်တစ်ခုအတွင်းမှာ စခန်းချ နားနေကြရင်း ဦးဗန်ကောင်းက ထိုဆေးပင်များအကြောင်းကို ပြောပြနေခြင်းဖြစ်





သည်။

ဂူပေါက်ဝနားမှာ မီးဖိုတစ်ဖို ဖိုထားပြီး အပေါ်၌ ဝါးဆစ်ပိုင်းများဖြင့် ရေနွေးကျိုကာ ဆူပြီးသော ဝါးဆစ်ပိုင်းအတွင်းသို့ ရွှေဖီမိုးလွတ်ရွက်နုလက်ဖက်ခြောက်ကလေး များများခတ်ကာ သောက်ရင်း စကားပြောနေကြသည်။

သူတို့သည် သားကောင်ပစ်ရန် ထွက်လာခြင်း မဟုတ်သောကြောင့် သေနတ်နှင့် လေးမြား စသည်တို့ မပါသော်လည်း အန္တရာယ်နှင့် တွေ့ပါက ကာကွယ်ရန် ဓါးနှင့်လှံတော့ ပါကြလေသည်။

သိဒ္ဓိရှိသောဆေးပင်များမှာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဆေးပင်ကို စောင့်ရှောက်နေသော သက်ဆိုင်ရာပုဂ္ဂိုလ်များ ရှိသောကြောင့် ထိုကဲ့သို့ ဆေးပင်ရှာဖွေသော အချိန်ကာလအတွင်း၌ နှစ်ယောက်စလုံး သားငါးမစားကြဘဲ သက်သက်လွတ် အစားအသောက်များကိုသာ စားသောက်ကြလေသည်။

ယခုလည်း လက်ဖက်ရည်ခါးခါး ထန်းလျက်၊ ကောက်ညှင်းထုပ် စသည်တို့ကို အဆာပြေ စားရင်း စကားပြောနေကြသည်။

ဦးဗန်ကောင်းကတော့ ကွမ်းစားခြင်းနှင့် လက်ဖက်ရည်ကြမ်းသောက်ခြင်းကိုသာ နှစ်သက်သူမို့ အစားများများမစားပေ။

“နွယ်မြစ်သစ်ပင် ဆေးဖက်ဝင်ဆိုတဲ့စကား ရှိခဲ့တဲ့အတိုင်းပဲပေါ့၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ ဓါတ်ကြီးလေးပါးနဲ့ အရင်းတည်ပြီး ပေါက်နေတဲ့သစ်ပင်မှန်သမျှ ဆေးဖက်မဝင်တဲ့အပင်ဆိုတာ မရှိဘူး”

“ဟုတ်ပါတယ် အဘ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆေးပင်တွေရဲ့အကြောင်းကို ဂယနဏ သိမယ်ဆိုရင် ကျန်းမာရေးအတွက် အသုံးပြုရုံမကဘူး၊ ရွှေဖြစ်ငွေဖြစ်လမ်းပါ သွားလို့ရတယ်၊ နောက်ဆုံး သိဒ္ဓိပေါက်တဲ့အထိ အထောက်အကူ ပေးနိုင်ကြတယ်"

"စောစောက အဘပြောပြတဲ့ ဆေးပင်(၂၆)မျိုးဆိုရင် အဲဒီလို သိဒ္ဓိမျိုးတွေ ရစေနိုင်တာပေါ့နော်"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

ပါးစပ်ထဲမှာ တမြုံ့မြုံ့ ဝါးနေသည့် ကွမ်းဖတ်ကို ထုတ်လိုက်ပြီး နီမောင် ငှဲ့ပေးထားသည့် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ယူသောက်သည်။

"ဒီဆေးပင်တွေဟာ တစ်ပင်ချင်းအနေနဲ့ ငွေဖြစ်စေတတ်တဲ့ ဆေးပင်၊ ရွှေဖြစ်စေတတ်တဲ့ဆေးပင်၊ ပြဒါးကို ခဲစေနိုင်တဲ့ဆေးပင်၊ အခဲလိုက် သေစေနိုင်တဲ့ဆေးပင်၊ ပြာကျပြီး သေစေနိုင်တဲ့ဆေးပင်၊

ခဲကိုသော်လည်းကောင်း၊ တင်ကိုသော်လည်းကောင်း၊ သေစေနိုင် ကျိုးစေနိုင်တဲ့ဆေးပင်၊

သွပ်၊ ဂွတ်၊ သံကို ရွှေငွေဖြစ်စေတတ်တဲ့ဆေးပင်၊ သေစေနိုင်တဲ့ဆေးပင်ဆိုပြီး အမျိုးမျိုး ရှိကြတယ်၊

တချို့ကလည်း တစ်ပင်ချင်း လုပ်လို့ရတာ ရှိတယ်၊ တချို့ကျတော့လည်း တစ်ပင်နဲ့တစ်ပင် ပေါင်းမှ လုပ်လို့ရတာတွေ ရှိတယ်၊

"အဘ ပြောပုံအရဆိုရင် ဒီဆေးပင်တွေဟာ တစ်ပင်ချင်းအနေနဲ့ အတော်ကို တန်ဖိုးရှိတာပဲနော်. . .

ဒါထက် သိုက်ဝင်ဆေးပင်ဆိုတာ ဘယ်လိုမျိုးလဲ အဘ"





"သိုက်ဝင်ဆေးပင်ဆိုတာ ထွက်ရပ်ပေါက် ဆရာတော် အရှင်ဇာဂရက ဆေးပင်တွေ ရှိတဲ့နေရာကို မှတ်တမ်းတင်ထားတဲ့ကျမ်းထဲမှာ ပါတဲ့ ဆေးကျမ်းစာရင်းဝင် ဆေးပင်တွေကို သိုက်ဝင်ဆေးပင်လို့ ခေါ်ကြတာကွ"

"ဘယ်လိုဆေးပင်တွေလဲ အဘ"

ဦးဇန်ကောင်းက ဧင်းလွယ်အိတ်ဟောင်းကြီးအတွင်းမှ မှတ်တမ်းစာအုပ်တစ်အုပ် ထုတ်ပြီး နီမောင်ကို ပေးသည်။ နီမောင်က ထိုမှတ်တမ်းများကို ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေသည်။

ရှမ်းပြည်နယ် အရှေ့တောင်ပိုင်း ဘန့်ဘွေးတောင်တွင် လက်ပံခါးပင် ရှိသည်။

ပင်းမြို့ ဆတ်ချိုတိုက် တောင်ဖြူဝင်းတောင်၌ ငွေးချိုငွေးခါးပင် ရှိသည်။

တောင်ဖြူတင်းမြောက် တောင်ပုံ့တောင်တွင် ပေါက်ဖြူပင် ရှိသည်။

တောင်ညို၌ နနွင်းနက် ရှိသည်။

နွားဘူးတောင်၌ ဆီမီးတောက်ဖြူ ရှိသည်။

ပဲခူး ရွှေကြက်ယက်ဘုရားကြီးအနီးတွင် ဖက်ယားကြီးပင် ရှိသည်။

ပုပ္ပါးတောင်ခြေ၌ ဂမုန်းဥပင် ရှိသည်။

ပုပ္ပါးတောင် ဆားကျင်းရွာအနီး မြောက်ဘက်၌ ရှိသောကန်၏ မြောက်ဘက်တစ်နေရာတွင် ဆီမီးတောက်ဖြူပင် ရှိသည်။

ပြည်မြို့အရှေ့ ဥက္ကရတောင်၌ ကြက်မောက်ဖြူပင် ရှိသည်



www.burmeseclassic.com

www.burmeseclassic.com



ပြည်မြို့မြောက်ဘက် အင်တိုင်စပ်တွင် နာဂမိမ့်ုင်းပင် ရှိသည်။

မြေထဲမြို့ အင်းလယ်ရွာအနီး အနောက်တောင် စေတီတစ်ဆူ၏တောင်ဘက်အနီးတွင် ဆေးချည်ဝင်ပင် ရှိသည်။

ပြည်မြို့နယ် ဝါးရိုးပင်လယ်မြောက် တောင်ပေါ်မှ တက်၍ ဘန့်ဘွေးတောင်သို့ သွားသောလမ်း၌ (ယခင် နတ်တောင်ကြီးဟု ခေါ်သည်။)လမ်း၏အရှေ့ဘက်တွင် ကြက်မီးသွေးပင် ရှိသည်။

မြေထဲမြို့နယ် ဘွက်ကြီးချောင်းဖျား၊ တင်တောရွာ အရှေ့မြောက် တာ(၇၀၀)ခန့်လောက်တွင် တောင်ငယ်တစ်ခု ရှိသည်။

ထိုတောင်ငယ်၌ ငွေးခါးပင်နှင့် ကြောင်လျှာလက်တိုပင် ရှိသည်။

အလောင်းတော် ကဿပတောင်၌ စတုရဂ့်လီဆေးပင် ရှိသည်။

ရွှေစက်တော် သိကြားပုန်းနေရာသို့ မရောက်မီ တောင်ဘက်တောင်စောင်းတစ်နေရာ၌ သက်ရင်းကတိုးပင် ရှိသည်။

စက်တော်ရာအနီး ပတိမ်းငဖဲ တောင်တန်းတောင်ဘက်တွင် ဆေးဝိဇ္ဇာပင် ရှိသည်။

ငဖဲမြို့မြောက်ဘက် တာ(၉၀၀)အကွာတွင် တောင်ခြေတစ်ခုရှိပြီး ၎င်းတောင်ခြေ၌ ပိုးဝင်ဖြူပင် ရှိသည်။

တောင်တွင်းကြီး မြောက်ဘက် ကသစ်မြို့အရှေ့ တာ(၃၀၀၀)ခန့်တွင် ကျောက်မိုးကြီး ရှိလေသည်။

၎င်းကျောက်မိုးကြီး အရှေ့ဘက် တစ်ခေါ်ခန့် အကွာအဝေးရှိ တောင်ခါးပန်းတစ်ခု၏ချောက်ကမ်းပါးအနီးတွင် ဝက်ခေါက်ဆီပင်





ရှိသည်။

၎င်းနယ် လွှစင်ရွာအရှေ့ တယ်ပင်လင့် မြောက်ရိုးစောင်း အိုင်ငယ်တစ်ခုတွင် ဂမုန်းဖြူပင်ရှိသည်။

တောင်ငူအနောက် ဆွာအနီးတွင် ကန့်ချုပ်နက်၊ နန္ဒင်းနက်၊ ဂမုန်းနက်၊ တြိကဋ္ဌဝါး စသည်တို့ ရှိပေသည်။

၎င်းအနောက် ဆင်ခေါင်းရွာအနီး တောင်ကုန်းငယ်တစ်ခုတွင် ပိန်းချဉ်ပင် ရှိသည်။

ပေါင်းတည်မြို့အရှေ့၊ သရက်တော ခပေါက်ရွာအရှေ့ ထန်းပင်ကုန်းရွာအနီး ချောင်းငယ်တစ်ခုတွင် ပိန်းချဉ်ပင် ရှိသည်။

ရွှေစက်တော်အနောက် (၃)တိုင်ခန့်အကွာတွင် သဘော်ခါးပင် ရှိသည်။

မြေထဲရွာတောင်အရှေ့၊ မြို့လှအနောက်၊ ညောင်ပင်သာရွာ အရှေ့ဘက်အနီးတွင် ရွာဟောင်းတစ်ခု ရှိသည်။

၎င်းရွာဟောင်း၏မြောက်ဘက်တွင် ဗျူနားပင် ရှိသည်။

.. ဒသာ ဆေးပင်နေရာ မှတ်တမ်းများကို တွေ့ရလေသည်။

ထိုစာအုပ်ထဲမှာ ရေးမှတ်ထားသော သိုက်ဝင်ဆေးပင် မှတ်တမ်းများမှာ အစုံအလင် မဟုတ်သော်လည်း ဆေးပင်ရှာဖွေရန် ဝါသနာပါသူတို့အတွက် အထောက်အကူ ရစေရန် ထည့်သွင်းဖော်ပြလိုက်ခြင်းပင် ဖြစ်ပေသည်။





www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၃)

# ဆေးပေါင်းခသောညနှင့် ထူးဆန်းသော အသံရှင်

အချိန်မှာ (၁၉၃၁)ခုနှစ်၊ နိုဝင်ဘာလ(၂၃)ရက်၊ (၁၂၉၃)ခု တန်ဆောင်မုန်းလဆန်း(၁၄)ရက်၊ တနင်္လာနေ့ပင်ဖြစ်သည်။

နီမောင်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်မှာ စခန်းချနေသည့် ဂူကြီးအတွင်းမှာပင် ရှာဖွေစုဆောင်းရရှိထားသည့် ဆေးပင်ဆေးဥများကို စနစ်တကျ ခွဲကာ ထုတန်တာထု၊ ထောင်းတန်တာ ထောင်းနှင့် တစ်နေ့လုံး အလုပ်ရှုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် . . .

နောက်တစ်နေ့မှာ ဆေးပေါင်းခမည့် တန်ဆောင်မုန်း လပြည့်နေ့ည ရောက်တော့မည်မို့ ယခုကတည်းက ကြိုတင်စီစဉ်နေကြခြင်းဖြစ်၏။

ရှေးမြန်မာ ဆေးဆရာကြီးများမှာ ဆေးဝါးဖော်စပ်ရာမှာ နက္ခတ်အချိန်အခါ ရွေးပြီးမှ ဖော်စပ်လေ့ရှိကြသည်။

အထူးသဖြင့် အရေးကြီးသော ဆေးတော်ကြီးများကို ဖော်စပ်ရာမှာတော့ ဆေးပေါင်းခသည့် တန်ဆောင်မုန်းလပြည့် နေ့ညအချိန်မျိုးမှာ ပြုလုပ်လေ့ရှိကြသည်။

တန်ဆောင်မုန်းလတွင် ညအချိန်၌ ကြတ္တိကာ နက္ခတ်သည် ကျီးတာရာနှင့် စန်းယှဉ်၍ နေ့ဘက်တွင်မူ ဝိသာခါနက္ခတ်နှင့် နေတို့ယှဉ်လေသည်။

ကြတ္တိကာ နက္ခတ်ကို 'ဒဟနိ' အမည်ရှိသည့် မီးနတ်သားစောင့်သည်ဟု အယူရှိကြသောကြောင့် ဒဟနိ မီးနတ်အပါအဝင် နတ်ကြီး(၁၅)ပါးတို့အား ပဒေသရာဇ်ခေတ်တွင် ပူဇော်ပွဲများ ကျင်းပခဲ့ကြသည်။

မြေနန်းတော်ရှေ့တွင် မဏ္ဍပ်ကြီးများ ဆောက်စေလျက် ကြံ၊ ငှက်ပျော၊ အုန်း၊ စသည်တို့နှင့် ခင်းကျင်းပြီး ဗလိနတ်စာ ကျွေးခဲ့ကြသည့် အစဉ်အလာများ ရှိခဲ့သည်။ ကြတ္တိကာ နက္ခတ်ပူဇော်ပွဲများလည်း ခြိမ့်ခြိမ့်သဲ ကျင်းပပြုလုပ်ခဲ့ကြသည်။

ကြတ္တိကာနက္ခတ်ကို မြန်မာသာမက ကမ္ဘာကပါ စိတ်ဝင်စားသောနက္ခတ်ဖြစ်ပေသည်။





ဂရိတို့၏အယူအဆမှာ 'ဖလီးအေးဒိ' ဟု ခေါ်သော ကြတ္တိကာ ကြယ်နှစ်လုံးတို့သည် ကောင်းကင်ကို ထမ်းရွက်ထားရသော အက်တလက်(စ်)ဘီလူးကြီးနှင့် ရေနတ်သမီး ဖလီအိုနီးတို့၏သမီးတော် ခုနစ်ယောက်တို့ဖြစ်ကြောင်း ယုံကြည်ကြသည်။

ကြတ္တိကာနက္ခတ် (ဖျောက်ဆိပ်ကြယ်)စန်းယှဉ်သည့် တန်ဆောင်မုန်းလပြည့်နေ့ညသည် အခြားလများနှင့် မတူဘဲ လသည် ကမ္ဘာမြေနှင့် အနီးဆုံး ရောက်လာပြီး ဆွဲငင်အား အကောင်းဆုံးအချိန်ဖြစ်သောကြောင့် ထိုအချိန်မျိုး၌ ဆေးဝါးစီရင်သောအခါ ဆေးစွမ်းပိုထက်သည်ဟု အယူရှိခဲ့ကြခြင်းပင်ဖြစ်၏။

ထိုနေ့ လပြည့်နေ့ညအချိန်တွင် တောတောင်များအတွင်းမှာရှိသော ဂမုန်းပန်းများ အပါအဝင် အခြားဆေးဖက်ဝင် သစ်ပင်ပန်းပင်တို့ တပြိုင်နက်တည်း ပွင့်လန်းလာလေ့ရှိသည်။

ထိုသို့ ပွင့်လာသောကြောင့် သိဒ္ဓိရှိသော ရနံ့များသည်လည်း ပတ်ဝန်းကျင်ကို ပျံ့နှံ့စေသည်။

ပြဒါးများတို့သည်လည်း နေရာအနှံ့မှ ထွက်လာကာ ဝဲပျံသွားလာကြသည်။

(မြန်မာတို့၏အယူအဆမှာ တန်ဆောင်မုန်းလပြည့်နေ့ ညရောက်မှ ပွင့်လေ့ရှိသော မယ်ဇလီပန်းပွင့်နှင့် အဖူးတို့ကို ခူးဆွတ်ချက်ပြုတ်စားသောက်ပါက ဆေးပေါင်းခသောကြောင့် ဆေးဖက်ဝင်သည်ဟု အယူရှိကြသည်။

ရောဂါမှန်သမျှ ကင်းစင်ပျောက်သည်ဟုလည်း ယုံကြည်မှုရှိကြလေသည်။)



www.burmeseclassic.com

www.burmeseclassic.com



ယခု ဦးပန်ကောင်းသည်လည်း ၎င်းရှာဖွေစုဆောင်းထားသော ဂမုန်းအပါအဝင် ဆေးပင်များကို ကျောက်ပြားတစ်ချပ်ပေါ်မှာ ကျောက်လုံးတစ်ခုဖြင့် ကြိတ်နေရာ နီမောင်ကလည်း အနီးမှ လိုအပ်သည်များကို ဝိုင်း၍ အကူအညီပေးနေသည်။

"ဆေးပေါင်းခတဲ့ညမှာ စီရင်ထားတဲ့ ဆေးတော်ဆိုတာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်ပေးရတာဆိုတော့ အမှောင့်ပယောဂ မှန်သမျှကို နိုင်စေတယ်"

ဟု ပြောပြလေသည်။

ထိုသို့ပြုလုပ်နေစဉ်မှာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်စ ပြုလာချေပြီ။

တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့၌ ပေါ်ထွက်သော လရောင်သည် ပတ်ဝန်းကျင်ကို တစ်စွန်းတစ်စ အလင်းရောင်များသာ ပေးနိုင်လေသည်။

အဘယ်ကြောင့်ဆိုသော် တောထဲမှာ နှင်းများ ကျနေသောကြောင့်ဖြစ်သည်။

လရောင်က နှင်းများကို ဖောက်ထွင်း၍ ဆင်းလာရသောကြောင့် အလင်းရောင်ကို ပြည့်ပြည့်ဝဝ မပေးနိုင်ရှာဘဲ မှုန်ဝါးဝါးနှင့်သာ လင်းနေသည်။

အချို့နေရာများမှာတော့ သစ်ပင်ရိပ်များ အုပ်မိုးထားသောကြောင့် အမှောင်ထုများပင် ကျနေလေသည်။

ညဥ့်နက်ပိုင်းအချိန် ရောက်လာပြီမို့ အအေးဓါတ်က ပိုလာလေသည်။





နီမောင်တို့က ဂူပေါက်ဝမှာ မီးဖိုတစ်ဖို ဖိုထားပြီး ထင်းခြောက်တုံးများ ထည့်ထားသောကြောင့် မီးမပြတ်ပေ။ အလင်းရောင် ရသလို အနွေးဓါတ်ပါ ရနေသည်။

ထိုအချိန်မှာပင် နီမောင်မှာ အပေါ့အပါး သွားရန် ဂူအပြင်သို့ ထွက်လာလေသည်။

သူ ထွက်လာသောအချိန်မှာ လေနှင့်အတူ ပျံ့လွင့်ပါလာသော သီချင်းသံသဲ့သဲ့ကို ကြားရလေသည်။

"သဇင်တွေ သင်းပြန်ပေါ့ ××××× ငွေနှင်းကစိုစို ××× အလွမ်းတွေက ပိုပါတယ်၊ မေ့ရဲ့အပူ ဘယ်သူလာလို့ ကူပါ့မယ်၊ မျှော်လင့်ရင်းနဲ့ မျက်ရည်လည်. . . "

ကြားနေရသော သီချင်းသံက တိုးလာလိုက် ကျယ်သွားလိုက်နှင့်မို့ မသဲကွဲလှပေ။

နီမောင်က နေရာမှာ ရပ်၍ နားထောင်နေသည်။

သီချင်းဆိုနေသောအသံက မိန်းမတစ်ယောက်၏အသံပင်ဖြစ်၏။

သို့သော် တောနက်ထဲမှာ သာမန်လူတစ်ယောက်ကတော့ ယခုလိုအချိန်မျိုးမှာ သီချင်းဆိုနေမည် မဟုတ်ပေ။

နီမောင်မှာ တောအတွေ့အကြုံ ရှိသူတစ်ယောက်မို့ အခြေအနေကို သဘောပေါက်မိပေသည်။

ယခု ကြားနေရသော သီချင်းသံမှာ ပရလောကသားများမှ လှည့်စားလိုသဖြင့် အသံပေးခြင်း၊ သို့မဟုတ် ဂမုန်းသူယောင်မယ်တို့၏ အသံသာ ဖြစ်မည်ဟု တွက်ဆမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ရွာတစ်ရွာ၌ လသာသောညများတွင် လူမမြင်ရဘဲ သီချင်းသံများ ကြားနေရသောကြောင့် မည်သူမှ မနေဝံ့သဖြင့် ပစ်ထားရသော ခြံကြီးတစ်ခြံ ရှိလေသည်။

သီချင်းသံသာ ကြားနေရသော်လည်း တစေ့တစောင်း ချောင်းမြောင်းကြည့်ပြန်တော့လည်း လူရိပ်လူခြည် မမြင်ရပေ။

သို့ကြောင့် နာနာဘာဝ ပရလောကသားများ ဒါမှမဟုတ် ဥစ္စာစောင့်များ ခြောက်လှန့်သည်ဟု ထင်မှတ်ကာ မည်သူမှ မနေဝံ့ကြပေ။

တစ်နေ့သောအခါ ထိုအကြောင်းကို သတင်းကြားသဖြင့် ဆေးဆရာကြီးတစ်ယောက် ရောက်လာပြီး ထိုခြံကြီးထဲမှာ တစ်ယောက်တည်း သွားနေလေသည်။

နောက်ပိုင်း ထိုဆေးဆရာကြီး ပြန်သွားသောအခါ ထိုခြံကြီးအတွင်းမှ သီချင်းသံ မကြားရတော့ပေ။

ရွာသူရွာသားများကတော့ ထိုကဲ့သို့ သီချင်းသံ ပျောက်ကွယ်သွားသည်မှာ ဆေးဆရာကြီးက သူ၏ပညာစွမ်းဖြင့် မကောင်းဆိုးဝါးများအား နှင်ထုတ်လိုက်သောကြောင့်ဟု ထင်မြင်ယူဆကြလေသည်။

အဖြစ်မှန်ကတော့ ထိုကဲ့သို့ မဟုတ်ပေ။

ထိုခြံဝန်း၏တစ်နေရာ၌ ဂမုန်းကိန္နရာပင် (အချို့ကလည်း ဆေးကိန္နရာပင်ဟု ခေါ်ကြသည်) ရှိလေသည်။

ထိုဂမုန်းကိန္နရာပင်က လပြည့်ည ရောက်လာလျှင် လူတစ်ယောက် ကခုန်နေသကဲ့သို့ လှုပ်ရှားလာပြီး သီချင်းဆိုသံများလည်း ထွက်လာသောကြောင့်ပင် ဖြစ်၏။

ယခုလည်း တောနက်ထဲမှ ကြားနေရသော သီချင်းသံမှာ





သာမန်လူတစ်ယောက် သီဆိုနေသည်တော့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပေ။

ကျွတ် ဥစ္စာစောင့် ဂမုန်းသူယောင်ပင်တို့မှ သီဆိုနေသောအသံသာ ဖြစ်ရမည်ဟု မှတ်ချက်ချကာ ဂူတွင်းသို့ ပြန်ဝင်ခဲ့ကြလေသည်။

သို့သော် စိတ်မဖြောင့်နိုင်ဘဲ နားတစွင့်စွင့် ဖြစ်နေသေးသည်။

"နီမောင် မင်း အိပ်ချင်အိပ်တော့လေ၊ အတော်ညဉ့်နက်နေပြီ"

ဦးဗန်ကောင်းက ဆေးကြိတ်နေရင်းမှ လှမ်းပြောသည်။

"မအိပ်ချင်သေးပါဘူး အဘ"

ထိုသို့ပြောသော်လည်း သူ့စိတ်က အပြင်သို့ ရောက်နေသည်၊

သူကြားရသောအသံက အတော်ကလေး ဆွဲဆောင်မှု ရှိသည့်အသံမျိုးဖြစ်ပေသည်။

သို့ကြောင့် ထပ်ကြားရလေမလားဟု နားတစွင့်စွင့် ဖြစ်နေလေသည်။

"နီမောင်. . . ဖင်တကြွကြွနဲ့ ဘာဖြစ်နေတာလဲ"

ဦးဗန်ကောင်း နီမောင်အမူအယာကို သတိပြုမိသွားသဖြင့် လှမ်းမေးသည်။

"စောစောက အပေါ့အပါးသွားဖို့ အပြင်ထွက်သွားတော့ သီချင်းသံ ကြားမိလို့ပါ အဘ"

ဦးဗန်ကောင်းက ကွမ်းတံတွေးများကု တစ်နေရာမှာ သွားထွေးလိုက်သည်။

"တောထဲမှာ သီချင်းသံ ကြားရတာများ အဆန်းမဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းသူယောင်ပင်တွေ၊ ဆေးကိုန္တရာပင်တွေဆီက ဖြစ်မှာပေါ့”

“အခု ကြားရတဲ့အသံက လူတစ်ယောက် ဆိုနေတဲ့အသံ အတိုင်းပဲ အဘ”

“မင်းလည်း ငါနဲ့ တောထဲ သွားလာနေတာ ကြာလှပေါ့။ အခု ထိ ဒီအကြောင်းတွေကို နားမလည်သေးဘူးလား၊ တောရဲ့ပရိယာယ် ဆိုတာ အများကြီးရှိတယ်၊ ညဘက်တွေမှာ ငါမသိဘဲနဲ့ တစ်ယောက် တည်း အဝေးမသွားနဲ့နော်”

“စိတ်ချပါ အဘ”

“ကဲ. . . အိပ်တော့၊ နက်ဖြန် တန်ဆောင်မုန်းလပြည့်နေ့ညမှာ ဆေးစိမ်ရင်ဖို့ လုပ်စရာတွေ အများကြီး ရှိတယ်၊ စောစောထ. . . ကြား လား”

“ဟုတ်ကဲ့”

ဟု ပြောကာ မီးပုံအနီးမှာပင် ဝါးဆစ်ပိုင်း ခေါင်းအုံး၍ ဖျင် စောင်ပါးတစ်ထည် ခြုံကာ အိပ်လေတော့သည်။

နောက်တစ်နေ့ မနက်လင်းသည်အထိတော့ မည်သည့် အနှောင့်အယှက်မှ မတွေ့ရဘဲ ကောင်းမွန်စွာ အိပ်စက်ရလေသည်။

ဦးဗန်ကောင်းကတော့ တစ်ညလုံး မအိပ်ဘဲ ဆေးကြိတ်နေ ဟန်ရှိသည်။

နံက်စောစောအချိန်မှာပင် စားသောက်စရာများကို ချက်ပြုတ် ပြင်ဆင်ပြီး အချို့ကို နေ့လည်စာအတွက် ထည့်ယူသွားပြီး အချို့ကိုတော့ ညနေပြန်လာသည့်အခါ စားသောက်ရန်အတွက် ချန်ထားခဲ့လေသည်။

ထိုနေ့က တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်သောကြောင့် ည





ဘက်တွင် ဆေးကြိတ်ရန် ဂမုန်းပင်နှင့် ဆေးပင်များကို လိုက်လံရှာဖွေ ကြရာ မှောင်စပျိုးသောအချိန်ရောက်ကာမှ စခန်းချရာဂူသို့ ပြန်ရောက် ကြလေသည်။

ဂူတွင်းသို့ ပြန်ရောက်သောအခါ သူတို့ ချန်ထားခဲ့သော ထမင်းအပါအဝင် အစားအသောက်များမှာ မရှိတော့ပေ။

“အဘ. . . ကျွန်တော်တို့ ချန်ထားခဲ့တဲ့ ထမင်းနဲ့ဟင်းတွေ မရှိတော့ဘူးဗျ”

ဦးဗန်ကောင်းကတော့ ကွမ်းစားနေရလျှင် ထမင်းမစားရ လည်း အရေးမကြီးသူမို့ ဆေးပင်များကို လွယ်အိတ်အတွင်းမှ ဂရု တစိုက် ထုတ်ယူနေသည်။

“တောခွေးတွေ ဒါမှမဟုတ် တခြားတိရစ္ဆာန်တွေ ဝင်စားသွား တာ ဖြစ်မှာပေါ့ကွာ”

“မဖြစ်နိုင်ဘူး အဘရ၊ တိရစ္ဆာန်တွေ ဝင်စားရင် အိုးခွက် ပန်းကန်တွေ ဖရိုဖရဲ ဖြစ်ကျန်ခဲ့မှာပေါ့၊ အခု ထမင်းအိုး ဖွင့်စားပြီး အဖုံးတောင် ပြန်ပိတ်ထားခဲ့သေးတယ်”

ထိုစကားကြောင့် ဦးဗန်ကောင်းပင် အနည်းငယ် အံ့ဩသွား လေသည်။

“ဒီလိုဆိုရင်လည်း တောလိုက်တဲ့မုဆိုးတွေ ဒီဂူကို ရောက်လာ ပြီး ဆာလို့ ဝင်စားသွားတာ ဖြစ်မှာပေါ့ကွာ”

ထိုစကားမှာ ဖြစ်နိုင်ခြေ ရှိသောကြောင့် နီမောင်လည်း အခြား အစားအသောက်များကို ဝမ်းပြည့်အောင် စားသောက်ရလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက တန်ဆောင်မုန်းလပြည့်ညပင် ဖြစ်သည်။

(၁၂၉၃)ခု၊ တန်ဆောင်မုန်းလပြည့် (၁၉၃၁၊ နိုဝင်ဘာ (၂၄) ရက်)အင်္ဂါနေ့ညပင် ဖြစ်၏။

အရှေ့ဘက် တောင်တန်းများပေါ်မှ လရောင်ထွက်လာသည်နှင့် ဆေးကြိတ်ရန် စတင်လုပ်ကြလေသည်။

ဦးဗန်ကောင်းက ပရိတ်တရားတော်၊ ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ရင်း ဆေးကြိတ်သောအခါ နီမောင်က အနီးမှ လိုအပ်သမျှ လုပ်ပေးရသည်။

ညဦးပိုင်း လွန်လာသောအခါ အရှေ့ဘက် တောင်တန်းများ အပေါ်မှ လရောင်က မြင့်တက်လာပြီး အလင်းရောင် ပိုရလာသည်။

ထိုနေ့ညက ညဦးပိုင်း နှင်းမကျသေးသောကြောင့် အအေးဓါတ်ကလည်း လျော့နည်းနေသည်။

ညဦးပိုင်း အချိန်လွန်သောအခါ လူနှင့် မနီးမဝေးနေရာမှ သီဆိုလိုက်သော သီချင်းသံက ဂူအတွင်းသို့ ရောက်လာလေသည်။

"သဇင်တွေ သင်းပါပေ့၊ ငွေနှင်းကစိုစို၊ အလွမ်းတွေက ပိုပါတယ်၊ မေရဲ့အပူ ဘယ်သူလာလို့ ကူပါ့မယ်. . . မျှော်လင့်ရင်းနဲ့ မျက်ရည်လည်. . ."

သီချင်းစာသားက ထို့ထက်မက ပိုသော်လည်း နီမောင်က ထိုအစပိုဒ်ကိုသာ အမှတ်ရလေသည်။

ထိုသီချင်းသံကြားတော့ စိတ်က မဖြောင့်တော့ဘဲ ဖင်တကြွကြွနှင့် ဖြစ်နေသည်။

ဒီတစ်ကြိမ်တော့ ဦးဗန်ကောင်းကပါ သီချင်းသံကို ကြားမိဟန်





ရှိလေသည်။

"အင်း. . ထူးတော့ ထူးတယ်၊ အသံကတော့ လူတစ်ယောက်ဆိုနေတဲ့အတိုင်းပဲ၊ ဒါပေမယ့် ဒီလောက် တောနက်ထဲမှာတော့ သာမန်လူတစ်ယောက်က အေးအေးဆေးဆေး သီချင်းဆိုနေနိုင်မှာ မဟုတ်ပါဘူး၊ ကိုယ့်အလုပ်သာ ကိုယ်လုပ်ပါကွာ၊ ဒီမဟုတ်တဲ့အကြောင်းတွေ ခေါင်းထဲ မထားပါနဲ့"

ဟု ပြောသဖြင့် နီမောင်လည်း ဘာမှ မပြောသာတော့ပေ၊ သူ့စိတ်ကတော့ သီချင်းသံ ကြားနေရာသို့ ရောက်နေလေသည်။

ထိုနေ့ညက အနှောင့်အယှက် ကင်းစွာဖြင့် ဆေးကြိတ်ခြင်းကိစ္စ ပြီးစီးအောင်မြင်လေသည်။

ဝင်းတို့ လာရင်းကိစ္စ ပြီးမြောက်အောင်မြင်ပြီမို့ သူတို့ တည်းခိုနေသော နမ်းမားရွာမှ ဦးစိုင်းလုံထံသို့ ပြန်ရန် ပြင်ဆင်လေသည်။

ထိုသို့ ပြင်ဆင်ပြီး ဂူအတွင်းမှ ပြန်ထွက်လာစဉ် မလှမ်းမကမ်း တောစပ်တစ်နေရာမှ သူတို့ရှိရာသို့ လှမ်းကြည့်နေသည့် အမျိုးသမီး တစ်ယောက်ကို လှမ်းမြင်ရသည်။

"အဘ ဟိုမှာ"

အမျိုးသမီးမှာ အသက်(၂၀)ကျော်အရွယ်ခန့်သာ ရှိသေးပြီး ရုပ်ရည်သနားကမား ရှိသည်။

သူမ ဝတ်ဆင်ထားသော အဝတ်အစားများမှာ စုတ်ပြဲလျက် ရှိနေပြီး အနက်ရောင်အဆင်းပင် မပေါ်တော့ပေ။

ဆံပင်များကလည်း ဖွာရာလျက် မျက်နှာပေါ်အထိ ကျနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘပြောတဲ့ သူယောင်မယ်များ ဖြစ်နေမလား"

"ဘယ်က သူယောင်မယ်ရမှာလဲ၊ အဲဒါ လူအစစ်ပဲဟ"

"ဘယ်လိုလုပ်မလဲ. . . သူ့ကြည့်ရတာ သိပ်ပြီးမှုမှန်ပုံမရဘူး"

"မင်းအသာနေ. . . ငါ အခြေအနေ ကြည့်လိုက်ဦးမယ်၊ ဟေ့. . . ကလေးမ၊ အဘတို့က နမ်းမားရွာကပါ၊ မင်းက ဘယ်သူလဲ"

ထိုသို့ လှမ်းမေးသော်လည်း ဘာမှ ပြန်မပြောဘဲ မျက်လုံးအကြောင်သားနှင့် လှမ်းကြည့်နေသည်။

"မင်းမှာ အဖော်မပါဘူးလား၊ ဘယ်လိုဖြစ်ပြီး ဒီတောထဲ တစ်ယောက်တည်း ရောက်နေတာလဲ၊ အကူအညီလိုရင် အဘတို့က ပေးပါ့မယ်"

ထိုသို့ပြောသည့်တိုင် အမျိုးသမီးထံမှ ဘာမှ တုန့်ပြန်မှု မရပေ။

"နားမကြားတာလား စကားမပြောတတ်တာလား၊ ဒါမှမဟုတ် ဗမာစကား နားမလည်လို့လား. . . တစ်ခုခုပဲ"

နီမောင်က တိုးတိုးပြောသည်။

"နီမောင်. . . မှင်း သူ့အနား တိုးသွားကြည့်စမ်း"

ဟု ပြောသဖြင့် နီမောင်က အထုပ်အပိုးများ ချထားခဲ့ပြီး အမျိုးသမီး ရှိရာသို့ တိုးသွားသည်။

ထိုသို့ တိုးလာသည်ကို မြင်သောအခါ ပထမ ကြောင်၍ကြည့်နေသည်။

နောက်တော့ စိုးရိမ်ထိတ်လန့်သော အမူအယာ ပေါ်လာပြီး တောတွင်း ဝင်ပြေးလေတော့သည်။

နီမောင်က နောက်မှ လိုက်သွားရန် ပြင်တော့ ဦးဗန်ကောင်းက





လှမ်းတားသည်။

"လိုက်မသွားနဲ့ နီမောင်၊ မင်းလိုက်သွားရင် သူ့ကို ရန်မူမယ်ထင်ပြီး အဝေးကြီး ရောက်သွားလိမ့်မယ်"

သို့ကြောင့် နီမောင်က ပြန်လှည့်လာသည်။

"သူ့ကြည့်ရတာ သာမန်တော့ ဟုတ်ပုံမရဘူး၊ တစ်ခုခု ဖြစ်နေတဲ့ပုံပဲ"

"ဒီတော့ ဘယ်လိုလုပ်မလဲ အဘ၊ သူ့ကြည့်ရတာ သနားစရာပဲ"

ဦးဗန်ကောင်းက အတန်ကြာအောင် စဉ်းစားနေသည်။

ပြီးမှ နီမောင်ကို ပြုလုပ်ရမည့် အစီအစဉ်များ ပြောပြလေရာ နီမောင်ကလည်း သဘောတူလေသည်။

သို့ကြောင့် နမ်းမားရွာသို့ ပြန်မည့်အစီအစဉ်ကို ဖျက်၍ အထုပ်အပိုးများကို သယ်ကာ ဂူအတွင်းသို့ တကျော့ပြန်ဝင်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

# ဘဝမလှခဲ့သော နန်းရွှေရည်

နီမောင်နှင့် ဦးဇန်ကောင်းတို့သည် ဂူအတွင်း၌ ထမင်းဟင်းများ ချက်ပြုတ်ပြီး အိုးများဖြင့် ဒီအတိုင်း ထားခဲ့ကာ အပြင်သို့ ထွက်သွားကြ လေသည်။

ပလိုင်းများ လွယ်ကာ ဆေးမြစ်ဆေးဥ ရှာရန် ထွက်သွားသည့် ဟန်မျိုးဖြင့် ထွက်သွားကာ အတော်ဝေးဝေးရောက်မှ ဂူရှိရာသို့ တကျော့ပြန်လာပြီး တစ်နေရာမှ ချောင်းမြောင်းကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်း တစ်ချိန်လုံးမှာတော့ ထူးခြားမှု မတွေ့ရပေ။

သို့သော်လည်း ဖွဲ့ကောင်းကောင်းနှင့် ဆက်၍စောင့်ကြရာ နေ့လည်ပိုင်းအချိန် ရောက်သောအခါ ထူးခြားစွာ တွေ့ကြရသည်။

အခြားမဟုတ်ပေ။

မနက်ပိုင်းက တွေ့လိုက်ရသည့် အမျိုးသမီးပင် ဖြစ်လေသည်။

တောစပ်မှာ ရပ်ပြီး စိတ်မချသော အမူအယာဖြင့် ပတ်ဝန်းကျင်ကို ကြည့်နေသည်။

အတန်ကြာတော့မှ ဂူရှိရာသို့ သွားကာ အတွင်းသို့ ဝင်သွားလေသည်။

နီမောင်တို့လည်း အတန်ကြာအောင် အခြေအနေ စောင့်ကြည့်ကြရာ ပြန်မထွက်လာတော့မှ ဂူပေါက်ရှိရာသို့ သွားကြလေသည်။

ဂူပေါက်ဝ ရောက်၍ အတွင်းသို့ လှမ်းကြည့်လိုက်သောအခါ အပေါက်ဝဘက်ကို ကျောခိုင်းပြီး ချက်ထားသော ထမင်းဟင်းများကို စားသောက်နေသည့် အမျိုးသမီးကို မြင်ရလေသည်။

နီမောင်စိတ်ထဲမှာ ထင်ထားသည်က နီမောင်တို့ ဝင်သွားလျှင် ကြောက်လန့်တကြားနှင့် ပြေးထွက်လာလိမ့်မည်ဟု ထင်ထားသော်လည်း တလွဲစီ ဖြစ်နေသည်။

သူတို့ ဝင်လာမှန်း သိသောအခါ တစ်ချက်လှည့်ကြည့်သည်။

ထို့နောက် ...စ်ဖက်သို့ မျက်နှာပြန်လွှဲသွားပြီး ထမပြေးဘဲ မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုနေလေတော့ သည်။

ဒီတော့မှ အနီးသို့ ကပ်သွားပြီး ဖျောင်းဖျပြောဆိုရလေသည်။

"ကျွန်တော်တို့က ခင်ဗျားကို အန္တရာယ်ပေးမယ့်သူတွေ မဟုတ်ပါဘူး၊ ဖြစ်နိုင်ရင် ခင်ဗျားရဲ့ဒုက္ခတွေကို ပြောပြပေးပါ၊ ကူညီနိုင်ရင် ကူညီပေးပါ့မယ်"





ထိုသို့ ပြောသည်အထိ စကားပြန်မရဘဲ ငိုမြဲ ဆက်ငိုနေသည်။

"ကျွန်တော်ပြောတဲ့ ဗမာစကားကိုတော့ ခင်ဗျားနားလည်တယ် မဟုတ်လား"

ထိုသို့ မေးသောအခါ ခေါင်းညိတ်ပြသဖြင့် အားရှိသွားပြီး ဆက်ပြောသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"နန်း. . . နန်းရွှေရည်. . . ပါ"

ထိုအခါမှ အသံထွက်လာသည်။

"ခင်ဗျားကြည့်ရတာ တစ်ခုခု ဖြစ်နေပုံပဲ၊ အခု သတိကောင်းကောင်း ရနေပြီ မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ကျွန်တော်တို့ကို မကြောက်ပါနဲ့၊ ခင်ဗျားမှာ အန္တရာယ်တွေ ရှိနေတယ်ဆိုရင်လည်း အကူအညီ ပေးပါ့မယ်၊ ကျွန်တော်တို့ ဆေးဆရာတွေပါ"

ထိုသို့ ပြောလိုက်သောအခါ မိန်းကလေးမှာ တွန့်ကနဲဖြစ်သွားပြီး အသံတိတ်သွားပြန်သည်။

"ဘာဖြစ်လို့လဲဟင်"

"ဆေးဆရာဆိုရင်. . ကြောက်. . ကြောက်လွန်းလို့ပါ"

"ဘာဖြစ်လို့ ကြောက်တာလဲဟင်"

"ကျွန်မ ဒီဘဝရောက်နေတာ ဆေးဆရာလက်ချက်ပါပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ချမ်းသာပေးကြပါရှင့် . . . ချမ်းသာပေးကြပါ”

ထိုသို့ပြောကာ ငိုနေပြန်သည်။

ဦးဗန်ကောင်းက သူမအခြေအနေကို မြင်သောအခါ သဘော ပေါက်သွားပြီး ဝင်ပြောပြသည်။

“ကျုပ်တို့က ဆေးဆရာဆိုပေမယ့် လူတွေကို ဒုက္ခပေးမယ့် အောက်လမ်း ဆေးဆရာမျိုးတွေ မဟုတ်ပါဘူး၊ လူတွေရဲ့ရောဂါတွေကို ပျောက်ကင်းအောင် ကုသပေးတဲ့ ဆေးဆရာတွေပါ မိန်းကလေး . . . မကြောက်ပါနဲ့”

ဟု ပြောမှ အငိုတိတ်သွားပြီး သူတို့ရှိရာဘက်ကို တဖြည်းဖြည်း နှင့် လှည့်လာသည်။

ထိုအခါမှ သူမ မျက်နှာကို ကောင်းစွာမြင်ရသည်။

သူမသည် ရှမ်းသွေးပါသူတစ်ဦးဖြစ်ပြီး ရုပ်ရည်က ချောမော သူ ဖြစ်သော်လည်း တောထဲသို့ မည်သည့်အချိန်က ရောက်နေမှန်း မသိဘဲ ဖြစ်သလိုနေ ဖြစ်သလို စားနေသောကြောင့် တစ်ကိုယ်လုံး ညစ်ပတ်ပေရေလျက်ရှိနေသည်။

ဝတ်ဆင်ထားသော အဝတ်အစားများမှာလည်း အစိတ်စိတ် အမြွာမြွာ ကွဲထွက်နေသောကြောင့် အရှက်လုံရုံသာ ရှိတော့သည်။

“ကျုပ်တို့နှစ်ယောက်ကို မကြောက်ပါနဲ့၊ ကျုပ်တို့နှစ်ယောက် စလုံးက ဗမာလူမျိုးတွေပါ၊ နမ်းမားရွာက ဦးစိုင်းလုံတို့ဆီမှာ တည်းပြီး ဆေးဖော်ဖို့ ဆေးမြစ်ဆေးဥ လာရှာကြတာပါ၊ မင်းမှာ ရောဂါဝေဒနာ ရှိနေတယ်ဆိုရင်လည်း ကုသပေးနိုင်ပါတယ်”

“ဪ . . . ကျွန်မက ဆေးဆရာတစ်ယောက်ရဲ့ အပြုစားခံထား





ရတဲ့သူပါ၊ ဒါကြောင့် တစ်ခါတစ်ခါ ပင်ကိုယ်စိတ်ပျောက်ပြီး သွားမိ သွားရာ သွားရင်းကနေ ဒီတောထဲ ရောက်နေတာပါ၊ သတိရတဲ့အချိန် ကျပြန်တော့လည်း ဘယ်လိုမှ မပြန်တတ်တော့လို့ ဒီလိုဒုက္ခတွေ ခံနေရ တာပါ၊ အဘတို့ အစ်ကိုတို့နဲ့ အခုလို တွေ့ရတာ ကျွန်မအဖို့ ကံကောင်း တာပဲ”

ဟု ပြောကာ ငိုနေပြန်သည်။

ထိုအခါမှ နီမောင်တို့လည်း နန်းရွှေရည်ဆိုသောအမျိုးသမီး၏ ဒုက္ခကို သိတန်သရွေ့ သိကြရလေတော့သည်။

“ကဲ . . . ကဲ . . . အခုမှတော့ ဘာမှ စိတ်မပူနဲ့တော့၊ မင်း အကြောင်းတွေကို ပြောပြရင် အဘက ဆေးလည်း ကုပေးမယ်၊ မင်း မိဘတွေ ရှိတဲ့နေရာကိုလည်း ရောက်အောင် လိုက်ပို့ပေးပါ့မယ်လို့ ကတိပေးပါတယ်”

ထိုစကားကြားသောအခါမှ ဝမ်းသာအားရနှင့် မော့ကြည့်လေ သည်။

ထို့နောက်မှာတော့ နန်းရွှေရည်ကို စမ်းချောင်းထဲမှာ ရေချိုးစေ ပြီး ပြန်တက်လာသောအခါ နီမောင်က အင်္ကျီနှင့် ပုဆိုးတစ်ထည်ပေး လိုက်ရာ လဲဝတ်လေသည်။

ထို့နောက် ဦးဗန်ကောင်းက ကျောက်သွေးဖြင့် ဖော်စပ်ထား သော သည်းခြေဆေးနှင့် အထက်ဝိဇ္ဇာများ စောင့်ရှောက်သော နတ် ဆေးတစ်ခွက်ကို တိုက်လိုက်ရာ နန်းရွှေရည်မှာ တည်တည်ငြိမ်ငြိမ် ဖြစ်လာလေတော့သည်။ -

ထမင်းဟင်းများကို ဝအောင် စားရသည်ကတစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းထက်သောဆေးများကို သောက်ရသည်က တစ်ကြောင်းကြောင့် ပုံမှန်အနေအထားမျိုး ပြန်ရောက်လာသည်။

"ကျွန်တော့်နာမည်က နီမောင်လို့ ခေါ်ပါတယ်၊ ဆရာကြီး နာမည်ကတော့ ဦးပန်ကောင်းပါ"

နီမောင်က သူတို့အမည်များနှင့် မိတ်ဆက်ပေးသောအခါ တစ်ယောက်ချင်းကြည့်ပြီး ပြုံးပြလေသည်။

ခင်ဗျားနာမည်က နန်းရွှေရည်ဆိုတာရော အမှန်ပဲလား"

"အမှန်ပါပဲရှင်"

"အခုရော အခြေအနေက ဘယ်လိုရှိသေးလဲ"

"ကျွန်မက အမြဲတမ်း ဖြစ်နေတာ မဟုတ်ပါဘူးရှင်၊ တစ်ခါတစ်ခါ သူတို့ နှောင့်ယှက်လို့ မူလစိတ် ပျောက်သွားရင်သာ အားလုံးက မသိတော့တာပါ၊ ကျန်တဲ့အချိန်တွေမှာတော့ အားလုံးကို သတိရပါတယ်"

"ဒီလိုဆိုရင်လည်း ခင်ဗျားရဲ့အကြောင်းကို ပြောပြပါလား"

"ကျွန်မနာမည်က နန်းရွှေရည်ပါ၊ ကျွန်မမိဘတွေက ရှမ်းပြည်နယ်တောင်ပိုင်း လွယ်ခမ်းမြို့စားကြီး ဦးနန်းလုံ ဒေါ်သူဇာတို့ရဲ့သမီးပါပဲရှင်"

ထိုစကားကြားသောအခါ နီမောင်တို့နှစ်ယောက်စလုံး အံ့သြသွားကြလေသည်။

"ရှမ်းပြည်နယ် တောင်ပိုင်းနဲ့ မြောက်ပိုင်းဆိုတာ အဝေးကြီးပဲ၊ မြို့စားကြီးရဲ့သမီးတော်က ဘယ်ပုံဘယ်နည်း ဒီတောထဲမှာ အခုလိုဘဝနဲ့ ရောက်နေရတယ်ဆိုတာ ပြောပြပါဦး"





ဟု မေးသဖြင့် နန်းရွှေရည်က အောက်ပါအဖြစ်အပျက်အချို့ကို ပြောပြလေသည်။

လွယ်ခမ်းမြို့စားကြီး ဦးနန်းလုံမှာ ရိုးသားသူတစ်ယောက်ဖြစ်ပြီး တစ်ဖက်သားကိုလည်း ယုံကြည်လွယ်သူ ဖြစ်လေသည်။

နန်းရွှေရည် အရွယ်ရလာသောအခါ ဦးနန်းလုံ၏တူတော်သူ စောအုံဖနှင့် ထိမ်းမြားလက်ထပ်ပေးရန် ပြောဆိုတိုင်ပင်ထားလေသည်။

ထိုကိစ္စကို နန်းရွှေရည်က နှစ်သက်မှု မရှိသော်လည်း အချိန်ကာလ လိုသေးသောကြောင့် ဘာမှ မပြောသေးဘဲ နေလေသည်။

စောအုံဖကတော့ နန်းရွှေရည်၏မေတ္တာကို ရရှိရန် ဖွဲ့ကောင်းကောင်းနှင့် ကြိုးစားလေသည်။

တစ်နေ့သောအခါ မြို့စားကြီး နာမကျန်းဖြစ်သောကြောင့် အရှေ့ပိုင်း တောင်မြင့်ပေါ်မှာ အမိဌာန်ဝင်နေသော ဆေးဆရာကြီးတစ်ဦးကို သွားရောက်ပင့်ခေါ်ကာ ကုသစေသည်။

ဆေးဆရာကြီးဟု ခေါ်သော်လည်း အသက်(၃၅)နှစ်အရွယ်ခန့်သာ ရှိသေးပြီး ရုပ်ရည်က ကြမ်းတမ်းခက်ထန်သူဖြစ်သည်။

မျက်နှာပေါ်မှာ ကျောက်ပေါက်မာ အရွတ်များနှင့် နှုတ်ခမ်းမွေးများ ရှိသောကြောင့် ရုပ်ရည်က ပိုမိုကြမ်းသယောင် ရှိလေသည်။

၎င်း၏နာမည်မှာ စိုင်းကျော်ဇေယျဖြစ်သည်။

သို့သော်လည်း အများကတော့ ဆရာကြီး စိုင်းကျော်ဇေယျဟုသာ ခေါ်ကြသည်။

စိုင်းကျော်ဇေယျသည် အောက်လမ်းပညာများ မှော်ပညာပဋ္ဌလက် အတတ်ပညာများ တတ်ကျွမ်းသည့်အပြင် ပြုစားသော



www.burmeseclassic.com

www.burmeseclassic.com



အတတ်များပါ တတ်ကျွမ်းသူဖြစ်လေသည်။

သူသည် ဟော်နန်းသို့ ရောက်သောအခါ မြို့စားကြီး ယုံ လောက်အောင် ပညာစွမ်း အမျိုးမျိုး ပြကာ အယုံသွင်းထားလေသည်။

နောက်ဆုံးတော့ စိုင်းကျော်ဖေယျမှာ နန်းရွှေရည်၏အလှကို သဘောကျသွားပြီး ရရှိရန် နည်းအမျိုးမျိုးနှင့် ကြံစည်လေတော့သည်။

နန်းရွှေရည်ကလည်း ဆေးဆရာ၏အကြံအစည်ကို ရိပ်မိသော ကြောင့် ၎င်းညွှတ်ကွင်းထဲသို့ မဝင်မိအောင် ရှောင်နေလေသည်။

တစ်နေ့တော့ မလွှဲမရှောင်သာ ခန်းမဆောင်ထဲမှာ နှစ် ယောက်ချင်း တွေ့ကြရသည်။

"မင်း ငါ့ကို ဘာဖြစ်လို့ ရှောင်ပြေးနေတာလဲ"

စိုင်းကျော်ဖေယျက ရဲတင်းစွာပင် မေးသည်။

"ကျွန်မက ရှင်နဲ့ တွေ့စရာ ဘာအကြောင်းရှိလို့ တွေ့ရမှာလဲ"

နန်းရွှေရည်ကလည်း မာနကြီးသူမို့ လေသံမာမာနှင့်ပင် ပြန် ပြောလေသည်။

"မင်းက မာနအတော်ကြီးပါလား၊ ငါကလည်း ဒီလိုမိန်းက လေးမျိုးမှ ပိုပြီးသဘောကျတယ်၊ ဒီတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောရ တော့မှာပဲ၊ ငါ မင်းကို မြင်မြင်ချင်း သဘောကျနေတယ်၊ ဒီတော့ ငါ့ မေတ္တာကို လက်ခံပေးပါ"

ဟု ဖွင့်ပြောလေသည်။

ထိုစကားကြားသောအခါ မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မ ရှင့်မေတ္တာကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ပါဘူး၊ ကျွန်မမှာ အဖေအမေ သဘောကျပြီး စေ့စပ်ထားတဲ့သူလည်း ရှိပါ





တယ်"

"ဘာပဲဖြစ်ဖြစ်လေ. . . အခုတလောတော့ မင်းဟာ လွတ် လပ်သူ တစ်ယောက်ဘဝပဲ ရှိပါသေးတယ်၊ ဒီတော့ ငါ့မေတ္တာကိုသာ လက်ခံပေးပါ"

"အို. . . လက်မခံနိုင်ပါဘူး၊ ရှင့်လိုလူမျိုးကိုလည်း ဘယ်နည်းနဲ့ မှ မချစ်နိုင်ပါဘူး"

"ငါက လိုချင်ရင် ရမှ ကျေနပ်တယ်၊ မင်းလက်မခံလည်း မရရ အောင် ယူရမှာပဲ"

"ရှင် ဒီလို ဖွတ်တိုးလာရင် အဖေကို တိုင်ပြောရလိမ့်မယ်၊ ဒီ အကြောင်းကိုသာ သိသွားရင် အဖေက ရှင့်ကို သတ်ပစ်မှာ အသေ အချာပဲ"

ထိုစကားကြားသောအခါ စိုင်းကျော်ဖေယျက သဘောကျစွာ ဖြင့် ရယ်လိုက်လေသည်။

"ငါက ဒီအခြေအနေကို သိလို့ အစောကြီးကတည်းက ကြို တင် ပြင်ဆင်ထားပြီးသားပဲ၊ မင်းအဖေကို ဆေးကုပေးရင်းနဲ့ ပြုစားလို့ ရတဲ့ ဆေးနဲ့ အစားအစာတွေ သူ့ရဲ့ဝမ်းဗိုက်ထဲ ရောက်အောင် လုပ် ထားပြီးပြီ၊ ငါ့ရဲ့လက်စွဲတော် အင်းဘီလူးကိုလည်း ထည့်ထားခဲ့ပြီးပြီ၊ သူက ငါ့ကို တစ်ခုခု လုပ်မယ် ကြံတာနဲ့ အဲဒီ အင်းဘီလူး လက်ချက်နဲ့ ချက်ချင်းသေမှာပဲ"

ဟု ပြောရာ နန်းရွှေရည်မှာ ဖခင်အတွက် စိုးရိမ်စိတ် ဝင် သွားလေသည်။

"ဒါကြောင့် ဒီအကြောင်းတွေကို နင့်အဖေကို တိုင်မှာထက်



www.burmeseclassic.com

www.burmeseclassic.com



ငါ့မေတ္တာကို လက်ခံဖို့သာ စဉ်းစားပေးပါ၊ ငါ့မေတ္တာကို လက်မခံရင် နင့်အဖေကို ရှုံးအောင် အရင်လုပ်ပြမယ်၊ ပြီးမှ သတ်ပစ်မယ်၊ နင့်အဖေ အသက် မနှမြောရင်တော့ နင် ထင်သလို လုပ်ပေတော့"

ဟု ပြောရာ နန်းရွှေရည်မှာ အခက်တွေ့သွားလေတော့သည်။

သူ့အနေနှင့် စိုင်းကျော်ဇေယျကို လူယုတ်မာတစ်ယောက်မှန်း သိသော်လည်း များစွာနောက်ကျသွားခဲ့ပေပြီ။

သူပြောသည့်အတိုင်း သူ့မေတ္တာကို လက်ခံရန်ကိစ္စကိုတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်မှန်း စိတ်ထဲမှ ဆုံးဖြတ်ထားလေသည်။

ထို့ကြောင့် နောက်ပိုင်းမှာ စိုင်းကျော်ဇေယျ၏အကြံအစည်ကို မည်သူ့ကိုမှ မပြောဝံ့အောင် မျိုသိပ်ထားရသည်။

နောက်ဆုံးကိစ္စကို မိခင်ကြီးကိုပင် အသိမပေးဝံ့ပေ။

မိခင်ကြီး သိသွားလျှင် တစ်စတစ်စ ပူနွံ့သွားပြီး ဖခင် အသက် အန္တရာယ်ဖြစ်မှာစိုးသောကြောင့်ပင်။

ထိုရက်များအတွင်းမှာ နန်းရွှေရည်မှာ စိုင်းကျော်ဇေယျနှင့် မတွေ့အောင် ရှောင်နေလေသည်။

တွေ့ပြန်လျှင်လည်း စိုင်းကျော်ဇေယျက ထိုအကြောင်းကိုသာ ပြောနေတတ်သည်။

တစ်နေ့သောအခါ စိုင်းကျော်ဇေယျက ရာဇသံ ပေးသည်။

"ဒီကနေ့ကစပြီး ခုနစ်ရက်ပြည့်တဲ့နေ့မှာ ငါ့မေတ္တာကို လက်ခံပြီး ငါနဲ့ လက်ထပ်ရမယ်၊ ဒီလိုမှ လက်မခံရင် နင့်မျက်စိရှေ့မှာတင် နင့်အဖေကို သတ်ပစ်မယ်"

ဟု ကြိမ်းဝါးလေသည်။





သို့ကြောင့် နန်းရွှေရည်မှာ ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်သွားလေတော့သည်။

သူမအနေနှင့် ကယ်မည့်သူ မရှိသောဘဝသို့ ရောက်နေပြီမို့ ဖြစ်လိုရာ ဖြစ်စေတော့ မိမိသာ အနစ်နာခံပြီး စိုင်းကျော်ဇေယျ ပြောသည့်အတိုင်း ပြုလုပ်လိုက်မည်ဟု စိတ်ကူးမိသေးသည်။

သို့သော် ထိုအရာကား မဖြစ်နိုင်ပေ။

သူမနှင့် စေ့စပ်ကြောင်းလမ်းထားသော စောအုံဖဘက်မှ မိဘ ဆွေမျိုးများက ထိုအကြောင်းကို သိသွားပါက တစ်သက်လုံး အငြိုးထားကာ အရှက်ရပေတော့သည်။

နောက်ဆုံးမှာတော့ ဟော်နန်းမှာ မိမိမရှိလျှင် ထိုကိစ္စများ အေးမည်ဟု ယူဆကာ တိတ်တဆိတ် ထွက်ပြေးလေတော့သည်။

ထွက်ပြေးစဉ်က မည်သည့်နေရာသို့ ပြေးမည်ဟု ဦးတည်ချက် မရှိဘဲ ဝေးနိုင်သမျှ ဝေးအောင် ပြေးရင်းမှ ရှမ်းပြည်နယ်တောင်ပိုင်း နယ်စပ်တောတွင်းသို့ ရောက်သွားလေသည်။

ထိုတောတွင်းရောက်သည်အထိ စိုင်းကျော်ဇေယျဘက်မှ မလွှတ်ခဲ့ပေ။

သူကိုယ်တိုင် မရောက်တော့သော်လည်း သူစေလွှတ်လိုက်သော မိစ္ဆာတစ္ဆေများက သွားရာနောက်သို့ တကောက်ကောက် လိုက်လံနှောင့်ယှက်ကြသည်။

ခြောက်လှန့်ကြလေသည်။

နန်းရွှေရည်မှာ သတ္တိနည်းသူတစ်ယောက် မဟုတ်စေကာမူ ထိုကဲ့သို့ လိုက်လံခြောက်လှန့်သောအခါ များစွာကြောက်ရွံ့တုန်လှုပ်မှု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

တောနက်အတွင်းမှာ တစ်ယောက်တည်း ရှိနေသည်က တစ်ကြောင်း၊ သရဲတစ္ဆေများ၏ခြောက်လှန့်မှုကို ခံနေရသည်က တစ်ကြောင်းကြောင့် နှလုံးသွေးပျက်ကာ တစ်ခါတစ်ရံ အရူးတစ်ယောက်ပမာ သွားလာလှုပ်ရှားနေရလေသည်။

သို့သော်လည်း သူမအံ့နေနှင့် ကံကောင်းသည်ဟု ဆိုရပေမည်။

သားရဲတိရစ္ဆာန်များဘေးမှ လွတ်ကင်းနေသောကြောင့် ဖြစ်သည်။

"ကျွန်မလည်း ပြေးမိပြေးရာ ပြေးရင်း ဒီဘက်ရောက်လာတာပါ၊ တစ္ဆေသရဲတွေ ခြောက်လှန့်ရင် အသိစိတ်တွေ ပျောက်သွားတတ်တယ်၊

ကျန်တဲ့အချိန်တွေမှာတော့ အားလုံးမှတ်မိပါတယ်၊ အဲဒီလို သတိပြန်ရတဲ့အချိန်မှာ တွေ့သမျှ အစားအသောက်တွေကို ဝင်ပြီး စားသောက်မိရင်းက တွေ့ရတာပါပဲရှင်"

ဟု သူမဘဝကို ပြောပြလေသည်။

နီမောင်တို့လည်း နန်းရွှေရည်၏ဘဝအကြောင်းကို သိကြရသောအခါ များစွာစိတ်မကောင်းဖြစ်ကြရလေသည်။





## အခန်း(၅)

# ပရမာယာ ဝင်ပြီ

ထိုနေ့ညက နှင်းမကျဘဲ ရာသီဥတုက သာယာနေသည်။

တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့ည လရောင်က ကြည်ကြည်လင်လင်နှင့်ပင် ရှိနေလေသည်။

ညဦးပိုင်းအချိန်တွင် ဦးပန်ကောင်းက ကြိတ်ထားပြီးသော ဆေးတော်ကို သိဒ္ဓိတင်နေစဉ် နီမောင်နှင့် နန်းရွှေရည်တို့က ဂူပေါက်နှင့် မနီးမဝေးမှာ ရှိနေသော ကျောက်တုံးပေါ်မှာ ထိုင်ကာ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။

နန်းရွှေရည်မှာ ရေချိုးပြီး အစာအာဟာရ ကောင်းစွာ စားသောက်ရသည်ကတစ်ကြောင်း၊ တောထဲမှာ တစ်ယောက်တည်း အားကိုးရာမဲ့နေရသော ဘဝမျိုးမှ နီမောင်တို့နှင့် တွေ့ကာ အားကိုးရာ ရခဲ့သည်ကတစ်ကြောင်းကြောင့် အနည်းငယ် ကြည်လင်လန်းဆန်းလာသည်။

ဦးဗန်ကောင်က ဆေးတိုက်ပေးထားသောကြောင့် ခံစားနေရသောရောဂါနှင့် အနှောင့်အယှက်တို့မှလည်း သက်သာခွင့် ရနေဟန်ရှိသည်။

"အစ်ကို့ကို မေးပါရစေ"

"မေးလေ"

"ဟို. . . ကျွန်မကို တကယ်ပြန်ပို့မှာလားဟင်"

"နန်းရွှေရည်ကို တကယ်ပြန်ပို့ပေးမှာပါ. . . စိတ်မပူပါနဲ့"

"အဖေနဲ့အမေတော့ ကျွန်မပြန်ရောက်သွားရင် ဝမ်းသာကြမှာပဲ၊ ဒါပေမယ့် ဟိုဆရာ ရှိနေသေးရင်တော့ အခက်ပဲ"

"ဒီအတွက် စိတ်မပူပါနဲ့၊ ဟိုရောက်တဲ့အခါ အဘက အားလုံး အကူအညီပေးမှာပါ"

"ကျေးဖူးတင်လိုက်တာ အစ်ကိုရယ်၊ သူက အောက်လမ်းပညာတွေနဲ့ ပြုစားထားတာတွေကို လုပ်လို့ရပါ့မလားဟင်၊ တော်ကြာ အဖေ့ကို ဒုက္ခပေးလိုက်ရင် ဘယ်လိုလုပ်မလဲဟင်"

"သူ့ရဲ့အောက်လမ်းပညာနဲ့ ပြုစားထားတဲ့အရာမှန်သမျှ ချေဖျက်နိုင်တဲ့ဆေးတွေ ကျွန်တော်တို့မှာ ပါပါတယ်"





ထိုအခါမှ နန်းရွှေရည်မှာ အတန်ငယ် စိတ်သက်သာရာ ရသွားဟန် ရှိလေသည်။

"အစ်ကိုတို့သာ လွယ်ခန်းမြို့ရောက်ရင် အဖေကတော့ တော်တော်နဲ့ ပြန်ခွင့်ပေးမယ် မထင်ဘူး၊ အစ်ကိုတို့က ဘယ်တော့ ပြန်မှာလဲဟင်"

"နန်းရွှေရည်ကို ပို့ပေးပြီးတာနဲ့ ပြန်မှာပါ"

"ဘာဖြစ်လို့ အလောတကြီး ပြန်မှာလဲဟင်၊ အစ်ကို့မှာ မျှော်နေတဲ့သူတွေ ကျန်နေခဲ့လို့လား"

နန်းရွှေရည်က သူသိချင်တာကို သွယ်ဝိုက်ပြီး မေးခြင်းဖြစ်သည်။

"ကျွန်တော့်မှာ သံယောဇဉ် တွယ်တာစရာ မရှိပါဘူး၊ အဖေနဲ့ အမေပဲ ရှိပါတယ်"

"ဒါနဲ့များ အစ်ကိုရယ်၊ ကျွန်မတို့ဆီမှာပဲ နေပါလား၊ ကျွန်မရဲ့ အသက်သခင် ကျေးဇူးရှင်တွေမို့ တစ်သက်လုံး စောင့်ရှောက်ထားနိုင်ပါတယ်"

"အခုလိုစကားမျိုး ကြားရတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့က မြေပြန့်မှာပဲ ပျော်ပါတယ်"

နီမောင်စကားကြောင့် နန်းရွှေရည်လည်း ဘာမှ စကားမဆက်တော့ပေ။

ထိုသို့ စကားပြောနေကြစဉ် ကောင်းကင်မှာ လင်းနေသော လရောင်က ချက်ချင်းမှောင်ကျသွားသည်။

မော့ကြည့်လိုက်တော့ တိမ်တိုက်များက ဖုံးအုပ်သွားသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်သည်။

လရောင်မရှိတော့သည်နှင့် တောတောင်ရိပ်များက ပို၍ မှောင်မည်းသွားဟန် ရှိလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ထိုအခိုက်မှာပင် အဝေးဆီမှ ခွေးအူသံကဲ့သို့ အသံမျိုး ပေါ်ထွက်လာသည်။

ခွေးအူသံနှင့် တူသော်လည်း သေသေချာချာ နားထောင်ကြည့်သောအခါ ခွေးအူသံ မဟုတ်ဘဲ ကြောက်မက်ဖွယ်ကောင်းသော အသံတစ်မျိုးဖြစ်ကြောင်း သတိပြုမိလေသည်။

ထိုအသံများကြားသောအခါ စောစောက ကြည်လင်ရွှင်ပျနေသည့် နန်းရွှေရည်၏မျက်နှာမှာ ကြောက်စိတ်များ ဝင်လာလေသည်။

"သူ . . သူတို့ လိုက်လာကြပြီနဲ့ တူတယ်"

"ဘယ်သူတွေလဲ . . ဟိုဆေးဆရာကို ပြောတာလား"

"မဟုတ်ဘူး . . . သူလွှတ်လိုက်တဲ့ တစ္ဆေသရဲတွေ လိုက်လာကြပြီနဲ့တူတယ်၊ သူတို့က ကျွန်မနောက်ကနေ တကောက်ကောက် လိုက်ပြီးခြောက်လှန့်နေကြတာ"

"ဒီလောက် မကြောက်ပါနဲ့၊ သူတို့ လိုက်လာရင်လည်း အကာအကွယ် ပေးနိုင်ပါတယ်"

ဟု ပြောနေစဉ်မှာ ပတ်ဝန်းကျင်မှ သစ်တောတိုးလာသော အသံအချို့ကို ကြားလာရသည်။

တဂျွမ်းဂျွမ်းနှင့် နင်းလာသော ခြေသံပြင်းပြင်းကိုလည်း ကြားရ





လေသည်။

နီမောင်က ဖျတ်ကနဲ နေရာမှ ထကာ သူတို့ရှိနေသောနေရာနှင့် ဂူပေါက်ဝတစ်ဝိုက်ကို စည်းတားထားလိုက်လေသည်။

ဂူအတွင်းမှာတော့ ဦးဗန်ကောင်းမှာ ရွတ်ဖတ်နေဆဲပင် ရှိသေးသည်။

ဝှင်း၏အသံကို အပြင်ဘက်မှ ခပ်သဲ့သဲ့ ကြားနေရသည်။

ခြေသံက တဖြည်းဖြည်းနှင့် နီးလာသည်။

အမှောင်ထဲမှာ သစ်ပင်သစ်ကိုင်းများ လှုပ်ရှားလာသည်ကို လှမ်းမြင်နေရသည်။

နန်းရွှေရည်ကတော့ ထိုအသံများကို ကြားစကတည်းက ကြောက်လွန်းသောကြောင့် အသားများ တဆတ်ဆတ် တုန်နေကာ နီမောင်အနီးမှာ တိုးကပ်နေသည်။

"သိပ်မကြောက်ပါနဲ့ နန်းရွှေရည်၊ ပရလောကသားတွေ အန္တရာယ်ဆိုရင် ကျွန်တော် ကာကွယ်ပေးနိုင်ပါတယ်"

ဟု လေသံခပ်တိုးတိုးဖြင့် ပြောလိုက်သည်။

ထိုသို့ပြောနေစဉ်မှာ အရုပ်အမောင်း အလုံးအထည် ကြီးမ သော မည်းမည်းသဏ္ဌာန်ကြီး ထွက်လာပြီးနောက် သူတို့ရှိရာသို့ ကြည့်နေသည်။

ခန္ဓာကိုယ်ကို သဲသဲကွဲကွဲ မမြင်ရသော်လည်း ဟသ်ာပြ ကဲ့သို့ ရဲရဲနီနေသော မျက်လုံးနှစ်လုံးကိုတော့ အမှောင်ထဲမှာ အ သား မြင်နေရသည်။

အတန်ကြာတော့ ထိုသတ္တဝါကြီးက နံဘေးနားမှာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးတစ်ပင်ကို လက်ဖြင့် တွန်းလှဲလိုက်ရာ ဝေါကနဲ လဲကျလာလေသည်။

သစ်ပင်လဲကျလာသောဘက်မှာ နီမောင်တို့ ရှိနေသောနေရာ တည့်တည့်ပင်ဖြစ်၏။

"အမယ်လေး. . ."

နန်းရွှေရည်က ကြောက်လန့်တကြား တစ်ချက်အော်ပြီး နီမောင်နောက်မှ ဖက်ထားလိုက်သည်။

ဝေါကနဲ လဲကျလာသော သစ်ပင်က သူတို့အပေါ်သို့ မရောက်မီမှာပင် တစ်ပတ်လည်သွားပြီးနောက် မူလအတိုင်း ပြန်ထောင်သွားသည်။

တကယ်မဟုတ်ပဲ ပရလောကသားတို့၏လှည့်စားခြောက်လှန့်ခြင်းပင်ဖြစ်၏။

မိမိအပေါ်သို့ သစ်ပင်ကြီး လဲကျလာသည်အထင်နှင့် မျက်စိမှိတ်ထားသော နန်းရွှေရည်မှာ အတန်ကြာသည်အထိ မည်သည့်အသံမှ မကြားရသောကြောင့် တအံ့တဩဖြစ်ကာ မျက်စိဖွင့်ကြည့်လိုက်သည်။

စောစောက လဲကျလာသည့် သစ်ပင်ကြီးမှာ မူလအတိုင်း ပြန်မတ်နေသည်ကို တွေ့မြင်ရသောအခါ များစွာအံ့သြသွားလေသည်။

ခဏကြာတော့ မည်းမည်းသဏ္ဌာန်ကြီးက ရှေ့သို့ တစ်လှမ်းချင်း တိုးလာသည်။

နီမောင် တားထားသည့် စည်းနား ရောက်တော့ တန့်သွားလေသည်။





"သူ့ကို ပြန်ပေးပါ"

"ငါ့ပိုင်နက်တွင်းကို ရောက်နေပြီ. . . မပေးနိုင်တော့ဘူး"

"ဒီလိုဆိုရင် ရအောင် ဖမ်းရမှာပဲ"

ဟု ပြောကာ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ရှေ့သို့ တိုးလာလေသည်။

သို့စေကာမူ စည်းနားမရောက်ခင်မှာပင် နောက်သို့ ယိုင်ကသွားသည်။

"ငါ မနိုင်ရင် နိုင်တဲ့သူတွေ သွားခေါ်မယ်"

ဟု ကြိမ်းဝါးကာ မည်းမည်းသဏ္ဌာန်ကြီးက တောတွင်းသို့ ပြန်ဝင်သွားလေသည်။

"သူ ဘယ်သူတွေကို သွားခေါ်တာလဲဟင်"

နန်းရွှေရည်က အသံတုန်တုန်ယင်ယင်နှင့် မေးလေသည်။

"တောထဲမှာ ရှိတဲ့ မိစ္ဆာတွေကို သွားခေါ်တာ ဖြစ်မှာပေါ့လာ. . . နန်းရွှေရည်၊ ဂူထဲ ပြန်ဝင်ကြရအောင်"

ဟု နန်းရွှေရည်အား ဂူအတွင်း ပြန်ခေါ်လာလေသည်။ အတွင်းရောက်တော့ ဦးပန်ကောင်းမှာ သိဒ္ဓိတင်ခြင်းကိစ္စ ပြီးနေချေပြီ။

"အပြင်မှာ အခြေအနေ ဘာဖြစ်နေတာလဲ"

နီမောင်က သူ မြင်ခဲ့ရသော အခြေအနေကို ပြောပြလိုက်သည်။

"သူ့နောက်ကို လိုက်လာတဲ့ မိစ္ဆာကောင်တွေ ဖြစ်မှာပေါ့ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ 'မဟာပြာပေါင်းချုပ်ဆေး' နဲ့ စည်းတားထားရင် တန္တေသရဲ မပြောနဲ့ ဘီလူးသဘက်တောင် အတွင်းဝင်လို့ မရဘူး

www.burmeseclassic.com



ဟု ပြောကာ သောက်ရေအနည်းငယ် ယူပြီး ဆေးမှုန့်များ ထည့်ပြီးနောက် ဂူပေါက်ဝတွင် ဖြန်းထားလိုက်လေသည်။

နီမောင်က နောက်တစ်ကြိမ် အပြင်ထွက်ကြည့်သောအခါ မည်းမည်းသဏ္ဌာန်ကြီးနှင့် အတူပါလာသော ကြောက်မက်ဖွယ်ရာ မိစ္ဆာများမှာ ဂူပတ်ဝန်းကျင်တစ်ဝိုက်မှာ ပြည့်နေလေသည်။

စကားပြောသံလိုလိုအသံများ. . .

အော်ဟစ်နေသံလိုလိုအသံများကိုလည်း အတိုင်းသား ကြားနေရသည်။

၎င်းတို့သည် ရှေ့သို့တိုးလာလိုက် နောက်သို့ ပြန်ဆုတ်သွားလိုက်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။

အချို့ကလည်း ဗွတ်အတင်း တိုးဝင်ရန် ဟန်ပြင်ကြသည်။

သို့သော်လည်း စည်းအတွင်း ဝင်နိုင်ရန် မဆိုထားနှင့်၊ စည်းအနားသို့ပင် မကပ်နိုင်ကြပေ။

ထိုအခိုက်မှာ တောတွင်းမှ ဝတ်ဖြူစင်ကြယ် ဝတ်၍ ခေါင်းပေါင်းအဖြူပေါင်းကာ တောင်ဝှေးတစ်ချောင်း ကိုင်ထားသော လူသူတော်တစ်ဦး ထွက်လာသည်။

၎င်းထွက်လာသည်ကို မြင်သောအခါ ဂူနှင့် မနီးမဝေးမှာ ရှိနေကြသောမိစ္ဆာများမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

ထိုပုဂ္ဂိုလ်က တောင်ဝှေးနှင့် တစ်ချက်ဝှေ့ယမ်းလိုက်သောအခါ မိစ္ဆာများမှာ တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ထိုအခြေအနေကို မြင်သောအခါ နီမောင်စိတ်ထဲမှာ. . .





"တယ်ဟုတ်ပါလား"

ဟု တွေးလိုက်မိသည်။

မိမိတို့အတွက် ကယ်တင်ပေးမည့်သူတော့ ရောက်လာပြီဟု ထင်မိလေသည်။

ဦးဇန်ကောင်းကတော့ ကွမ်းတမြုံ့မြုံ့ ဝါးရင်းမှပင် အခြေအနေကို လှမ်းကြည့်နေသည်။

သူ့အမူအယာမှာ မိစ္ဆာများအား ဖယ်ရှားပေးခဲ့သော လူသူတော်ကို စိတ်ချလက်ချ ရှိဟန်မတူပေ။

တစ်လှမ်းချင်း လျှောက်လာသော လူသူတော်မှာ စောစော နီမောင် တားထားသောစည်းကို ကျော်ဝင်လာသည်။ သေချာသွားပြီ

လူသူတော်မို့သာ ထိုစည်းကို ကျော်ဝင်လာတာ ဖြစ်ပေလိမ့်မည်။

သို့သော်လည်း ဦးဇန်ကောင်း တားထားသည့် မဟာပြာပေါင်ချုပ်စည်းနား ရောက်တော့ ခြေလှမ်းရပ်တန့်သွားသည်။

"ငါ့မြေးတို့ ချထားတဲ့စည်းကို တစ်ချက်လောက် ဖွင့်ပေး ကွယ့်၊ အဘက ဒီတောထဲမှာ အမြဲဌာန် ဝင်နေတဲ့သူပါ"

ဟု လှမ်းပြောသည်။

"ဒီစည်းက မိစ္ဆာတွေအတွက် တားထားတာပါ၊ သူတော်ကောင်းတွေအတွက် အတားအဆီး မဖြစ်နိုင်ပါဘူး၊ ဝင်သာ လာခဲ့ပါ"

ဟု ဦးဇန်ကောင်းက လှမ်းပြောသော်လည်း မဝင်ပေ။

"သူတော်ကောင်းဆိုတာ သူတပါး ချထားတဲ့စည်းကို မဖောက်ရဘူး၊ ဒီတော့ ငါ့မြေးတို့ပဲ ဖွင့်ပေးပါကွယ်"

www.burmeseclassic.com



ဟု ထပ်ပြောသည်။

"တောတောင်ထဲမှာ အန္တရာယ်များလွန်းတာမို့ ချထားတဲ့စည်းကိုတော့ မဖျက်ပါရစေနဲ့၊ အခု အဘ ဘာအတွက် လာတာလဲ"

"စားစရာ နည်းနည်းလောက် လိုချင်လို့ပါကွယ်"

ထိုစကားကြားသောအခါ နန်းရွှေရည်က စားစရာအချို့ကို ယူပြီး သူမ သွားပေးမည်ဟု ပြောသည်။

"ကျွန်မ သွားပေးလိုက်မယ်"

"မသွားနဲ့ မိန်းကလေး၊ စည်းပေါက်သွားရင် မိန်းကလေးအတွက် အန္တရာယ်ရှိနိုင်တယ်"

ဟု လေသံ ခပ်တိုးတိုးပြောတော့မှ ငြိမ်ကျသွားသည်။

"အစားအစာ လိုချင်ရင်တော့ ရနိုင်ပါတယ်၊ အထဲသာ ဝင်လာခဲ့ပါ"

ထိုသို့ပြောလိုက်သောအခါ စောစောက အေးချမ်းမှု အသွင်အပြင်မျိုး ရှိနေသော အဘိုးအို၏မျက်နှာမှာ ချက်ချင်းပြောင်းလဲသွားလေသည်။

မျက်မှောင်ကုတ်၍ မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်လေသည်။

ထိုအခြေအနေကို မြင်တော့ သူ ထင်တဲ့အတိုင်း ဖြစ်လာပြီမို့ ဦးဗန်ကောင်းက အေးအေးဆေးဆေးနှင့်ပင် လှမ်းကြည့်နေသည်။

"မင်းတို့က အတော်ပါးနပ်ကြတာပေကိုးကွဲ့"

ဟု အသံသြသြကြီးနှင့် လှမ်းပြောသည်။

အသံမှာလည်း စောစောက အသံမျိုး မဟုတ်တော့ပေ။





ကြည့်နေရင်းမှာပင် အဘိုးကြီးသဏ္ဌာန်က ပုံပျက်ပန်းပျက်ဖြစ်လာသည်။

ဦးခေါင်းက တဖြည်းဖြည်းနှင့် ကြီးထွက်လာပြီး ခွဲတောင်းလုံးလောက် ဖြစ်လာသောကြောင့် ပေါင်းထားသောခေါင်းပေါင်း ကျွတ်ကျသွားသည်။

ဦးခေါင်းပိုင်းမှာ အမွေးအမှင်များ ထွက်လာပြီး မျက်လုံးနှစ်လုံးက ရှေ့သို့ ပြူးထွက်လာသည်။

နှာခေါင်းက အတွင်းသို့ ချိုင့်ဝင်သွားပြီး ပါးစပ်က အဆမတန်ကျယ်ထွက်လာသည်။

ပါးစပ်အတွင်းမှ ကျိုးတိုးကျဲတဲဖြစ်နေသော သွားနှင့်အစွယ်များကြားမှ ရှည်လျားသောလျှာက အပြင်သို့ ထွက်လာသည်။

ဘေးတစ်ဖက်တစ်ချက်သို့ ကားထွက်သွားသော နားရွက်ကြီးနှစ်ဖက်ကလည်း ဆန်ကာချပ်ကြီးတမျှ ကြီးလာလေသည်။

ကိုယ်လုံးကလည်း တဖြည်းဖြည်း ကြီးလာသောကြောင့် ဝတ်လာသောအဝတ်များမှာ စုတ်ပြဲထွက်ကုန်သည်။

နောက်ဆုံးတော့ တစ်ကိုယ်လုံး အမွေးအမှင်များ ဖုံးနေသည် ခြေတံလက်တံ ရှည်လျားလှသော သဘက်ကြီးတစ်ကောင်၏မူလရုပ် ပေါ်လာလေတော့သည်။

"ဘယ်လိုပဲ ဟန်ဆောင်ထားပါစေ၊ နောက်ဆုံးတော့ မူလရုပ်အမှန် ပေါ်လာရတာပဲပေါ့"

ဟု ဦးဗန်ကောင်းက သဘက်ကြီးကို လှမ်းကြည့်ရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



စည်းအပြင်ဘက်မှာ ရှိနေသော သဘက်ကြီးက အတွင်းသို့ မဝင်နိုင်သောကြောင့် ဒေါသတကြီး ဖြစ်နေရင်း အမျိုးမျိုး ခြောက်လှန့်နေတော့သည်။

ထိုအခါမှ နန်းရွှေရည်မှာ ကြောက်လွန်းသဖြင့် မျက်နှာငယ်ကလေးနှင့် ရှိနေလေသည်။

"ဒီသဘက်ကြီးက ကျွန်တော်တားထားတဲ့ စည်းကိုတော့ ကျော်ဝင်လာနိုင်တယ်၊ အဘ ထားတဲ့စည်းနဲ့ တွေ့မှ တန့်သွားတာ"

"တချို့ပရလောကသားတွေက ကမ္ဘာဖိတ္တိတန်ခိုး ရှိကြလေတော့ တော်ရုံအတားအဆီးတွေလောက်ဆိုရင် မမှုကြဘူး၊ အခု ကြည့်လေ. . . ပရလောကသားက လူသူတော်ယောင်ဆောင်ပြီး လာနိုင်တာနည်းတဲ့အစွမ်းလား"

"ကျွန်တော်တို့ချည်းဆိုရင်တော့ သူ့ကို တားလို့ရမယ် မထင်ဘူး"

"မင်းမှာ တခြားဆေးစွမ်းတာ မရှိရင်တောင် ရတနာသုံးပါး ရှိတာပဲ၊ ပရိတ်တရားတော်တွေ ရထားတာပဲ၊ ဒီအတားအဆီးတွေလောက် အစွမ်းထက်တာ ဘာရှိသေးလဲ၊ အရေးကြုံလာရင် သရဏဂုံနဲ့ ပရိတ်တော်တွေကို အားကိုးရင် ရနိုင်တာပဲ"

ဟု ပြောမှ စိတ်သက်သာရာ ရသွားလေသည်။

ထိုနေ့ည တစ်ညလုံး ဂူနှင့် မနီးမဝေးနေရာမှ သဘက်ကြီးက လာရောက်ခြောက်လှန့်နေသဖြင့် မအိပ်ဝံ့ကြပေ။ နောက်ဆုံး သူ့ကို ကြည့်မနေတော့ဘဲ လက်ဖက်ရည်ကြမ်းခါးခါး ကျိုသောက်ရင်း စကားပြောနေကြသည်။





အရုဏ်တက်ချိန်ရောက်လာပြီး အလင်းရောင်များ လာတော့ တစ်ညလုံး ဖွဲကောင်းကောင်းနှင့် ခြောက်လှန့်နေသော သဘက်ကြီးမှ ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၆)

# အာဃာတ မြွေဆိုးပေလော

နောက်တစ်နေ့ မနက်ပိုင်းအချိန်မှာတော့ နန်းရွှေရည်ကိုပါ တစ်ပါတည်း ခေါ်ဆောင်၍ နမ်းမားရွာသို့ ပြန်ကြလေသည်။

ဦးစိုင်းလုံတို့မှာ နီမောင်တို့နှင့်အတူ နန်းရွှေရည် ပါလာသည်ကို မြင်သောအခါ များစွာအံ့ဩနေကြသည်။

နောက်ပိုင်း နန်းရွှေရည်မှာ မြို့စားသမီးတော်တစ်ဦး ဖြစ်ခဲ့မကဘဲ သူမ၏အကြောင်းများကို သိရသောအခါ ပို၍အံ့ဩကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုင်းလုံတို့မိသားစုမှာ သဘောမနောကောင်းကြသူများ ဖြစ်သဖြင့် နန်းရွှေရည်ကို ဂရုတစိုက်နှင့်ပင် စောင့်ရှောက်ကြလေသည်။

ဦးစိုင်းလုံတွင် မာလာဆိုသော သမီးတစ်ယောက် ရှိသည်။ နန်းရွှေရည်နှင့် အသက်မကွာသောကြောင့် အဖော်ရလေသည်။ မာလာက သူမအဝတ်အစားများကို ထုတ်ပေးသဖြင့် များစွာအဆင်ပြေလေသည်။

“ဒီအတိုင်းဆိုရင်တော့ လွယ်ခမ်းမြို့စားကြီးဆီကို အကြောင်းကြားမှ သင့်မယ်၊ အနည်းဆုံး အသွားအပြန် (၁၀)ရက်လောက်တော့ ကြာမှာပဲ”

ဟု ပြောဆိုပြီး လူနှစ်ယောက်ကို စားနပ်ရိက္ခာနှင့် မြင်းနှစ်စီး ပေးကာ လွယ်ခမ်းမြို့သို့ စေလွှတ်လိုက်လေသည်။

ထိုရက်ပိုင်းမှာတော့ နန်းရွှေရည်မှာ မာလာနှင့် အဖော်ပြုကာ နေလေသည်။

နီမောင်တို့မှာလည်း ချက်ချင်းမပြန်သေးပဲ နန်းရွှေရည်က အတန်တန် တောင်းပန်ထားသောကြောင့် မြို့စားကြီး ရောက်လာသည် အထိ စောင့်နေကြရလေသည်။

ထိုသို့နေထိုင်စဉ် ကာလအတွင်းမှာပင် နန်းရွှေရည်မှာ သူမ၏ ကျေးဇူးရှင်လည်းဖြစ်၊ စိတ်ရင်းသဘောလည်း ကောင်းသော နီမောင် အပေါ်မှာ သံယောဇဉ် တွယ်မိလေတော့သည်။

သူမသည် ရိုးသားပွင့်လင်းလှသည့် ရှမ်းတိုင်းရင်းသူတစ်ဦး ဖြစ်သောကြောင့် ဂုဏ်ပကာသနများကို မလိုလားဘဲ စိတ်ထဲမှာ ဖြစ်ပေါ်လာသော နှစ်သက်လိုလားမှုကို ကိုယ်အမူအယာ နှုတ်အမူအယာ





နှင့် ဖော်ပြလျက်ရှိလေရာ နီမောင်ကလည်း ရိပ်မိလေသည်။

ထိုသို့ သိစေကာမူ နီမောင်အနေနှင့် စည်းမဖောက်ဝံ့ပေ၊ အဘယ်ကြောင့်ဆိုသော်. . .

တစ်ချက်က နန်းရွှေရည်မှာ သူတို့ ကယ်တင်ထားသော ကြောင့်ဖြစ်သည်။

ကျေးဇူးတရားကို ခုတုံးလုပ်၍ အခွင့်ကောင်းယူမှာမျိုး ဖြစ်မှာ စိုးသောကြောင့် ဖြစ်သည်။

နောက်တစ်ချက်က ဂုဏ်ရည်အဆင့်အတန်းချင်း မတူသော ကြောင့်ဖြစ်သည်။

နန်းရွှေရည်က မြို့စားတစ်ဦး၏သမီးဖြစ်သည်။

သူက သာမန်အညတြတစ်ဦးသာ ဖြစ်ပေသည်။

ထို့ပြင် နန်းရွှေရည်မှာ မိဘသဘောတူထားသော စေ့စပ်ထားသူ ရှိပေသည်။

ထို့ကြောင့် ရင်ထဲမှ မေတ္တာစိတ်ကို ကြိတ်မှိတ်မျိုသိပ်ထားရခြင်း ဖြစ်ပေသည်။

တစ်နေ့တော့ နီမောင်တစ်ယောက်တည်း အပြင်မှာ ရှိနေစဉ် ဦးစိုင်းလုံ၏သမီး မာလာရောက်လာပြီး လာပြောလေသည်။

မာလာက သူ့ကို အစ်ကိုတစ်ယောက်ပမာ ခင်တွယ်လျက် ရှိသည်။

“အစ်ကိုကို ပြောစရာရှိလို့”

“ဘာများလဲ မာလာရဲ့၊ ပြောစရာရှိတာ ပြောလေ”

“ဟိုတစ်နေ့က အစ်မနန်းရွှေရည်တစ်ယောက်တည်း ငိုနေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ ကျွန်မက အနားသွားပြီး မေးကြည့်တယ်"

"သူ့မိဘတွေ သတိရလို့ ငိုနေတာ ဖြစ်မှာပေါ့"

"မဟုတ်ဘူး. . . အစ်ကိုနဲ့ ခွဲသွားရမှာစိုးလို့ ငိုနေတာလို့ သူ ကျွန်မ့ကို ပြောတယ်"

"ဟင်. . . သူက အဲဒီလိုပဲ တကယ်ပြောတာလား"

နီမောင်က တုန်ယင်နေသည့်အသံကို ထိန်းရင်း မေးသည်။

"တကယ်ပြောတာပါ အစ်ကိုရဲ့၊ အစ်မနန်းရွှေရည်က အစ်ကို့အပေါ်မှာ သဘောကျ နှစ်သက်နေတာ အစ်ကို မရိပ်မိဘူးလားဟင်"

"ဟင့်အင်း. . . မရိပ်မိပါဘူး၊ ဟုတ်မယ် မထင်ပါဘူး မာလာရယ်"

"အို. . . ဘာကြောင့် မဟုတ်ရမှာလဲ၊ အစ်ကိုသာ မသိသေးတာ၊ ကျန်တဲ့သူတွေကတောင် ရိပ်မိကြတယ်၊ ကျွန်မတို့ မိန်းကလေး အချင်းချင်းက ပိုသိတာပေါ့၊ အစ်ကိုက အစ်မနန်းရွှေရည်ကို မသနားဘူးလားဟင်"

"ငါက ဘာကို သနားရမှာလဲ"

သူက အစ်ကို့ကို ချစ်နေရက်သားနဲ့ အစ်ကိုက ဘာကြောင့် ပြန်မချစ်တာလဲ"

နီမောင်က အဝေးသို့ ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ငါက သူ့ကို မချစ်လို့ မဟုတ်ပါဘူး မာလာရယ်၊ ဒါပေမယ့် သူနဲ့ငါနဲ့က အဆင့်အတန်းချင်းမှ မတူကြတာ. . . ဘယ်ဖြစ်နိုင်ပါ့မလဲ"

"အဆင့်အတန်းဆိုတာ ဘာလဲဟင်"





"ဟို. . ဟို. . . အဆင့်အတန်းဆိုတာ သူက မြို့စားသမီး ငါက ဆင်းရဲသားမို့ အဆင့်အတန်း မတူဘူးလို့ ပြောတာပါ"

"ကျွန်မကတော့ အဲဒါတွေ မသိပါဘူး၊ ကျွန်မသာဆိုရင်တော့ ကိုယ်ချစ်တဲ့သူဆိုရင် ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ ယူမှာပဲ ကိုယ် မချစ်ဘဲနဲ့တော့ ရှင်ဘုရင်သား ဖြစ်ပစေ စိတ်ဆင်းရဲခံပြီး မယူနိုင်ပါဘူး"

ဟု ပြောကာ မာလာက သူ့အနားမှ ထသွားလေသည်။

အချစ်နှင့် ပတ်သက်သော ခံစားမှုများကို နားမလည်သေးဘဲ သရုပ်ခွဲရန် ကြိုးစားမိသော သူသာ ပါးစပ်အဟောင်းသားနှင့် နေရာမှာ ကျန်ခဲ့လေတော့သည်။

မြို့ကြီးသူဖြစ်စေ ကျေးတောသူဖြစ်စေ အထက်တန်းလွှာဖြစ်စေ ဆင်းရဲသားဖြစ်စေ လူမှုအဆင့်အတန်းနှင့် အခြေအနေများသာ ကွာခြားချင် ကွာခြားပေလိမ့်မည်။

အချစ်နှင့် ပတ်သက်၍ ခံစားမှုမှာတော့ အသည်းနှလုံးချင်း တပြေးညီ ခံစားတတ်ကြောင်း နောက်တော့ သိရှိခဲ့ရပေသည်။

မာလာနှင့် ထိုသို့တွေ့ခဲ့ပြီးသည့်နောက်ပိုင်းမှာတော့ နန်းရွှေရည်၏အမူအယာမှာ အတန်အသင့် ကြည်လင်ရွှင်ပျလာသည်ကို တွေ့ရသည်။

နီမောင်ကလည်း နန်းရွှေရည်ကို ထိုသို့ တွေ့ရသဖြင့် ပျော်ရွှင်မှု ဖြစ်မိလေသည်။

လွယ်ခမ်းသို့ သွားသော နှစ်ယောက်မှာလည်း သုံးရက်ခန့် ကြာသွားပြီမို့ မကြာခင် လွယ်ခမ်းရောက်တော့မည်ဟု ခန့်မှန်းကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်ညမှာတော့ နန်းရွှေရည်နှင့် တွေ့ကြတော့ သူမက ပွင့်ပွင့်လင်းလင်းပင် မေးသည်။

"အစ်ကို. . . မာလာ့ကို ပြောလိုက်တဲ့စကားတွေက အမှန်တွေပဲလား"

"အမှန်တွေပါပဲ နန်းရွှေရည်"

"ဒါနဲ့များ အစ်ကိုရယ်၊ စောစောစီးစီးကတည်းက ကျွန်မကို ဘာကြောင့် ဖွင့်မပြောရတာလဲ"

"ပြောရမှာ မသင့်ဘူးထင်မှာစိုးလို့ပါ"

"ဘယ်လို မသင့်တာလဲဟင်"

"တစ်ချက်က အခုအချိန်မှာ ပြောရင် အခွင့်အရေးယူရာကျမှာစိုးလို့ပါ။ နောက်တစ်ချက်က နန်းရွှေရည်မှာ စေ့စပ်ထားတဲ့သူ ရှိတယ်မဟုတ်လား"

"အို. . . ဒါက ကျွန်မ သဘောတူလို့ စီစဉ်ထားတဲ့ကိစ္စမှ မဟုတ်တာ၊ လူကြီးတွေ စီစဉ်ထားတယ်ဆိုပေမယ့် ဘဝနဲ့ ရင်းပြီး လက်ထပ်ရမယ့်ကိစ္စကိုတော့ စဉ်းစားရမှာပေါ့၊ စောအုံးဖကို ကျွန်မ မချစ်ပါဘူး"

"တကယ်ပြောတာလား ရွှေရည်"

"တကယ်ပြောတာပေါ့ အစ်ကိုရယ်၊ ကျွန်မက ရင်ထဲ ရှိတာကို ဘယ်လိုမှ သိုဝှက်မထားတတ်ဘူး၊ ကျွန်မဘဝမှာ ပထမဆုံး ချစ်မိတဲ့သူ တစ်ယောက်ပဲ ရှိတယ်၊ အဲဒါကို အစ်ကို မရိပ်မိဘူးလားဟင်"

"အခုလို ပြောမှပဲ ရိပ်မိတော့တယ်"





ဟု ရယ်၍ပြောလိုက်ရာ နန်းရွှေရည်က သူ့ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် ထုသဖြင့် လက်ကလေးနှစ်ဖက်ကို ဖမ်းကိုင်ထားလိုက်သည်။

နန်းရွှေရည်ကလည်း နီမောင်လက်ကို ပြန်ဆုပ်ထားသည်။

"မြို့စားကြီး ရောက်လာပြီး ရွှေရည်ကို ပြန်ခေါ်သွားကြရင် ဘယ်လိုလုပ်ကြမလဲဟင်"

"အစ်ကိုနဲ့ ဆရာကြီးပါ လွယ်ခမ်းကို တစ်ခါတည်း လိုက်ခဲ့ကြမှာလေ၊ အစ်ကိုတို့နှစ်ယောက် မပါဘဲနဲ့ ကျွန်မ ပြန်မလိုက်ဝံ့ပါဘူး တော်ကြာ ဟိုဆရာယုတ်နဲ့ ပြန်တွေ့နေတော့ မခက်ပေဘူးလား၊

ကိစ္စတွေ ပြီးသွားတော့မှ အစ်ကိုနဲ့ကျွန်မ လက်ထပ်ဖို့ကိစ္စ စီစဉ်ကြမယ်လေ. . . မကောင်းဘူးလား"

"ကောင်းတော့ ကောင်းပါတယ်၊ ရွှေရည်မိဘတွေက သဘောမတူဘူးလို့ ကန့်ကွက်ရင် ဘယ်လိုလုပ်ကြမလဲ"

"ဒီတော့လည်း အစ်ကိုခေါ်ရာနောက်ကို ကျွန်မ လိုက်ခဲ့မှာပေါ့"

ဟု ပြောလေရာ နီမောင်မှာ အကျေနပ်ကြီး ကျေနပ်သွားတော့သည်။

နှစ်ယောက်သား နားလည်မှု ရသွားပြီးသည့်နောက်ပိုင်းတော့ နန်းရွှေရည်၏အမူအယာက ကြည်လင်ရွှင်ပျမှု ရှိလာလေသည်။

တစ်နေ့သ၌ မာလာနှင့်အတူ တောစပ်သို့ သွား၍ တောပန်းများ ခူးနေကြစဉ် အန္တရာယ်တစ်ခုနှင့် ကြုံတွေ့ရလေသည်။ အခြား မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် တောပန်းများ ခူးနေကြစဉ် မလှမ်းမကမ်း နေရာဆီမှ တောတိုးထွက်လာသံ ကြားရသောကြောင့် လှမ်းကြည့် လိုက်ရာ တောစပ်၌ ခါးထောက်ရပ်ကာ သူတို့ရှိရာသို့ လှမ်းကြည့်နေ သော သူတစ်ယောက်ကို တွေ့ရသည်။

ထိုသူမှာ စိုင်းကျော်ဖေယျပင် ဖြစ်တော့သည်။

စိုင်းကျော်ဖေယျကို လှမ်းမြင်ရသည်နှင့် နန်းရွှေရည်မှာ အ ထိတ်တလန့် ဖြစ်သွားလေသည်။

ထို့နောက်. . .

မာလာကို ခေါ်၍ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်ပြေးကြရ လေသည်။

စိတ်မချသဖြင့် နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ အလွန်ကြီးမားသော မြွေနက်ကြီးတစ်ကောင်က သူမတို့နောက်မှ လိုက် လာသည်ကို လှမ်းမြင်ရသဖြင့် ခြေကုန်သုတ်ကာ ရွာတွင်းသို့ ဝင်ပြေးကြ သည်။

"ကယ်တော်မူကြပါ. . . ကယ်တော်မူကြပါ"

သူတို့နှစ်ယောက် အော်ဟစ်သံကြောင့် ရွာသားများက အထိတ်တလန့်နှင့် ထွက်ကြည့်ကြသည်။

အိမ်သို့ ပြန်ရောက်သောအခါ ဦးစိုင်းလုံ၊ ဦးဇန်ကောင်း၊ နီမောင်တို့မှာလည်း ထိတ်လန့်သွားကြသည်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်လာကြတာလဲ"

"နောက်မှာ မြွေနက်ကြီးတစ်ကောင် လိုက်လာလို့. . . လုပ်ကြ ပါဦး"





ထိုသို့ အော်ပြောသဖြင့် နီမောင်အပါအဝင် အနီးတစ်ဝိုက်မှာ ရှိနေကြသော ရွာသူရွာသားအချို့က ဓါးလှံ မှိန်း အစရှိသောလက်နက် များကို ယူကာ ပြေးထွက်လာကြသည်။

နန်းရွှေရည်တို့နောက်မှ လိုက်လာသော မြွေနက်ကြီးမှာ သာမန်မြွေမျိုးတော့ မဟုတ်ပေ။

လူတစ်ယောက်၏ခေါင်းလုံးအရွယ်ခန့် ရှိပြီး အလျားကလည်း ရှည်သည်။

တစ်ကောင်လုံး အနက်ရောင်များဖြစ်ပြီး အညိုရောင်အရစ် များ ပါသည်။

မျက်လုံးနှစ်လုံးမှာ နီရဲနေပြီး နှာမှုတ်သံ တရှူးရှူးကို အဝေးမှ ကြားနေရသည်။

ထိုမြွေသည် ရွာသားများ တားဆီးခြောက်လှန့်နေသည့်ကြားမှ မရပ်ဘဲ နန်းရွှေရည် ရှိရာနောက်သို့ လိုက်လာလေသည်။

အကောင်အရွယ်အစား ကြီးသောကြောင့် ရွာသားများက အနားမကပ်ဝံ့ကြပေ။

နေရောင်ခြည်ကြောင့် အရောင်တလက်လက် တောက်ပနေ သည်ကို အဝေးမှ လှမ်းမြင်ရသည်။

ဦးဇန်ကောင်းက မြွေရှိရာသို့ လှမ်းကြည့်ပြီး ပြောသည်။

"ဒါ သာမန်မြွေတစ်ကောင် မဟုတ်ဘူး၊ ပယောဂ ဝင်နေဘဲ့ မြွေမျိုး ဖြစ်မယ်. . . သတိထားကြ"

ဟု သတိပေးရာ နီမောင်လည်း မူလကိုင်ထားသောဓါး ဓါးအိမ်ထဲ ပြန်ထည့်၍ ကျောမှာ လွယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အလျားငါးတောင်ခန့်ရှည်သော ဝါးဆစ်ပိုင်းကို ယူကာ လမ်းမှာ ရပ်နေသည်။

မြွေက နန်းရွှေရှည် ဝင်ပြေးရာလမ်းအတိုင်း အိမ်ခြံဝန်းထဲအထိ လိုက်လာသည်။

အိမ်ဆီသို့ သွားရာလမ်းမှာ နီမောင်ရပ်နေသည်ကို မြင်တော့ မြွေက တန့်သွားသည်။

ပြီးမှ ပါးပျဉ်းထထောင်သည်။

"ဖြူး. . ."

ပါးပျဉ်းခွက်က အတော်ကြီးပြီး လူခါးစောင်းခန့် မြင့်တက်သွားသည်။

"နီမောင် သတိထား"

နီမောင်က တုတ်ကိုင်၍ ရှေ့သို့ တိုးသွားတော့ ချက်ချင်း ပါးပျဉ်းသိမ်းကာ လှမ်းပေါက်သည်။

နီမောင်က နောက်သို့ ပြန်ဆုတ်ပြီး မြေပေါ်သို့ စိုက်ကျသွားသော မြွေဦးခေါင်းကို ဝါးရင်းတုတ်ဖြင့် ဖြတ်ရိုက်ရာ ကြေထွက်သွားသည်။

ခေါင်းကို ရိုက်တော့ အမြီးပိုင်းက လေထဲမှာ ဝဲတက်လာပြီး နီမောင်ကို ဆွဲပတ်လေသည်။

နီမောင်က ဘေးလွတ်ရာ ရှောင်ပြီး ကျောမှာ လွယ်ထားသော ဓါးကို ထုတ်ပြီး ပိုင်းသည်။

ဓါးချက်ထိသောအပိုင်းမှာ ပြတ်လုပြတ်ခင် ဖြစ်သွားရာ မြွေပေါ်မှာ လူးလွန့်နေတော့သည်။





ဦးခေါင်းလည်း မထောင်နိုင်၊ အမြီးပိုင်းလည်း ပြတ်လုနေပြီ ဖြစ်သောကြောင့် အန္တရာယ် အတော်နည်းသွားချေပြီ၊ ထိုအခါမှ ဦးစိုင်းလုံအပါအဝင် ရွာသားများ ဝင်လာပြီး ဓါးနှင့်ခုတ် တုတ်နှင့် ရိုက်ကြလေသည်။

မြွေမှာ ဓါးချက်များ ထိပြီး အပိုင်းပိုင်း အတစ်တစ် ဖြစ်နေသော်လည်း ဘယ်လိုသတ်သတ် မသေဘဲ ရှိနေသေးသည်။

ထိုအခါမှ ဦးဗန်ကောင်း ဝင်လာသည်။

"သာမန်မြွေရဲ့အသက်ကတော့ မရှိနိုင်တော့ပါဘူး၊ ပယောဂ သွင်းထားတဲ့အသက်ကတော့ ကျန်သေးတယ်"

"ဘယ်လို ပယောဂအသက်လဲ အဘ"

"ဆရာတစ်ယောက်ယောက်က သူ့အတတ်ပညာနဲ့ မြွေကို မိစ္ဆာဝိဇ္ဇာဉ် သွင်းပေးပြီး လွှတ်လိုက်တာပါ၊ ကိစ္စမရှိပါဘူး. . . ဂမုန်းနက်နဲ့ စီရင်ထားတဲ့ဆေးနဲ့ အုပ်ပေးလိုက်ရင် ဝိဥာဉ်က ကျွတ်သွားမှာပါ"

ဟု ပြောပြီး အိမ်ထဲသို့ တကျော့ပြန်ဝင်သွားလေသည်။

အတန်ကြာတော့ ဆေးနက်တောင့်တစ်တောင့် ပါလာပြီး ထိုဆေးနက်တောင့်ကို ရေဖြင့် စိမ်၍ မြွေပေါ်သို့ လောင်းချလိုက်တော့မှ သွေးချင်းချင်းနီလျက် အပိုင်းပိုင်း ပြတ်နေသည့်တိုင် အသက်မသေဘဲ လူးလွန့်နေသေးသော မြွေနက်ကြီးမှာ တဖြည်းဖြည်းနှင့် ငြိမ်ကျသွားလေတော့သည်။

မြွေကြီးကား သေဆုံးသွားချေပြီ။

ထိုမြွေကြီးကို အပိုင်းပိုင်းဖြတ်ကာ ဝေမျှစားသောက်ရန် အတွက် သယ်ယူသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကင်းသွားတော့မှ အကြောက်လွန်နေသေးသော နန်းရွှေရည်ကို ဆေးတစ်ခွက် တိုက်ပေးလိုက်သည်။

ထိုအခါမှ ဆေးဆရာ စိုင်းကျော်ဇေယျကို တွေ့ရပြီးနောက် မြွေအလိုက်ခံရကြောင်း သိကြရလေသည်။

အန္တရာယ်ကတော့ ခြေရာကောက်မိသွားချေပြီ။

ထိုမြွေကား ဦးဝန်ကောင်း ပြောသကဲ့သို့ ရိုးရိုးမဟုတ်ဘဲ အာဃာတဖြင့် စေလွှတ်လိုက်သည့် ပယောဂမြွေဆိုးပင် ဖြစ်ပေတော့သည်။





## အခန်း(၇)

# သချိုင်းနေရာမှ မီးနေသည်

စောစောပိုင်းက ကြည်လင်ရွှင်ပျနေသော နန်းရွှေရည်တ ယောက် မမျှော်လင့်ပဲ စိုင်းကျော်ဇေယျကို ပြန်တွေ့ရပြီးနောက်တ ကြောက်ရွံ့စိတ် များလွန်းသောကြောင့် အတော်ချောက်ချားလာ တော့သည်။

မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်နေပြီး အ တစေ ထိတ်လန့်နေသော အမူအယာ ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် သူမကို အပြင်သို့ မထွက်စေတော့ဘဲ နီမောင်နှင့် မာလာတို့က တစ်လှည့်စီ အဖော်လုပ်ပေးနေရလေသည်။

လွယ်ခမ်းမှ လိုက်လာမည့် အဖွဲ့သားများ ရောက်မလာမချင်း သူမကို ထိုအတိုင်း လျှို့ဝှက်ထားရန် ဦးဇန်ကောင်းက မှာကြားထားလေသည်။

"ကျွန်မတော့ သိပ်ကြောက်တာပဲ အစ်ကိုရယ်၊ သူ့မျက်နှာကြီးကို တွေ့လိုက်ရတော့ တစ္ဆေသရဲကို တွေ့ရသလိုပဲ သိပ်လန့်တာပဲ"

"ဒီလောက်လည်း မကြောက်ပါနဲ့ ရွှေရည်၊ ဆရာကြီးရော အစ်ကိုတို့ပါ ဒီမှာ ရှိနေကြတာပဲ၊ ဆရာကြီး ရှိနေပါရက်နဲ့တော့ သူ အတွင်းကို မဝင်နိုင်ပါဘူး၊ ဒါထက် ဟိုနေ့က ဘယ်လိုဖြစ်ကြတာလဲ. . ပြောပါဦး"

"မာလာနဲ့ကျွန်မ နှစ်ယောက်တည်း တောစပ်မှာ တောပန်းတွေ ခူးနေတုန်း ခြေသံလိုလို ကြားလို့ လှည့်ကြည့်လိုက်တော့ သူ့ကို တွေ့ရတာပါပဲ"

"ရှမ်းဆရာ စိုင်းကျော်ဇေယျကို ပြောတာလား"

"ဟုတ်တယ်. . . သူ့ကို မြင်တာနဲ့ သိပ်ကြောက်သွားပြီး ထွက်ပြေးကြရတာပဲ၊ အဲဒီလို ပြေးတော့ နောက်က မြွေအနက်ကြီးတစ်ကောင် ထွက်လိုက်လာတယ်၊ ကျွန်မ လှည့်ကြည့်လိုက်တော့ မြွေရဲ့ ကျောပေါ်မှာ စီးပြီး လိုက်လာတဲ့ မည်းမည်းသဏ္ဌာန်ကြီးကိုလည်း တွေ့ရသေးတယ်"

"တကယ်တော့ မြွေက ရိုးရိုးမြွေ မဟုတ်ဘူး၊ အမှောင့်ပယောဂ ဖုံးနေတဲ့မြွေဆိုတာ သိသာပါတယ်၊ ရိုးရိုးမြွေဆိုရင် ဒီလောက် လူတွေ





များတဲ့ရွာထဲကို လိုက်လာဝံ့မယ် မဟုတ်ပါဘူး"

"အခု အဲဒီမြွေကြီး သေသွားပြီလားဟင်"

"ရွာသားတွေလက်ချက်နဲ့ သေသွားပါပြီ၊ ဒါပေမယ့် ရှမ်းဆရာကတော့ ဒီနေရာတစ်ဝိုက်မှာ ရှိနေလိမ့်ဦးမယ် ထင်တယ်"

"ဘယ်လိုလုပ်ကြမလဲဟင်"

"ဒီလိုပဲ သတိနဲ့ နေရမှာပေါ့၊ ရွှေရည်ကတော့ အပြင်ကို တစ်ယောက်တည်း မထွက်မိဖို့ အရေးကြီးတယ်"

"မထွက်ဝံ့တော့ပါဘူး. . . သူ့ကို မြင်ပြီးကတည်းက စိတ်ထဲမှာလည်း အတော်ကြောက်နေမိတယ်၊ မကြာခင်မှာ အဖေတို့ ရောက်လာတော့မှာဆိုတော့ အဖေ့ကို မြင်ရင် အန္တရာယ်ပေးနေမလား မသိဘူး"

"ဒီတော့လည်း ဆရာကြီးက တာဝန်ယူပြီး ကုသပေးမှာပါ. . စိတ်မပူပါနဲ့"

"အစ်ကိုကတော့ ကျွန်မအနားမှာ အမြဲနေပေးပါနော်၊ အစ်ကို မရှိရင် စိတ်အားငယ်နေသလိုပဲ"

"စိတ်ချပါ. . . အစ်ကို ဘယ်မှ မသွားပါဘူး၊ ရွှေရည်အနားမှာပဲ အမြဲစောင့်ရှောက်ပေးနေမှာပါ၊ ဖြစ်နိုင်မယ်ဆိုရင် တစ်သက်လုံး စောင့်ရှောက်ပေးချင်တာပါ"

ဟု ပြောလိုက်ရာ နန်းရွှေရည်က ကျေနပ်မှု အပြုံးလေးများဖြင့် မျက်စောင်းတစ်ချက်ထိုးလိုက်လေသည်။

ထိုရက်များအတွင်းမှာတော့ နောက်ထပ် ကြီးကြီးမားမား အနှောင့်အယှက်မျိုး မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ညအချိန်ရောက်လာလျှင်တော့ ခြံစည်းရိုး အပြင်ဘက်တွင် မည်းမည်းသဏ္ဍာန်များ သွားလာလှုပ်ရှားနေသည်ကို တော့ ပိုးတဝါး တွေ့မြင်ကြရသည်။

ဦးဝန်ကောင်းက ဆေးရည်များဖြင့် စည်းချထားသောကြောင့် သာ အတွင်းသို့ မဝင်နိုင်ခြင်း ဖြစ်တန်ရာ၏။

ထိုရက်များမှာလည်း နီမောင်နှင့် နန်းရွှေရည်တို့မှာ ခါတိုင်း ထက် ပိုမိုနီးကပ်စွာ နေကြရသဖြင့် သံယောဇဉ်ကြိုးက ပိုမိုခိုင်မာလာ လေတော့သည်။

နောက်ထပ်နှစ်ရက်ခန့် ကြာသောအခါမှာတော့ နမ်းမားရွာ တွင်းသို့ မြင်းစီးသည့်သည်များ ရောက်လာကြလေတော့သည်။

ဦးစိုင်းလုံ လွှတ်လိုက်သော ရွာသားနှစ်ယောက်က ဦးဆောင် လာသော လွယ်ခမ်းမြို့မှ လူများဖြစ်သည်။

ရှမ်းခလောက် ဗိုင်းကြီးများကို ဆောင်းထားပြီး ဓါးများ လွယ် ထားကြသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ လွယ်ခမ်းမြို့စားကြီး ဦးနန်းလုံ ပင်ဖြစ်သည်။

အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး နှုတ်ခမ်းမွေးနှင့် တည် ကြည်ခန့်ညားသောအသွင်ရှိလေသည်။

၎င်းနောက်မှာ ပါလာသူမှာ နန်းရွှေရည်နှင့် စေ့စပ်ထားသူ စောအုံဖ ဖြစ်လေသည်။

စောအုံဖမှာ အသက်(၃၀)ကျော်အရွယ်ခန့်ရှိသည်။

အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်ပြီး နှုတ်ခမ်းမွေးစစ





ရှိသူဖြစ်သည်။

၎င်းတို့ ခြံဝန်းထဲ ဝင်လာသောအခါ ဦးစိုင်းလုံတို့ အပါအဝင် ရွာသားများက ထွက်၍ ခရီးဦးကြို ပြုကြရသည်။

မြို့စားတစ်ယောက်အနေဖြင့် အရိုအသေ ပေးကြရသည်။

သို့ကြောင့် ဦးဝန်ကောင်းနှင့် နီမောင်တို့လည်း အပြင်သို့ ထွက် လာကြသည်။

စောအုံဖက နီမောင်ကို မြင်သောအခါ စူးစူးစိုက်စိုက် ကြည့် တာ အကဲခတ်လေသည်။

ထို့နောက်မှာတော့ မာလာက နန်းရွှေရည်ကို တွဲခေါ်လာ သည်။

မြို့စားကြီးမှာ တစ်သက် ပြန်မတွေ့ရတော့ဟု ထင်ထားသော သမီးဖြစ်သူကို ပြန်တွေ့ရသဖြင့် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ မျက်ရည်များပင် လည်လာလေသည်။

နန်းရွှေရည်ခမျာမှာလည်း ဖခင်နှင့် ပြန်တွေ့ရသောကြောင့် ဝမ်းသာကြည်နူးမှု ဖြစ်၍မှ မဆုံးခင် မြို့စားကြီးနောက်မှ ပါလာသော စောအုံဖကို မြင်ရသောအခါ များစွာစိတ်မချမ်းမသာ ဖြစ်ရလေသည်။

"အဖေဖြင့် ဝမ်းသာလိုက်တာ သမီးရယ်၊ ဒီတစ်သက်တော့ ပြန်မတွေ့ရတော့ဘူးလို့ ထင်နေမိတာ၊ သမီးအမေနဲ့ ပြန်တွေ့ရင်လည်း သူ့ခမျာ ဘယ်လောက်များ ဝမ်းသာလိုက်မလဲကွယ်"

"သမီးလည်း ဝမ်းသာပါတယ် အဖေရယ်၊ ဒါထက် ဟိုဆရာ ရော ဟော်နန်းမှာ ရှိသေးလားဟင်"

"မရှိတော့ပါဘူးကွယ်. . . သမီး ပျောက်သွားပြီးတဲ့နောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူလည်း တစ်ခါတည်း ပျောက်သွားတာပါပဲ၊ ဟော်နန်းမှာလည်း သူ ဒုက္ခပေးခဲ့တာကြောင့် အတော်လေး ခံကြရတယ်"

"ဟင်. . . ဒါဖြင့် သူ့အကြောင်းကို အဖေသိပြီပေါ့နော်"

"အရင်ကတော့ မသိပါဘူး၊ နောက်မှ တဖြည်းဖြည်း ရိပ်မိခဲ့တာ၊ နောက်ပိုင်း သမီးပျောက်သွားပြီးတဲ့နောက်မှာ သူ့အကြောင်းတွေ လုံးလုံးသိခဲ့ရတာ"

"အဖေ့ကို ပြုစားထားတာတွေရော သိပြီလားဟင်"

"ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ကွယ်၊ နောက်တော့ ဆရာကောင်းကောင်းရှာပြီး ကုသလိုက်ရင် ပျောက်သွားမှာပါ"

ထိုအခါ နန်းရွှေရည်က တောတွင်းမှာသာမက ယခု ရွာပြန်ရောက်သည်အထိ ရှမ်းဆရာ လိုက်လံနှောင့်ယှက်နေပုံများအကြောင်းနှင့် နီမောင်တို့ ဆရာတပည့်နှစ်ယောက်က ကယ်တင်စောင့်ရှောက်ပေးခဲ့ပုံများကို အသေးစိတ် ပြန်ပြောပြလိုက်လေသည်။

"တောထဲမှာ ကျွန်မ ဒုက္ခရောက်နေတုန်း ဆရာကြီးတို့ နှစ်ယောက်နဲ့ တွေ့ပြီး သူတို့ ကယ်တင်ခဲ့လို့ အဖေတို့နဲ့ ခုလို ပြန်တွေ့ခွင့်ရတာပါ၊ အဖေ့ဆီမှာ စွဲကပ်နေတဲ့ ရောဂါတွေကိုလည်း ဆရာကြီးနဲ့ ကုစေချင်ပါတယ်"

ဟု ပြောပြလေသည်။

ထိုသို့ ပြောနေစဉ် စောအုံဖ အနီးသို့ ရောက်လာပြီး နန်းရွှေရည်အတွက် အဘယ်မျှ စိုးရိမ်သောက ရောက်ခဲ့ရကြောင်း ယခုကဲ့သို့ ပြန်တွေ့ရသဖြင့် များစွာဝမ်းမြောက်မိကြောင်း ရေပက်မဝင်အောင် ပြောသော်လည်း နန်းရွှေရည်က စိမ်းစိမ်းသာ ကြည့်နေပြီး တစ်ခွန်းမှ





ပြန်မပြောချေ။

"ဦးရီးတော်မှာ ရောဂါဝေဒနာ ဖြစ်နေတယ်ဆိုရင်လည်း ဟော်နန်းရောက်တော့မှပဲ ဟိုမှာ ရှိတဲ့ ဆရာတွေနဲ့ ကုမှာပေါ့ နန်းရယ်၊ သူတို့က ခရီးသွားဧည့်သည်တွေဆိုတော့ သူတို့လမ်း သူတို့ သွားပါစေ"

ဟု နီမောင်တို့အား မခေါ်စေလိုသော သဘောဖြင့် ဝင်ရောက်ပြောဆိုလေသည်။

"ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ၊ ဆရာကြီးက ကျွန်မရဲ့အသက်ကို ကယ်ထားတာဆိုတော့ အားလုံး ရောဂါတွေ ရှင်းရှင်းပျောက်ဖို့ ဆရာကြီးနဲ့ပဲ ဆက်ကုရမှာပဲ၊ အခြားဆရာတော့ ခေါ်ပြီးမကုဝံ့တော့ပါဘူး"

ဟု ပြောလိုက်တော့မှ စောအုံဖလည်း စကားမဆက်သာတော့ပေ။

ထို့နောက်. . .

မြို့စားကြီးက အသင့်ယူဆောင်လာသော ငွေဒင်္ဂါးများကို ဦးစိုင်းလုံတို့ မိသားစုအား ပေးလေသည်။

ဦးဇန်ကောင်းနှင့် နီမောင်အတွက်တော့ ၎င်းဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်တစ်ကွင်း၊ မြလက်စွပ်တစ်ကွင်းအပြင် ငွေသားများဖြင့် ပေးကာ ကျေးဇူးဆပ်လေသည်။

သို့သော်လည်း ဦးဇန်ကောင်းက ထိုပစ္စည်းများကို လက်မခံပေ။

"ကျွန်တော်တို့ ဒီပစ္စည်းတွေကို လက်မခံပါရစေနဲ့၊ ဆေးဆရာဆိုတာ ကိုယ် ကယ်တင်ပေးတဲ့ လူတစ်ယောက် အသက်ချမ်းသာရာရတယ်ဆိုတာနဲ့တင် ကျေနပ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အတွက် ဒီပစ္စည်းမျိုးတွေ မလိုပါဘူးခင်ဗျာ”

ဟု ငြင်းပယ်လေရာ မြို့စားကြီးလည်း များစွာအံ့ဩသွားလေသည်။

“ဒီလိုဖြင့်လည်း ဆရာကြီးရယ်၊ ကျွန်တော့်သမီးလေးရဲ့ရောဂါလည်း ပျောက်အောင်၊ ကျွန်တော့်ဆီမှာ စွဲကပ်နေတဲ့ ဝေဒနာတွေလည်း ကုသပေးဖို့ လွယ်ခမ်းမြို့ကို လိုက်ခဲ့ပေးဖို့ တောင်းပန်ပါရစေ”

ထိုစကားကြားသောအခါ ဦးပန်ကောင်းက ကွမ်းတစ်မြုံဝါးရင်း စဉ်းစားနေလေသည်။

ထိုအခါ နန်းရွှေရည်ကပါ ဝင်ပြောလေသည်။

“ဟုတ်ပါတယ် ဆရာကြီးရယ်၊ ကျွန်မကို သနားသဖြင့် ရောဂါပျောက်ကင်းအောင် ကုပေးဖို့ ရွှေမြို့တော်ကို လိုက်ခဲ့ပါနော်”

“ကောင်းပါပြီ. . . မြို့စားကြီးရဲ့ရောဂါဝေဒနာလည်း ကုသပေးရမှာဆိုတော့ ကျွန်တော်တို့နှစ်ယောက် လိုက်ခဲ့ပါ့မယ်”

ဟု ပြောလိုက်မှ နီမောင်ရော နန်းရွှေရည်ပါ စိတ်တထင့်ထင့်ဖြစ်နေရာမှ စိတ်သက်သာရာ ရသွားကြလေတော့သည်။

ထိုအဖြေကြောင့် မျက်နှာကြီး ရှုံ့မဲ့သွားပြီး စိတ်မသက်မသာဖြစ်သွားသူတစ်ဦးတော့ ရှိသည်။

စောအုံ့ဖပင် ဖြစ်ပေသည်။

စောအုံ့ဖမှာ နီမောင်နှင့် နန်းရွှေရည်တို့ အခြေအနေကို အကဲခတ်ပြီး စိတ်ထဲမှာ သက်ာမကင်း ဖြစ်နေလေသည်။

သို့သော်လည်း ဘာမှ မပြောသာသောကြောင့် လောလောဆယ် ဘာမှမပြောဘဲ နေလေသည်။





ထိုသို့နေရသော်လည်း ဒီအတိုင်း မနေဘဲ နီမောင်နှင့် နန်းရွှေရည်တို့အခြေအနေကို သိစေရန် နောက်လိုက်အချို့ကို မသိမသာ စောင့်ကြည့်ထားစေသည်။

သူကိုယ်တိုင်လည်း မျက်ခြည်ပြတ်မခံပေ။

ထိုအကြောင်းကိုတော့ နီမောင်ရော နန်းရွှေရည်ပါ မရိပ်မိကြပေ။

တစ်ညမှာတော့ အိမ်အနောက်ဘက်သို့ အဝတ်တစ်ထည် ခေါင်းမြီးခြုံလျက် ထွက်သွားသောသဏ္ဍာန်တစ်ခုကို အစောင့်တစ်ယောက်က လှမ်းမြင်လိုက်ရလေသည်။

ထိုအကြောင်းကို အစောင့်က စောအုံ့ဖအား လာရောက်သတင်းပေးလေသည်။

“သေချာရဲ့လား. . . ဘယ်သူဆိုတာရော မြင်လိုက်ရဲ့လား”

“မျက်နှာတော့ မမြင်လိုက်ရပါဘူး သခင်လေး၊ ခေါင်းမြီးခြုံထားတဲ့ မိန်းမတစ်ယောက် ဆိုတာတော့ သေချာပါတယ်”

“ဒီလိုဆိုရင် မင်းပါ အဖော်လိုက်ခဲ့၊ ငါကိုယ်တိုင် လိုက်ကြည့်မယ်”

ဟု ပြောဆိုကာ ထိုအစောင့်ပါ ခေါ်ပြီး စောစောက ခေါင်းမြီးခြုံထားသည့် အမျိုးသမီး ဝင်သွားရာ တောစပ်သို့ လိုက်သွားကြသည်။

တောစပ်ရောက်သောအခါ အတွင်းဘက်မှ စကားပြောသံလိုလို တီးတိုးအသံ ကြားရသဖြင့် နှစ်ယောက်သား ခြေသံမကြားအောင် သတိထား၍ တိုးသွားကြသည်။

တောထဲ ရောက်သွားတော့ ကျောက်တုံးတစ်တုံးနားမှာ သူတို့

www.burmeseclassic.com



ရှိရာဘက်သို့ ကျောပေးထိုင်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

အသံကြားနေရသည်မှာ စကားပြောသံ မဟုတ်ဘဲ ထိုအမျိုးသမီး သီချင်းညည်းနေသံပင် ဖြစ်၏။

နောက်မှ ကြည့်ရသော အနေအထားမှာ နန်းရွှေရည်မှ နန်းရွှေရည်ပင်ဖြစ်၏။

ထို့ကြောင့် အဖော်ပါလာသော အစောင့်ကို အခြားတစ်နေရာမှ စောင့်နေရန် မှာကြားပြီး စောအုံဖ တစ်ယောက်တည်း ရှေ့သို့ တိုးသွားလေသည်။

"ဘယ်သူလဲ"

အနားရောက်တော့ ထိုအမျိုးသမီးက လှည့်မကြည့်ဘဲ မေးလေသည်။

"စော. . . စောအုံဖပါ"

"ဘာကြောင့် ဒီနေရာအထိ လိုက်လာတာလဲ"

"မင်း နန်းရွှေရည် မဟုတ်လား"

"ဟုတ်ပါတယ်"

"နန်းရွှေရည်က ကိုယ်နဲ့ စေ့စပ်ထားတဲ့ အမျိုးသမီးပဲ၊ စိတ်မချလို့ လိုက်လာတာပေါ့ နန်းရယ်"

"ကျွန်မတစ်ယောက်တည်းပဲ အေးအေးဆေးဆေး နေပါရစေ စောအုံဖရယ်"

"နန်းက ကိုယ့်အပေါ်မှာ အခုအချိန်အထိ သူစိမ်းတစ်ယောက်လို ဆက်ဆံချင်နေတုန်းပဲလား၊ ကိုယ်ကတော့ မြန်မြန်နီးချင်လှပါပြီ"





"ကျွန်မကတော့ ဒီအကြောင်းတွေကို မစဉ်းစားချင်သေးပါဘူး"

"နန်းက ကိုယ့်အပေါ် အခုထိ မယုံကြည်သေးဘူးလား၊ ဒါမှ စောတ် နောက်ထပ်ချစ်ရမယ့်သူများ ရှိနေလို့များလား"

"ကျွန်မ ဘယ်သူ့ကိုမှ အချစ်မရှာချင်သေးလို့ပါ၊ ဘာကြောင့်လဲဆိုရင် ကျွန်မက အချစ်ဆိုရင် သိပ်ကြောက်နေလို့ပါပဲ"

ထိုစကားကြောင့် စပ်အုံဖမှာ အနည်းငယ် အံ့သြသွားလေသည်။

"ဘာကြောင့် ကြောက်နေတာလဲ"

"အို. . . ဘာကြောင့် ကြောက်သလဲဆိုရင် ကျွန်မက အဲဒီ အချစ်ကြောင့်ပဲ အသက်သေခဲ့ရတာကိုးရှင့်"

"ဘာ. . ဘယ်လို. . အချစ်ကြောင့် အသက်သေခဲ့ရတယ် ဟုတ်လား"

"ဟုတ်ပါတယ်. . . ကျွန်မနာမည်က စောမူပါ၊ မိဘတွေက ကိုယ် မချစ်တဲ့သူနဲ့ ပေးစားခဲ့တာကြောင့် စိတ်ညစ်ပြီး မီးတွင်းထဲမှာပဲ သူတို့ တိုက်တဲ့ဆေးတွေ မသောက်ဘဲ မတည့်တဲ့ဆေးတွေ သောက်ပြီး သေခဲ့တာလေ၊

သေတာတောင် သိပ်မကြာသေးဘူး. . . ဒီမှာကြည့်ပါလား"

ဟု ပြောပြီး ခြုံထားသောပုဝါကို ဆွဲခွာလိုက်ပြီး သူ့ဘက်သို့ မျက်နှာလှည့်လာလေသည်။

ထိုအခါမှ နနွင်းစိုစို ဆီစိုစိုဖြင့် ပုပ်ပွနေပြီဖြစ်သော ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော မျက်နှာကြီးကို တွေ့ရသည်နှင့် စောအုံဖမှာ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ထိုနေရာမှ ထွက်ပြေးလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အို. . . အခုမှ ဘာဖြစ်လို့ ထွက်ပြေးရတာလဲ၊ စောစောက တော့ ရှင်ပဲ ကျွန်မကို ချစ်လှချည်ရဲ့ဆို. . .

ဒီမှာ ရှင်နဲ့ ရတဲ့ကလေးကို ရှင်ပဲ ပြန်ယူသွားတော့"

ဟု တစာစာ အော်ရင်း အရိုးကျနေပြီဖြစ်သော ကလေး အလောင်းလေးတစ်လောင်းကို ရင်ခွင်မှာ ပိုက်ပြီး ပြေးလိုက်လာရာ စောအုံဖမှာ အဖော်ခေါ်သွားသူကိုပင် မစောင့်အားတော့ဘဲ တည်းခို ရာ အိမ်သို့ ရောက်အောင် ပြန်ပြေးရလေတော့သည်။

တကယ်တော့ သူ ရောက်သွားသောနေရာမှာ နမ်းမားရွာ၏ သင်္ချိုင်းနေရာဖြစ်ပြီး ထိုသင်္ချိုင်းမှာ မကြာသေးခင်ကမှ မီးမဖွားနိုင်သဖြင့် သေဆုံးသွားသော စောမူဆိုသော အမျိုးသမီးတစ်ယောက် အလောင်း မြှုပ်ထားရာနေရာဖြစ်ကြောင်းကို စောအုံဖတစ်ယောက် မသိခဲ့ပေ။





## အခန်း(၈)

# မာယာများသည့် ရောဂါဆန်းများ

မြို့စားကြီး ဦးနန်းလုံကတော့ လွယ်ခမ်းမြို့သို့ ပြန်သောအခါ သမီးဖြစ်သူ၏သဘောဆန္ဒအတိုင်း ဦးဇန်ကောင်းနှင့် နီမောင်တို့ကိုပါ တစ်ပါတည်း ခေါ်ဆောင်လာခဲ့ပေသည်။

ထိုကဲ့သို့ အတူတူသွားကြရသဖြင့် ပျော်ရွှင်စရာဟု ထင်ရသော် လည်း လွယ်ခမ်းမြို့သို့ ရောက်သောအခါ ယခင်ကလို လွတ်လွတ်လပ် လပ် မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းနှင့် နီမောင်တို့အတွက် သီးသန့်ထားသော ဧည့်ဆောင်မှာပင် နေရပြီး နန်းရွှေရည်ကတော့ မိခင်နှင့်အတူ အပျိုတော်များဖြင့် သီးသန့်ဆောင်မှာ နေရလေသည်။

ထို့ပြင် စောအုံဖကလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေလေသည်။

နန်းရွှေရည်၏မိဘများကတော့ ထိုအကြောင်းကို မသိကြသော်လည်း စောအုံဖက ရိပ်မိသောကြောင့် ထိုကဲ့သို့ စောင့်ကြည့်နေခြင်းဖြစ်သည်။

သို့သော်လည်း နန်းရွှေရည်က ဉာဏ်ရှိသူ အမျိုးသမီးတစ်ယောက်ပေမို့ မိန်းမတို့ ပရိယာယ်ဖြင့် တွေ့ရအောင် ကြံစည်လေသည်။

ဟော်နန်းသို့ ပြန်ရောက်ပြီး နှစ်ရက်မြောက်သောအချိန် ညနေပိုင်းတွင် ဝမ်းဗိုက်ထဲမှ မခံမရပ်နိုင်အောင် အောင့်သည်ဟု ဖြစ်ကာ သတိလစ်လုမတတ် ဖြစ်နေရာ အားလုံးမှာ စိုးရိမ်ထိတ်လန့်မှုကြောင့် ပျာပျာသလဲ ဖြစ်သွားကြလေသည်။

ထို့ကြောင့် ဦးဇန်ကောင်းတို့ကို လာရောက်အကြောင်းကြားလေသည်။

"ဆရာကြီး. . သခင်မလေး နန်းရွှေရည်တစ်ယောက် ဝမ်းဗိုက်ထဲက အောင့်တယ်လို့ ပြောပြီး သတိလစ်နေပါတယ်၊ တဆိတ်လောက် လိုက်ကြည့်ပေးပါရှင်"

"အေး. . . သွားနှင့်. . . လာခဲ့မယ်"

လာခေါ်သည့် အပျိုတော် ပြန်သွားသောအခါ ဦးဇန်ကောင်းက ပြောသည်။





"အခုဖြစ်တဲ့ ရောဂါကတော့ ရိုးရိုးဟုတ်မယ် မထင်ဘူး၊ အချစ်ဖမ်းစားတဲ့ရောဂါပဲ ဖြစ်ရမယ်"

ထိုစကား၏အဓိပ္ပါယ်ကို အစကတော့ မသိပေ။

"ငါသိသမျှတော့ မိန်းကလေးမှာ အခြားဘာရောဂါမှ မရှိတော့ဘူး၊ မင်းနဲ့ တွေ့ပြီး စကားပြောချင်လို့ အကွက်ဆင်တာပဲ ဖြစ်မှာပါ၊ ဒီတော့ မင်းပဲ သွားကြည့်ပေးလိုက်ပါ၊ ငါ ပုတီးစိပ်လိုက်ဦးမယ်"

ဟု ပြောကာ ဘုရားခန်းသို့ ဝင်သွားလေသည်။

နီမောင်လည်း ဆေးအချို့ကို ယူ၍ နန်းရွှေရည်အဆောင်သို့ သွားလေသည်။

ထိုနေရာ ရောက်သောအခါ နံဘေးမှာ ဝိုင်းဝန်းပြုစုနေသော အပျိုတော်များကို ဝေးဝေးနေရန် ဖယ်ရှားပြီး နန်းရွှေရည် ကုတင်အနီးသို့ တိုးကပ်ပြီး အခြေအနေကို ကြည့်လေသည်။

နန်းရွှေရည်က မျက်စိမှိတ်ထားပြီး သတိလစ်နေဟန် ရှိလေသည်။

နီမောင်က သူမလက်ကလေးတစ်ဖက်ကို ကိုင်ပြီး သွေးစမ်းကြည့်သည်။

ပုံမှန်အတိုင်းပင် ရှိသည်။

"အစ်ကို ရောက်နေပြီ ရွှေရည်"

ဟု ခပ်တိုးတိုး ပြောလိုက်တော့ မျက်စိဖွင့်ကြည့်သည်။

ပြီးတော့ နီမောင့်လက်ကို ပြန်ဆုပ်ထားသည်။

"ကျွန်မတော့ အစ်ကိုနဲ့ မခွဲနိုင်တော့ဘူး၊ ဒီမှာ ကြာကြာနေရင် စောအုံဖနဲ့ လက်ထပ်ရလိမ့်မယ်၊ ကျွန်မတို့ တစ်နေရာကို ထွက်ပြေးကြ



www.burmeseclassic.com

www.burmeseclassic.com



ရင် မကောင်းဘူးလား”

“အစ်ကိုလည်း ရွှေရည်လိုပါပဲ၊ ဒါပေမယ့် လောလောဆယ် လုပ်လို့တော့ မရသေးဘူး၊ မြို့စားကြီးရဲ့ရောဂါဝေဒနာ ပျောက်အောင် ကုပေးရဦးမယ်၊ နောက်ပြီး ရှမ်းဆရာစိုင်းကျော်ဇေယျရဲ့ရန်ကလည်း ရှိသေးတယ်၊ ကိစ္စတွေအားလုံး အေးသွားတော့ ကိုယ်တို့နှစ်ယောက်ရဲ့ ကိစ္စကို စီစဉ်ကြတာပေါ့. . . မကောင်းဘူးလား”

“အစ်ကို့သဘောပဲလေ. . . ကျွန်မသဘောကို အစ်ကိုသိရင် ပြီးတာပါပဲ၊ ကျွန်မကတော့ အစ်ကိုကလွဲပြီး ဘယ်သူနဲ့မှ လက်မထပ်နိုင်ဘူး၊

တကယ်လို့ ထားခဲ့မယ်ဆိုရင် တောထဲ ပြန်ပြေးသွားပြီး အရင် ဘဝမျိုးနဲ့ပဲ နေတော့မယ်”

ဟု ပြောရာ နီမောင်က ဖျောင်းဖျပြောဆိုပြီး သွေးဆေးတစ် ခွက် တိုက်ပေးလိုက်ရာ အစကတည်းက မည်သည့်ရောဂါမှ မရှိသော နန်းရွှေရည်မှာ အကောင်းပကတိ ပြန်ဖြစ်သွားလေတော့သည်။

အဆောင်သို့ ပြန်ရောက်သောအခါ ပုတီးစိပ်နေရာမှ လာ သော ဦးဇန်ကောင်းက မေးသည်။

“ငါပြောတဲ့အတိုင်းပဲ မဟုတ်လား နီမောင်”

“အဘက ဘယ်လိုများ ကြိုသိနေတာလဲ”

“တကယ့်ရောဂါနဲ့ ပရိယာယ်ရောဂါဆိုတာ ခွဲခြားလို့ လွယ်ပါ တယ်ကွာ၊ ဆေးဆရာ လုပ်လာတဲ့သက်တမ်းတစ်လျှောက်မှာ ဒါမျိုးတွေ က အများကြီး ကြုံခဲ့ရတာပဲ. . . မဆန်းတော့ပါဘူး”

“ဒီလိုဖြင့်လည်း ကျွန်တော့်အတွက် ဗဟုသုတ ရအောင်





တစ်ခုလောက် ပြောပြပါလား”

ထိုသို့ပြောသဖြင့် ဦးဇန်ကောင်းက ကွမ်းယာအသစ်တစ်ယာ ပါးစပ်တွင်း ထည့်ကာ အောက်ပါအကြောင်းအရာတစ်ခုကို ပြောပြလေ သည်။

ယောနယ်သည် ရှေးအခါက နတ်၊ စုန်း၊ ကဝေ အစရှိသော အယူအဆများကြောင့် နာမည်ကြီးလှသော အရပ်ဒေသ နယ်ပယ် တစ်ခု ဖြစ်ခဲ့ပေသည်။

ယောနယ်ဟု ဆိုသည်နှင့် ထိုနယ်မှ လာသူများကို စုန်းကဝေ ပညာ တတ်ကျွမ်းသည်ဟု အထင်ရှိကြလေသည်။

ရှေးအခါ ယခုကာလကဲ့သို့ လမ်းပန်းဆက်သွယ်ရေး မကောင်းသောကြောင့် ပြည်မဘက်မှ အရောက်အပေါက် နည်းခဲ့ သောနေရာလည်း ဖြစ်ခဲ့ပေသည်။

ထိုဒေသမှ လူများမှာလည်း ပြည်မဘက်သို့ မရောက်ဖြစ်ကြဘဲ ၎င်းတို့ အရပ်ဒေသမှာပင် ခါးမဦးချ နေထိုင်စားသောက်ကြလေသည်။

အချို့အသက်ကြီးလာသော်လည်း အခြားနေရာများသို့ မရောက်ဖြစ်ဘဲ မော်တော်ကား မီးရထား စသည်တို့ကို မမြင်ဖူးပါဘဲ သေဆုံးသွားကြသူများပင် ရှိလေသည်။

ထို့ပြင် ယောနယ်ဘက်မှာ နေကြသူ အတော်များများမှာ နတ် ကိုးကွယ်မှု ရှိကြလေသည်။

ယုံကြည်မှုကြောင့် အလေးထားမှုနှင့် ပူဇော်ပသမှုများ ရှိကြ သည်။

ယောနယ်မြေ ကွင်းဇရွာအနီးတွင် ရေစီးသန်သောချောင်း

www.burmeseclassic.com



ရှိသည်။

ထိုချောင်းမှာ မိုးရာသီ ရောက်လာသည့်အခါ ရေတိုက်စားသည့် တဝေါဝေါ မြည်သံများကို အဆက်မပြတ် ကြားကြရသည်။

ရေနက်သောနေရာ မဆိုထားနှင့်၊ ရေတိမ်သောနေရာများမှာပင် တောင်ကျရေ ဆင်းလာသည့်အခါ လူနှင့် ကျွဲနွားများ မျောပါသွားလောက်သည်အထိ ရေစီးကြမ်းလှပေသည်။

ထိုချောင်းရိုးတစ်လျှောက်မှာ ရေတိမ်သောနေရာများ ရှိသလို ရေတိုက်စားမှုကြောင့် အလွန်ရေနက်သောနေရာများလည်း ရှိသည်။

ချောင်းကမ်းစပ်နေရာများနှင့် ချောင်းအလယ်နေရာများတွင် ကျောက်တုံးကျောက်ဆောင်များ ရှိသောကြောင့် ရေစီးကြမ်းသည့်အခါ ဝဲကတော့ကြီးများ ဖြစ်နေတတ်လေသည်။

ထိုချောင်းတစ်နေရာတွင် ချောင်းနံဘေးမှာ ရှိသော ကျောက်နံရံတစ်ခုကို နှစ်ပေါင်းများစွာ ရေတိုက်စားမှုကြောင့် အတွင်း၌ လိုဏ်ခေါင်းကြီး ဖြစ်နေလေတော့သည်။

ထိုနေရာသည် ထူးကျင်းကြီး ဖြစ်နေပြီး ရေကလည်း အတော်ကလေး နက်သည်။

ဝါးတစ်ပြန်နှစ်ပြန် ထိုးချကြည့်တော့လည်း ရေအောက်မှ မြေသားအထိ မရောက်နိုင်ပေ။

ထိုနေရာသည် ရေစီးသန်ခြင်း၊ ရေစူးနက်ခြင်း၊ ဝဲကတော့များရှိခြင်း၊ ကျောက်ဆောင်ကျောက်ခြားများ ပေါသောကြောင့် ရေငုတ်သန်သူများပင် ဆင်း၍ ရေမငုတ်ဝံ့ကြပေ။

ရေငုတ်ကိရိယာများဖြင့် ငုတ်ခြင်း မဟုတ်သဖြင့် ရေအောက်





ရောက်ကာမှ ကျောက်တုံးများကြား၌ ရှိသော လိုဏ်ခေါင်းများအတွင်း ရောက်သွားပါက အသက်သေဆုံးနိုင်ပေသည်။

သို့ကြောင့် လူများက ကြောက်သည်။

တော်ရုံဖြင့် ထိုထူးကျင်းအတွင်းသို့ မဆင်းဝံ့ကြတော့ပေ။

ထိုသို့ အနှောင့်အယှက် ကင်းသောအခါ ထိုနေရာ၌ ငါးများက ပျော်လေသည်။

ထိုထူးကျင်းထဲမှာ ခိုအောင်းနေသော ငါးရံ့ကြီးများမှာ လူများ မဖမ်းဝံ့သောကြောင့် ကြီးချင်တိုင်းကြီးကာ ခြေသလုံး ပေါင်လုံးအရွယ်အထိ ရှိနေကြလေသည်။

ငါးတို့သဘာဝမှာ လူတို့ ဖမ်းဆီးခြင်း၊ တိရစ္ဆာန်အချင်းချင်း သတ်ဖြတ်ခြင်း မခံရပါက သက်တမ်းရှည်ကြာစွာဖြင့် ကြီးချင်တိုင်းကြီးတတ်သည့် သဘာဝမျိုး ရှိလေသည်။

ထိုထူးကျင်းကြီးအတွင်း၌ ခိုအောင်းနေကြသော နှစ်ချို့ငါးရံ့ကြီးများမှာလည်း ထိုအတိုင်းပင်ဖြစ်ကာ ဖမ်းဝံ့မည့်သူ မရှိသောကြောင့် ချောင်းအတွင်းမှ ရေစီးနှင့် ပါလာပြီး ထူးကျင်းအတွင်းသို့ ရောက်လာသော ငါးပုစွန်များအား စောင့်ဆိုင်းစားသောက်ကာ ကြီးချင်တိုင်း ကြီးနေကြခြင်းပင် ဖြစ်တော့သည်။

ထိုကွင်းဖဲ့ရွာ ထူးကျင်းကြီးအတွင်းမှ ငါးကြီးများအား မဖမ်းဝံ့သော အဓိက အကြောင်းရင်းမှာ နတ်ကြီးသည်ဟု ယုံကြည်ကြသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ထိုနေရာကိုပင် 'ကွင်းဖဲ့ရွာနတ်ထူး' ဟု ခေါ်ဝေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသည် နတ်ကြမ်းသည်ဟု အယူရှိပြီး ထိုထူးကျင်းကြီး အတွင်း၌ ရှိသောငါးကြီးများကိုလည်း နတ်ပိုင်ဆိုင်သော နတ်ငါးဟု ထင်မြင်ယူဆကြသည်။

ထို့ကြောင့် မဖမ်းဆီးဝံ့ကြခြင်းဖြစ်၏။

ထိုသို့ ထင်မြင်ယူဆရန်လည်း အကြောင်းတိုက်ဆိုင်မှုများက ရှိလေသည်။

ထိုနတ်ထူးကျင်းထဲမှာ ငါးရံ့ကြီးများ မြောက်မြားစွာ ရှိနေသော်လည်း ငါးမြားဖြင့် တစ်နေကုန် ထိုင်မြားသော်လည်း ငါးတစ်ကောင်မှ မရကြပေ။ ငါးမြားတံနှင့် မျှား၍ရသော ငါးဟူ၍လည်း မရှိခဲ့ဖူးချေ။

တစ်ခါကတော့ ထိုနေရာတစ်ဝိုက်မှာ ရှိသော သောင်းကျန်းသူတစ်ယောက်က ရေပေါ် ပေါ်နေသော ငါးရံ့ကြီးတစ်ကောင်ကို သေနတ်ဖြင့် ပစ်ကာ ဖမ်းယူရရှိလေသည်။

အရွယ်အစားမှာ သူ၏ပေါင်လုံးခန့် အရွယ်အစား ကြီးလေသည်။

ငါးကို ရသောအခါ စခန်းသို့ ယူသွားပြီး ချက်ပြုတ်စားသောက်ကြရာ စားသမျှလူတိုင်း အော့အန်ဝမ်းလျှောကြလေတော့သည်။

ရှေ့မီနောက်မီ ရွာသားများ ပြောပြချက်အရ ဂျပန်ခေတ်အချိန်က ဂျပန်တစ်ယောက်မှာ ထူးကျင်းကြီးအတွင်း ဆင်း၍ ရေချိုးလေသည်။

၎င်းတို့ ထုံးစံအတိုင်း အဝတ်အစား မပါဘဲ ဆင်းချိုးခြင်းပင် ဖြစ်သည်။





ထိုအချိန်မှာ သူနှင့် မနီးမဝေးမှာ ပေါင်လုံးအရွယ်ခန့် ငါးရံ့ကြီးတစ်ကောင် ပေါ်လာသည်ကို မြင်ရသဖြင့် ချက်ချင်း စခန်းသို့ ပြန်သွားပြီးနောက် လက်ပစ်ဗုံးတစ်လုံး ယူလာသည်။

သူ့ရည်ရွယ်ချက်က လက်ပစ်ဗုံး ရေထဲ ချခွဲပြီး ငါးဖမ်းရန်ဖြစ်သည်။

ထိုနေရာသို့ ရောက်၍ စနက်တံကို ဖြုတ်၍ ရေထဲသို့ ပစ်မချရခင်မှာပင် လက်ပစ်ဗုံးက ကွဲသောကြောင့် အရိုးတခြား အသားတခြားဖြစ်ကာ သေဆုံးရလေသည်။

(ဆရာတော် ဘဒ္ဒန္တအရိယဝံသ ရေးသားသော မှတ်တမ်းတစ်ခုထဲမှာလည်း မန်ဟင်ရှမ်းဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း ရှိသည့်နန်းမွေချောင်းအတွင်း၌ ထူးဆန်းသောငါးကြီးများ ရှိကြောင်း၊ ထိုငါးကြီးများကို မည်သူမှ ဖမ်းမရကြောင်းနှင့် မိုင်းခွဲ၍ ဖမ်းမည်ကြံသူမှာ ရေထဲမချမီ လက်ထဲမှာပင် မိုင်းကွဲ၍ သေပွဲဝင်ရပုံများအကြောင်းကို ရေးသားဖော်ပြထားပေသည်။)

ရှေးအခါက ယောနယ်တစ်ဝိုက်မှာ သောင်းကျန်းသူတို့ အုပ်စိုးခြယ်လှယ်ရာဒေသ ဖြစ်ခဲ့သည်။

လက်နက်ကိုင်တစ်ယောက်မှာ နတ်ကို အယုံအကြည် မရှိသဖြင့် ငါးကြီးများအား သေနတ်ဖြင့် ပစ်ခတ်ရန် သွားလေသည်။

တစ်နေကုန် ထိုင်ပစ်သော်လည်း ကျည်ဆန်တစ်တောင့်မှ မထွက်သဖြင့် နေကုန်တော့မှ စခန်းသို့ ပြန်လာရာ တောထဲတွင် တောဝက်နှင့် တွေ့ပြီး လိုက်ပက်သဖြင့် သေပြေးရှင်ပြေး ပြေးခဲ့ရပေသည်။

တစ်ခါမှာလည်း ချင်းလူမျိုးတစ်ယောက်မှာ မိန်းတစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကျောက်တုံးပေါ်မှ ထိုင်စောင့်သော်လည်း တစ်နေ့လုံး ငါးများက တစ်ကောင်မှ ပေါ်မလာပေ။

နေစောင်းတော့မှ သူထိုင်နေရာ ကျောက်တုံးကြီးအနီး၌ ငါးကြီးတစ်ကောင် လာပေါ်သဖြင့် မှိန်းဖြင့် ထိုးချလိုက်ရာ ရေပြင်တစ်ခုလုံး သွေးချင်းချင်းနီသွားလေသည်။

ထိုအခိုက်မှာပင် ရေထဲသို့ အရှိန်လွန်၍ကျသွားရာ အလောင်းပင် ပြန်ရှာမရခဲ့ပေ။

ထိုနတ်ထူးကြီး ရှိသောနေရာတွင် လယ်ကွင်းများလည်း ရှိပေသေးသည်။

ထိုလယ်ကွင်းများကို ကျူးကျော်၍ မည်သူမှ မလုပ်ဝံ့ကြပေ။

ထူးဆန်းသောအချက်မှာ ထိုလယ်ကွင်းများမှာ ထွန်ယက်စိုက်ပျိုးမည့်သူ မရှိပါဘဲ စပါးစိုက်ချိန် စပါးပင်များ ပေါက်လာပြီး သီးချိန်မှည့်ချိန် ရောက်လျှင်လည်း သီးမှည့်ကြသည်။

စပါးမှည့်ချိန်၌ လူမဆိုထားနှင့်၊ တိရစ္ဆာန်များပင် ဝင်ရောက်ဖျက်ဆီးခြင်း မရှိကြပေ။

အကယ်၍ ထိုစပါးများကို ဝင်ရောက်ရိတ်သိမ်းရန်အကြံဖြင့် ဝင်ရောက်ပါက မြွေဆိုးများ လိုက်သဖြင့် သေပြေးရှင်ပြေး ပြေးကြရသည်။

တစ်ခါမှာတော့ ထိုနတ်ထူးကျင်းထဲမှ ငါးကို စားသောက်မိသောကြောင့် လူလေးယောက်စလုံး အဆိပ်သင့်၍ သေရသော အဖြစ်အပျက်လည်း ရှိခဲ့သည်။

နတ်မကြိုက်တာ ကျူးလွန်မိသဖြင့် အဆိပ်သင့်လေသလား၊





ထိုငါးများကပင် အဆိပ်သင့်စေသလားဆိုတာတော့ အဖြေမရခဲ့ကြပေ၊

တစ်ချိန်က ဦးဗန်ကောင်းသည် ယောနယ်ဘက်မှာ အချိန်ကြာကြာ နေခဲ့ဖူးပေသည်။

ထိုနယ်ဘက်သို့ သွားသော ရည်ရွယ်ချက်မှာ နာမည်ကြီးလှသော ပြုစားတတ်သည့် (စုန်း၊ နတ်၊ ကဝေ) မှော်ပညာများကို လေ့လာသင်ယူရန်နှင့် ယောနယ်သည် တောင်မြင့်ကြီးများနှင့် သစ်တောကြီးများ ဝန်းရံထားသောဒေသ ဖြစ်သောကြောင့် ဂမုန်းမျိုးစုံအပါအဝင် ဆေးဖက်ဝင်အပင်များ၊

ကျောက်သွေး အစရှိသော သဘာဝပစ္စည်းများနှင့် အဆက်တလူစီဟု နာဂများ ခေါ်သည့် မသေဆေးပင် စသည်တို့ ရှာဖွေရန်ပင် ဖြစ်ပေသည်။

ဦးဗန်ကောင်းသည် ကွင်းဖဲ့ရွာသို့ ရောက်အောင်သွားကာ နတ်ကြီးသည်ဆိုသော နတ်ထူးနေရာကိုလည်း သွားရောက်လေ့လာခဲ့လေသည်။

'နတ်ထူး' ဟု ဒေသခံများ ပြောသံကြားစဉ်က ထူးဆန်းသော နတ်အကြောင်းဟု ထင်မိသော်လည်း ကိုယ်တိုင်ရောက်တော့မှ သဘာဝအတိုင်း ဖြစ်နေသော ထူးကျင်းကြီးနေရာမှာ နတ်ကြီးသည်ဟု ယုံကြည်ကြသဖြင့် 'နတ်ထူး' ဟု အလွယ်တကူ ခေါ်ကြကြောင်း သိရလေသည်။

သူရောက်သွားစဉ်က နတ်ထူးအတွင်းမှ ထူးဆန်းသော ငါးကြီးများကို မတွေ့ရစေကာမူ ကွင်းဖဲ့ချောင်းအနီးတစ်ဝိုက်မှ ဆေးပင်အတော်များများကို ရှာဖွေရခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် နတ်ကြီးသည်ဆိုသော လယ်ကွင်းအတွင်းမှပင် အဖိုးတန်သော ဆေးပင်အချို့ ရခဲ့သည်။

သူသည် ထိုနေရာများသို့ မသွားခင်ကတည်းက မြင်အပ်သော ပုဂ္ဂိုလ် မမြင်အပ်သော ပုဂ္ဂိုလ်များကို မေတ္တာပို့ အမျှဝေပြီးမှ သွားသောကြောင့်သော်လည်းကောင်း၊ ထိုနေရာ ရောက်တော့လည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား မေတ္တာပို့ ခွင့်တောင်းပြီးမှ ဆေးပင်ရှာသောကြောင့် အန္တရာယ် မတွေ့ခြင်းလည်း ဖြစ်နိုင်ပေသည်။

တစ်နေ့သ၌ ညအချိန်မတော်ကြီး ရောက်မှ လူတစ်စု ရောက်လာပြီး ခေါ်လေသည်။

“မိန်းကလေးတစ်ယောက် သတိလစ်ပြီး ကယောင်ကတမ်းတွေ ပြောနေတယ်၊ ဘာများ အမှားအယွင်း လုပ်မိခဲ့လို့လဲ မပြောတတ်ဘူး၊ တဆိတ်လောက် လိုက်ကြည့်ပေးပါ ဆရာကြီး”

ဟု ခေါ်သဖြင့် ဆေးလွယ်အိတ် ယူ၍ လိုက်သွားလေသည်။

ထိုအိမ်ရောက်တော့ အခန်းထဲမှာ ပက်လက်အနေအထားနှင့် သတိလစ်နေသော မိန်းမပျိုတစ်ယောက်ကို တွေ့ရသည်။

အသက်နှစ်ဆယ်ခန့်ရှိပြီး ရုပ်ရည်အသင့်အတင့်ရှိသူဖြစ်သည်။

ဦးဗန်ကောင်းက ကာယကံရှင် မိဘများကို မေးကြည့်တော့ အမေဖြစ်သူက ပြောပြသည်။

“အရင်ကတော့ ဒီလို တစ်ခါမှ မဖြစ်ဖူးပါဘူး ဆရာကြီးရယ်၊ နေ့လည်ကတောင် နတ်ထူးကွင်းနားမှာ အဖော်တွေနဲ့ ဟင်းရွက်သွားခူးကြပါသေးတယ်၊ ကျုပ်အထင်ပြောရရင်တော့ သူတို့ နတ်ထူးကွင်းမှာ နတ်မကြိုက်တာ လုပ်ခဲ့မိလို့ မကောင်းဆိုးဝါး ဖမ်းစားလိုက်ပြီနဲ့ တူပါရဲ့





ကျုပ်သမီးလေးတော့ ဒုက္ခရောက်ရပြီ ထင်ပါရဲ့. . အီး. . တီး. . ဟီး”

ဟု ပြောရင်း ချုံးပွဲချ ငိုနေတော့သည်။

“ကဲ. . . ကဲ. . . မငိုပါနဲ့ ပျောက်ကင်းအောင် ကျုပ်ကုပေးပါ့မယ်”

ဟု ပြောကာ လူနာကို စမ်းသပ်ကြည့်သည်။

လူနာအခြေအနေက ပယောဂ ဖမ်းစားထားသော လက္ခဏာမျိုး မတွေ့ရပေ။

သို့ကြောင့် တိုင်းရင်းဆေးပညာနည်းအတိုင်း လက်ကောက်ဝတ်ကို ကိုင်ကြည့်သည်။

သွေးစမ်းရန် ကိုင်လိုက်စဉ်မှာ လက်က ဆတ်ကနဲ တွန့်သွားသည်။

ဦးဗန်ကောင်းက မျက်မှောင်တစ်ချက် ကျုံ့လိုက်သည်။

သို့ကြောင့် သူမမျက်လုံးကို လက်ဖြင့် ဖွင့်ကြည့်ရန် ကိုင်လိုက်တော့ အတင်းပိတ်ထားသည်။

သေချာသွားပြီ။

ထိုမိန်းကလေးမှာ သတိမေ့နေခြင်း မဟုတ်ဘဲ မေ့ချင်ယောင်ဆောင်နေခြင်းသာ ဖြစ်သည်။

ပို၍သေချာအောင် အင်္ကျီကြယ်သီးကို ဖြုတ်ရန် ကိုင်လိုက်တော့ ရင်ဘတ်ပေါ် တင်ထားသည့် လက်ဖြင့် ဖိထားသည်။

လုံချည်စကို ကိုင်ကြည့်တော့လည်း လက်တစ်ဖက်နှင့် ဖိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖန်ကောင်း အခြေအနေကို သဘောပေါက်သွားလေပြီ။

"မိန်းကလေးက အများအယွင်းတစ်ခု လုပ်ခဲ့မိလို့ နတ်ထူးကွင်းက အနှောင့်အယှက် ပါလာတာပါ"

"ဒီလိုဖြင့် ကျွန်မသမီးလေး အသက်အန္တရာယ်ကင်းဖို့ ကယ်ပေးပါ ဆရာကြီးရယ်"

"ဒီလောက်လည်း စိတ်မပူပါနဲ့၊ သူ့ကိုယ်မှာ စွဲကပ်နေတဲ့ မကောင်းဆိုးဝါးကို နှင်ထုတ်တော့မှာမို့ အခန်းထဲမှာ ရှိတဲ့လူတွေ အခန်းအပြင်ကို ထွက်ပေးကြပါ"

ဟု ပြောလိုက်တော့ အားလုံး အခန်းအပြင်ထွက်ပေးကြသည်။

အခန်းထဲမှာ ဘယ်သူမှ မရှိတော့မှ ဦးဖန်ကောင်းက အခန်းအပြင်မှ လူများ ကြားလောက်အောင် ဂါထာမန္တာန်များ ရွတ်လိုက်သည်။

ပြီးမှ လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"မိန်းကလေး. . . မင်း တကယ်သတိလစ်နေတာ မဟုတ်ဘူးဆိုတာ ငါသိတယ်၊ မင်း အခက်အခဲရှိရင် ငါ့ကို ပြောပြပါ၊ ငါကူညီပေးပါ့မယ်"

ဟု ပြောတော့မှ မျက်စိပြန်ဖွင့်လာပြီး မျက်ရည်များ စီးကျလာသည်။

ပြီးမှ သူမအကြောင်းကို ပြောပြသည်။

သူမမှာ ချစ်သူရှိပြီး ထိုချစ်သူနှင့် မိဘများက သဘောမတူပေ။

အခြားတစ်ယောက်နှင့် ပေးစားရန် စီစဉ်နေသောကြောင့် ဤသို့ပြုလုပ်ရကြောင်း ပြောပြလေသည်။



ထိုသို့ ပြောပြသောအခါ တတ်နိုင်သမျှ အကူအညီပေးမည်ဖြစ်ကြောင်း ပြော၍ ဆေးတစ်ခွက် တိုက်ခဲ့ပြီး အပြင်သို့ ပြန်ထွက်လာသည်။

နောက်ပိုင်းမှာတော့ ဦးဖန်ကောင်းက ဖျောင်းဖျပြောဆိုပေးမှုကြောင့် မိန်းကလေး၏မိဘများလည်း သဘောထား ပြောင်းသွားကြပြီးနောက် သူမ နှစ်သက်နေသောသူနှင့် လက်ထပ်ပေးလိုက်သော နောက်ပိုင်းမှာတော့ ထိုရောဂါမျိုး ထပ်မဖြစ်တော့ပေ။

"အဲဒါတွေဟာ ဆေးဆရာလောကမှာ တွေ့ရလေ့ရှိတဲ့ မာယာများတဲ့ရောဂါတွေပဲ၊

တကယ့်ရောဂါအစစ်တွေက သူ့ဆေးနဲ့သူ တည့်အောင် ပေးပြီး ကုရင် မခက်လှဘူး၊

မာယာများတဲ့ရောဂါမျိုးတွေကျတော့ ဆေးမရှိဘူး၊ သူတို့သဘောကို သိအောင်လုပ်နိုင်မှ အဆင်ပြေတယ်"

ဟု ဦးဖန်ကောင်းက သူ တွေ့ကြုံခဲ့ရသည့် မာယာများသော ရောဂါဆန်းများအကြောင်းကို ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

# မာယာပြာပေါင်းချုပ်ဆေးနှင့် ပြုစားမှုများ

နောက်ပိုင်း နန်းရွှေရည်၏အခြေအနေ ပြန်လည်ကောင်းမွန်လာသောအခါ မြို့စားကြီး ဦးနန်းလုံ့အား ဟာလီနတ်စာကျွေးပွဲများ ကျင်းပရန် စီစဉ်လေသည်။

ဟော်နန်းတစ်ခုလုံး ဟာလီနတ်စာပွဲ ကျွေးမွေးရန်အတွက် ပြင်ဆင်ကြရလေသည်။

ဟော်နန်း၏အရှေ့ဘက်တွင် ကျောက်တောင်မြင့်ကြီးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

အားလုံးကတော့ လွယ်ခမ်းတောင်ဟုပင် ခေါ်ကြသည်။

တောင်ထိပ်ပေါ်မှာ တစ်ဝဂူ စေတီတစ်ဆူ ရှိပြီး ဂူပေါက်အတွင်းမှာတော့ 'မြေဒါးမျက်ရှင်' ဟု ဘွဲ့အမည်ပေးထားသော ရုပ်ပွားတော်တစ်ဆူ ရှိသည်။

ထိုတောင်၏အနောက်ဘက်ခြမ်းမှာ နက်ရှိုင်းသောလှိုဏ်ကြီးများ ရှိပြီး လူအသွားအလာ သိပ်မရှိကြပေ။

တောင်ခြေမှာတော့ နတ်ကွန်းစင်များ ဆောက်လုပ်ထားလေသည်။

ပူဇော်ပသပွဲများ ပြုလုပ်လျှင် ထိုနတ်ကွန်းစင်များမှာ သွားရောက်ပြုလုပ်ကြလေသည်။

ထိုရက်အတွင်းမှာပင် မြို့စားကြီးထံသို့ စာတစ်စောင် ရောက်လာလေသည်။

ဖွင့်ကြည့်လိုက်တော့ ရှမ်းဆရာ စိုင်းကျော်ဇေယျထံမှ ဖြစ်ကြောင်း သိရလေသည်။

မြို့စားမင်း . . .

ခင်ဗျားရဲ့ကိုယ်အတွင်းမှာ ကျွန်ုပ်ပညာနဲ့ ပြုစားမှုတွေ ထည့်ထားခဲ့ပြီးပါပြီ၊

အကယ်၍ ကျွန်ုပ်တောင်းဆိုသောကိစ္စကို ငြင်းပယ်မည်ဆိုပါက ပထမအနေနှင့် ရူးသွပ်အောင် ပြုလုပ်ရပါမည်၊





ထိုအခြေအနေရောက်မှ တင်းမာနေမည်ဆိုပါက အူအသည်းများ ကြေမွပျက်စီးပြီး သေဆုံးခြင်းသို့ ရောက်အောင် ပညာစွမ်း ပြရပါမည်။

ကျွန်ုပ်အလိုရှိသောအရာမှာ ရွှေတစ်ပိဿာနှင့် နန်းရွှေရည်ပင် ဖြစ်သည်။

ကျွန်ုပ်နေသောနေရာမှာ လွယ်ခမ်းတောင် အနောက်ဘက်လှိုဏ် အတွင်း၌ ဖြစ်သည်။

နန်းရွှေရည်ကို ရွှေတစ်ပိဿာနှင့်အတူ ကျွန်ုပ်ထံသို့ စေလွှတ်ပေးပါက အသက်ချမ်းသာရာ ရစေပါမည်၊ ငြင်းဆန်မည်ဆိုပါက မကြာခင်မှာ ကျွန်ုပ်အကြောင်း သိရပါတော့မည်။

စိုင်းကျော်ဇေယျ

ဟု ရေးသားထားလေသည်။

ထိုစာကို ရသောအခါ မြို့စားကြီး အပါအဝင် မိသားစုများမှာ များစွာထိတ်လန့်စိုးရိမ်ကြလေသည်။

မြို့စားကြီး ဝမ်းဗိုက်အတွင်းမှာ ဘယ်လိုအရာမျိုးတွေ ထည့်ထားမည်မှန်း မသိသောကြောင့် ကြောက်ရွံ့ကြလေသည်။

နောက်ဆုံးမှာတော့ ထိုစာကို ပြပြီး ဦးဝန်ကောင်းကိုပင် အကူအညီတောင်းရလေသည်။

"ကယ်ပါဦး ဆရာကြီးရယ်၊ ကျွန်တော်တို့ မိသားစုမှာ လူယုတ်မာလက်ချက်ကြောင့် ဒုက္ခရောက်ရပါတော့မယ်၊ အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါဦး ဆရာကြီးရယ်"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့လေ၊ လူယုတ်မာက ဘယ်လို ပညာမျိုးနဲ့ပဲ ပြုစားထားပါစေ၊ ကျုပ်အနေနဲ့ ကယ်တင်ပေးနိုင်ပါတယ်၊ တစ်ခုတော့ ရှိတယ်၊ ကျုပ် ခိုင်းတဲ့အတိုင်းတော့ လုပ်ရလိမ့်မယ်"

"ဘာများလုပ်ရမလဲ ဆရာကြီးရယ်၊ ဆရာကြီး ခိုင်းသမျှ အားလုံးလုပ်ပါ့မယ်"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ အခုလောလောဆယ် နတ်ပူဇော်ပွဲ မကျင်းပသေးဘဲ မြို့စားကြီး ဘုရားခန်းထဲမှာ ဝင်ပြီး ပုတီးစိပ်ရပါမယ်၊

အဓိဋ္ဌာန်ပုတီး စိပ်ပေးတာနဲ့ သစ္စာဆိုပြီး ကျုပ်ပေးတဲ့ ဆေးတော်ကို သောက်ရပါမယ်"

"ဘယ်. . . ဘယ်လို သစ္စာမျိုးလဲ ဆရာကြီး"

"တခြားတော့ မဟုတ်ပါဘူး၊ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ပါ့မယ်ဆိုတဲ့ သစ္စာ ကတိပါပဲ"

"ဒီသစ္စာကတိကိုတော့ ကျွန်တော် လုပ်နိုင်ပါတယ်၊ မြန်မြန် သာ စီစဉ်ပေးပါတော့ ဆရာကြီးရယ်"

ဟု ပြောသဖြင့် ဦးဗန်ကောင်းက မြို့စားကြီးကို ဟော်နန်း အတွင်းမှ ဘုရားခန်းအတွင်းသို့ ခေါ်သွားပြီး အဓိဋ္ဌာန်ပုတီးစိပ်ခိုင်းလေ သည်။

ပုတီးစိပ်ရသည့်တရားမှာ 'ပဋ္ဌာန်း အနုလုံ ပဋိလုံ' ပင် ဖြစ်လေ သည်။





မြို့စားကြီးမှာလည်း သေဘေးနှင့် ကြုံတွေ့နေရသောကြောင့် ဦးဗန်ကောင်း စေခိုင်းသည့်အတိုင်း တသွေမတိမ်း ပြုလုပ်လေသည်၊

မြို့စားကတော် ဒေါ်စောသူဇာ၊ သမီးနန်းရွှေရည်တို့မှာ မလှမ်း မကမ်းမှပင် အရိပ်အခြည် စောင့်ကြည့်ကြလေသည်။

အဓိဋ္ဌာန်ပုတီးစိပ်သည်မှာ အတန်ကြာလေသည်။

ယနေ့နံနက်ပိုင်းမှ စတင်စိပ်ရာ နောက်တစ်နေ့ နံနက်ပိုင်းမှ ပြီးဆုံးလေသည်။

ထိုသို့ ပြီးသောအခါ ၎င်းကို ဘုရားစင်ရှေ့မှာပင် ထိုင်စေပြီး အရှေ့မှ အဝတ်ဖြူတစ်စ ခင်းထားစေသည်။

ပြီးမှ ၎င်းကိုယ်တိုင် ဖော်စပ်ထားသော 'မဟာပြာပေါင်းချုပ် ဆေး' ကို တိုက်ကျွေးလေသည်။

(ဆေးပညာ ဝါသနာပါသူများအတွက် အမှောင့်ပယောဂ မှန် သမျှ နိုင်စေသော မဟာပြာပေါင်းချုပ် ဆေးတော်ကြီး ဖော်စပ်နည်း လျှို့ဝှက်ချက်ကို ဖော်ပြပေးပါမည်။)

ဆေးဖော်ရာ၌

| | |
|---|---|
| သဇင်ဥ | ၃ခု |
| ကြောင်ၤမျိုး | တစ်ပွင့်စီ၏ဝတ်ဆံ |
| နေမင်းဂမုန်း | ၃ပဲ |
| လမင်းဂမုန်း | ၃ ပဲ |
| မိုးမင်း | ၃ပဲ |
| နန္ဒင်းမင်း | ၃ပဲ |
| ကွမ်းစားဂမုန်းနားကွပ် | ၃ပဲ |



www.burmeseclassic.com

www.burmeseclassic.com



ကိုရံကြီး ၃ပဲ

ခတ္တာနီ ၃ပဲ

ဂမုန်းရန်လွတ် ၃ပဲ

ဂမုန်းကတိုး ၃ပဲ

ဂမုန်းစစ် ၃ပဲ

၎င်းတို့ကို အသင့်စုထားပါ။

ထို့နောက်

သတ္တာဌာနမြေ သို့မဟုတ် မဟာဗောဓိညောင်ပင်ပေါက်ရာ

အပင်ရင်းမှမြေ ၉ ပဲသား

နကျိမြေ ၉ ပဲသား

သိမ်နယ်နိမိတ်ပြ ကျောက်တိုင်တွင် ကပ်နေသော ရေညှိ ၉ ပဲသား

၎င်းတို့ကို အသင့်စုထားပါ။

ထို့နောက်. . .

ဗောဓိညောင်ရွက်(၂၄)ရွက်တွင် ဘုရားဂုဏ်တော်(၉)ပါး တစ်ပါးတစ်ရွက်ကျစီ ရေး

တရားဂုဏ်တော်(၆)ပါး၊ တစ်ပါး တစ်ရွက်ကျစီရေး၊

သံဃာဂုဏ်တော်(၉)ပါး၊ တစ်ပါးတစ်ရွက်ကျစီရေး၍ ပြာချပြီး ဆောင်ထားပါ။

ထို့နောက်

မှိုင်းခံစက္ကူပေါ်၌ မေတ္တာသုတ် ရေး၍ ပြာချ၊

ရတနသုတ် ရေး၍ ပြာချ၊





အာဋာနာဋိယသုတ် ရေး၍ ပြာချ

မဟာသမယသုတ် ရေး၍ ပြာချ၊

ပဋ္ဌာန်း(၂၄)ပစ္စည်း ရေး၍ ပြာချ၊

သမ္ဗုဒ္ဓေဂါထာတော် ရေး၍ ပြာချ၊

သရဏဂုံသုံးပါး ရေး၍ ပြာချ

ရတနာရွှေချိုင့် ရေး၍ ပြာချ

အတွင်းအောင်ခြင်း အပြင်အောင်ခြင်း ရေး၍ ပြာချ

အဝေဋိကဂုဏ်တော် ရေး၍ ပြာချ

အားလုံးပြည့်စုံသောအခါ အင်္ဂါနေ့ ဆွမ်းခံဝင်ချိန်တွင် ဆေးကြိတ်ရပါမည်။

ဆေးကြိတ်နေစဉ် ဘုရားစင်ရှေ့တွင် ပန်းရေချမ်း သစ်သီးဆွမ်းများ ကပ်လှူထားပြီး ဆီမီး နံ့သာတိုင်တို့ဖြင့် ပူဇော်ထားပါ၊

ဆေးကြိတ်သူရော နံဘေးမှ အကူအညီပေးသူပါ အဝတ်ဖြူဝတ်ထားပြီး ဂုဏ်တော်သုတ်များကို ရွတ်ဆို၍ ဆေးကြိတ်ရပါမည်။

ပရိတ်တော်များ မပြီးမချင်း ဆေးကြိတ်ခြင်းကို မရပ်ရပေ။

အားလုံးပြီးစီးသောအခါ သိဒ္ဓိတင်ဂါထာ (၁၀၈)ခေါက် ရွတ်၍ သိဒ္ဓိတင်ကာ နံ့သာကြုတ်ဖြင့် ထည့်ထားပါ။

ထိုဆေးတော်သည် မည်မျှအန္တရာယ်များသောခရီး၊ အန္တရာယ်များသောနေရာများသို့ သွားစေကာမူ အနှောင့်အယှက် အနှောင့်ပယောဂ အန္တရာယ်များ အနီးသို့ပင် မကပ်နိုင်ကြပေ။

နတ်ကြမ်း၊ စုန်းကြမ်း၊ ပယောဂကြမ်းတို့ ပြုစားမှုမှန်သမျှလည်း ထိုဆေးတော်ကို အနည်းငယ် တိုက်ကျွေးရုံဖြင့် ကင်းစင်ပျောက်စေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဏ်။

ဦးဖန်ကောင်းက မဟာပြာပေါင်းချုပ် ဆေးတော် အနည်းငယ်ကို ရွှေခွက်အတွင်း ထည့်ပြီး ရေစင်နှင့် ရော၍ မြို့စားကြီးကို တိုက်လေသည်။

ထိုဆေးတော်ကို တိုက်လိုက်သည်နှင့် မြို့စားကြီးမှာ တခဏချင်းမှာပင် ကတုန်ကယင် ဖြစ်လာလေသည်။

ထို့နောက် ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ဖိကာ. . .

"ပူလှချည်ရဲ့. . . လောင်လှချည်ရဲ့၊ ရင်ထဲကလည်း မခံမရပ်နိုင်အောင် အောင့်တက်လာပြီ၊ လုပ်ကြပါဦး. . . ကယ်ကြပါဦး"

ဟု အော်ကာ လဲကျသွားလေသည်။

ထိုသို့ လဲကျသွားပြီးနောက် ကြမ်းပြင်ပေါ်မှာ လူးလှိမ့်နေလေသည်။

ဒေါ်စောသူဇာနှင့် နန်းရွှေရည်တို့က စိုးရိမ်တကြီးနှင့် အနီးသွားရန် ဟန်ပြင်သောအခါ ဦးဖန်ကောင်းက အနားမလာကြရန် လက်ကာပြလိုက်သဖြင့် ပြန်ထိုင်နေကြသည်။

အတန်ကြာသောအခါ 'တဝေါ့ဝေါ့' နှင့် အန်ချလေတော့သည်။

ဝင်းအန်ချသောပစ္စည်းများမှာ စားထားသည့် အစားအသောက်များ မဟုတ်ပေ။

အဆိပ်ပြင်းသော မြွေအရှင်တစ်ကောင်၊

မြွေမှာ လက်သန်းလုံးခန့်ရှိပြီး ဆံပင်ချည်များနှင့် ချည်နှောင်ထားသည်။





သွေသံရဲရဲနှင့် အမဲသားများ၊

ကြက်အရိုးနှင့် လည်ပင်းမှ ဖြတ်ထားသည့် အသက်ရှိနေသေးသော ကြက်ဦးခေါင်းတစ်ခုလည်း ပါသည်။

အပြင်သို့ ရောက်သည်နှင့် မြွေက တရွှီးရွှီးနှင့် ပါးပျဉ်းထောင်နေသလို ကြက်ဦးခေါင်းပိုင်းမှလည်း တကွတ်ကွတ်နှင့် အသံများ ထွက်နေသည်။

ထို့နောက်မှာ အမည်းရောင်၊ အနီရောင်၊ အဝါရောင် အရည်များ အန်ချလိုက်ပြီးနောက် မြို့စားကြီးလည်း မေ့မြောသွားလေသည်။

ထိုအခါမှ နန်းရွှေရည်တို့ သားအမိကို အနားသို့ ခေါ်ပြီး မြို့စားကြီးကို ပြုစုပေးရန် ပြောသည်။

"မြို့စားကြီးအတွက် ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး၊ ပြုစားထားတာတွေလည်း အားလုံး အပြင်ရောက်သွားပြီဆိုတော့ မကြာခင်ပုံမှန်ပြန်ဖြစ်သွားတော့မှာပါ"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ကျွန်မတို့မိသားစုတွေမှာ လူယုတ်မာလက်ချက်ကြောင့် အသက်သေရတော့မလို ဖြစ်နေကြတာ၊ ဆရာကြီး ပေးတဲ့အသက်ပဲ ရှိပါတော့တယ်ရှင်"

ဟု ဒေါ်စောသူဇာက အသံကလေး ကတုန်ကယင်ဖြင့် ပြောလေသည်။

မြို့စားကြီးကို ကျန်းမာရေး ကောင်းမွန်စေရန် ပြုစုပေးနေစဉ်နီမောင်မှာ နန်းရွှေရည်နှင့် မကြာခဏ တွေ့ခွင့်ရသည်။

"အမေကတော့ အစ်ကိုတို့ကို သိပ်ပြီးကျေးဇူးတင်နေတယ်၊ အဖေ နေကောင်းလာတဲ့အခါ ကျွန်မတို့အကြောင်းကို ပြောပြလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလားဟင်”

“ဒီအချိန်မှာတော့ ပြောဖို့ မသင့်သေးပါဘူး၊ အားလုံး ကိစ္စတွေ အေးသွားမှ ရွှေရည်သဘောကျသလို ပြောသင့်တယ် ထင်ရင် ပြောပါ”

“ဒီအတောအတွင်းမှာ အစ်ကိုတို့က ပြန်သွားရင် ဘယ့်နှယ့် လုပ်မလဲ”

“ရွှေရည်ကို အသိမပေးဘဲနဲ့ မပြန်ပါဘူးလို့ ကတိပေးပါတယ်”

ထိုသို့ပြောနေစဉ် သူတို့ရှိရာသို့ စောအုံဖ ရောက်လာလေသည်။

“နန်းကို မယ်မယ်ခေါ်နေတယ်၊ ကိုယ်နဲ့ တစ်ခါတည်း လိုက်ခဲ့ပါ”

ဟု ခေါ်သွားသဖြင့် နန်းရွှေရည်ခမျာ မျက်စိမျက်နှာမကောင်း စွာနှင့် ပါသွားလေသည်။

လမ်းရောက်မှ စောအုံဖက ပြောသည်။

“နန်းက သူတို့နဲ့ ဘာကြောင့် အရောတဝင် နေရတာလဲ”

“မနေလို့ ဖြစ်မလား၊ သူတို့က ကျွန်မရဲ့ကျေးဇူးရှင်တွေပဲဟာ”

“ကျေးဇူးရှိရင်လည်း သင့်တော်တဲ့ ရွှေငွေပေးပြီး ကျေးဇူးဆပ် လိုက်ပါလား၊ အခုတော့. . . ”

“ဒီမှာ စောအုံဖ၊ ကျေးဇူးတရားဆိုတာ ရွှေငွေပေးပြီး ဆပ်ရုံနဲ့ ရမယ်ထင်သလား၊ ရှင့်မိဘတွေရဲ့ကျေးဇူးကို ရှင် ငွေနဲ့ တန်ဖိုးဖြတ်မှာ လား၊ အမေရဲ့နို့ကျေးဇူးကို ငွေနဲ့ ကျေးဇူးဆပ်ရုံနဲ့ ရမယ်ထင်သလား”

ဟု ချက်ကျလက်ကျ ပြောလိုက်ရာ စောအုံဖမှာ မျက်နှာပျက် သွားလေသည်။





“ကိုယ်က နန်းအတွက် စိတ်မချလို့ ပြောတာပါ နန်းရယ်၊ ဒီလောက်လည်း ဒေါသတွေ ဖြစ်မနေပါနဲ့”

“ကျွန်မအရွယ်ဟာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တွေ ရှိနေပါပြီ၊ ရှင် စိတ်မချရအောင် ကလေးလည်း မဟုတ်တော့ပါဘူး”

ဟု ပြောတော့မှ စောအုံဖမှာ ဘာမှ ဆက်မပြောတော့ပေ။

ဒေါ်စောသူဇာနှင့် တွေ့သောအခါ သတိပေးစကားမျိုး ပြော လေသည်။

ဒေါ်စောသူဇာမှာ စောအုံဖက ပြောပြထားသောကြောင့် နီမောင်နှင့် နန်းရွှေရည်တို့အကြောင်းကို ရိပ်မိတန်သလောက် ရိပ်မိပြီး သိတန်သလောက် သိနေလေသည်။

“ဘာကြောင့် ဆေးဆရာလေးနဲ့ ဒီလောက် အရောတဝင် နေ့နေရတာလဲ သမီး”

“ဘာဖြစ်လို့လဲ အမေ”

“နင်က မြို့စားသမီးတော်ဆိုတဲ့ ဂုဏ်အဆင့်အတန်းကို မေ့နေ ပြီလား၊ ဒီလိုနေတော့ ပတ်ဝန်းကျင်က ဘယ်လိုထင်မလဲ၊ နောက်ပြီး စောအုံဖနဲ့ စေ့စပ်ထားတဲ့ကိစ္စကလည်း ရှိသေး တယ်၊ သူတို့ဘက်က တစ်မျိုးမြင်တော့ ဘယ်လိုလုပ်မလဲ”

“သူတို့က ကျွန်မရဲ့ကျေးဇူးရှင်တွေပါ အမေရယ်”

“ကျေးဇူးရှိတိုင်း ဒီလိုနေလို့ သင့်တော်မတဲ့လား၊ ကျေးဇူးဆပ် ချင်ရင် တစ်ခုခုနဲ့ ဆပ်ပေါ့”

ဟု ပြောရာ နန်းရွှေရည်မှာ မျက်ရည်များ စီးကျလာလေသည်။

ထိုအခါ ဒေါ်စောသူဇာက တစ်ချက်ကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နှစ်ယောက်ရဲ့အခြေအနေကို စောအုံဖ ပြောပြထားလို့ သိတန်သလောက် သိထားပြီးပြီ၊

ငါတို့ စီစဉ်ထားတဲ့ကိစ္စတွေကို လူကြီးချင်းတွေ မျက်နှာပျက်အောင် မလုပ်ပါနဲ့၊

ဒီကနေ့ကစပြီး ကိုယ့်သိက္ခာနဲ့ကိုယ် နေပါ၊ ငါမသိဘဲ ဘယ်သူနဲ့မှ မတွေ့ပါနဲ့"

ဟု ပြောဆိုရာ နန်းရွှေရည်မှာ ကြေကွဲဝမ်းနည်းမှုများကြောင့် မျက်ရည်များ ကျလာလေတော့သည်။





## အခန်း(၁၀)

# မရဏတောင်ချောက်

မြို့စားကြီးနှင့် နန်းရွှေရည်တို့ နှစ်ယောက်စလုံး ရောဂါဝေဒနာများ ကင်းစင်သွားသောအခါ နောက်ဆုံးကျန်နေသေးသော ရန်ကြွေးရန်စကို ရှင်းလင်းသုတ်သင်ရန် ပြင်ဆင်ကြလေတော့သည်။

အခြားမဟုတ်ပေ။

မြို့စားကြီးတို့ မိသားစုကို ဒုက္ခပေးနေသည့် စိုင်းကျော်ဝေယျ အမည်ခံထားသည့် ရှမ်းအောက်လမ်းဆရာအား အပြီးသတ် သုတ်သင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းရန်ပင် ဖြစ်တော့သည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့က ၎င်းတို့အတွက် လိုအပ်သော ပစ္စည်းများအပြင် နီမောင်က လေးနှင့်မြားကိုပင် ယူရန် ပြင်ဆင်လေသည်။

"ဆရာကြီးတို့ သွားမယ်ဆိုရင် ကျွန်တော်တို့လည်း လိုက်ခဲ့ပါရစေ၊ ကျွန်တော်တို့ မိသားစုတွေကို ဘဝမလှ လူညွန့်တုံးအောင် ကြံစည်ခဲ့တဲ့ ဒီလူယုတ်မာကို ကျွန်တော်လက်နဲ့ သတ်ပါရစေ၊ ဒီလိုမှ မသတ်ရရင် တစ်သက်လုံး အကြိတ်အခဲ ကြေမှာ မဟုတ်တော့ဘူး"

"မြို့စားကြီး လိုက်မယ်ဆိုရင်လည်း လူများများတော့ ခေါ်လို့မရဘူး၊ တန္တေသရဲ မကြောက်တတ်တဲ့ အဖော်တစ်ယောက်ပဲ အများဆုံး ခေါ်ခဲ့လို့ရမယ်၊ လူများလို့ ရိပ်မိသွားရင် ထွက်ပြေးသွားလိမ့်မယ်"

"စိတ်ချပါ. . . တန္တေသရဲ မကြောက်တတ်တဲ့ ကိုယ်ရံတော် တစ်ယောက်ကိုပဲ ခေါ်ခဲ့မှာပါ"

"ဒီလိုဆိုရင်လည်း သွားကြတာပေါ့"

ဟု ပြောသည်နှင့် မြို့စားကြီးက သူကိုင်ဆောင်သော ပြောင်းရှည်သေနတ်ကို ပြင်ဆင်လေတော့သည်။ ၎င်းခေါ်မည့် ကိုယ်ရံတော်မှာ ခန္ဓာကိုယ် ကျစ်လစ်ကြံ့ခိုင်ပြီး ရဲရင့်ဟန်ရှိသည်။

၎င်းအမည်မှာ တန်ပဖြစ်သည်။

တောထဲ သွားကာနီးသောအခါ ဦးဗန်ကောင်းက လေးယောက်စလုံးကို အမှောင့်ပယောဂများ မကပ်ရောက်နိုင်စေဖို့ ဆေးအစီအရင်များ ပေးထားသည်။

သေနတ်၊ ဓါးလှံ၊ လေးမြား စသည်တို့ကိုလည်း ပရလောက





သားများ အနှောင့်အယှက်ပေးသည့်အခါ လွယ်လင့်တကူ ထိရောက်စွာ အသုံးပြုနိုင်ရန် ဆေးများဖြင့် အစီအရင် လုပ်ပေးသည်။

အားလုံးစီစဉ်ပြီးသောအခါ လေးယောက်သား ခရီးထွက်ကြရန် ပြင်ဆင်လေသည်။

ထိုအခါ အိမ်အပေါ်ထပ် ပြတင်းပေါက်မှ လှမ်းကြည့်နေသည့် နန်းရွှေရည်၏ပုံရိပ်ကိုသာ လှမ်းမြင်ရပြီး အနီးကပ် နှုတ်ဆက်ခွင့် မရသောကြောင့် နီမောင့်စိတ်ထဲမှာ စိတ်မကောင်းဖြစ်မိလေသည်။

တစ်ဖက်မှလည်း ထိုကဲ့သို့ မတွေ့ရသည်ကပင် ပိုကောင်းသည်ဟု ထင်မိလေသည်။

ဦးဗန်ကောင်း သတ်မှတ်ထားသည့်အတိုင်း နေဝင်ရီတရော အချိန်တွင် လွယ်ခမ်းတောင် ရှိရာသို့ လာကြလေသည်။

လွယ်ခမ်းတောင်ခြေမှာ ရှိသည့် နတ်ကွန်းစင်များကို ကျော်ဖြတ်ပြီး တောင်ပေါ် တက်လာကြသည်။

ပြဒါးမျက်ရှင်ဘုရား ရှိရာ စေတီသို့ ရောက်သောအခါ ဝင်ရောက်ဖူးမြော်ပြီးမှ အနောက်ဘက် လှိုဏ်အတွင်းသို့ စတင်ဆင်းကြလေသည်။

ယခုမှပင် အန္တရာယ်ခရီး စတင်ကြခြင်းဖြစ်သည်။

ကိုယ်ရံတော် တန်ပ၏ပြောပြချက်အရ ရှမ်းဆရာ နေသောနေရာမှာ လှိုဏ်ကြီးရဲ့အောက်ခြေဘက်ရှိ လိုဏ်ခေါင်းတစ်ခုအတွင်း၌ဖြစ်ကြောင်း သိကြရလေသည်။

ထိုနေရာသို့ ရောက်တော့ မှောင်စပျိုးနေပြီ။

ဦးဗန်ကောင်းက အားလုံးကို လေသံတိုးတိုးဖြင့် သတိပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရန်သူ့နယ်မြေထဲ ရောက်လာပြီဆိုတော့ သတိဝီရိယ ထားကြပါ"

ထိုသို့ပြောနေရင်းမှာပင် သူတို့သွားမည့်လမ်းတည့်တည့်ပေါ်မှာ ရှိသည့် သစ်ပင်ခြောက်ကြီးတစ်ပင်မှာ လေမတိုက် မိုးမရွာဘဲ ဝုန်းကနဲ လဲကျလာသည်။

လှမ်းကြည့်လိုက်တော့ အမွေးစုတ်ဖွားနှင့် မည်းမည်းသဏ္ဌာန်တစ်ကောင် သစ်တုံးပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသည်။

နီမောင်က မြားသွားမှာ အင်းဆေးပြားတစ်ချပ် ရစ်ပတ်ပြီး မြားဖြင့် ပစ်သည်။

ပထမတစ်ချက် ပစ်ရုံနှင့်ပင် ဝုန်းကနဲ လန်ကျသွားလေသည်။

သို့ကြောင့် ရှေ့ဆက်တိုးသွားကြသည်။

ထိုနေရာရောက်တော့ မြားထိပြီး သေဆုံးနေပြီဖြစ်သော ဖွတ်နက်ကြီးတစ်ကောင်ကိုသာ တွေ့ရသည်။

မြားကို နှုတ်ယူပြီး ထိုနေရာမှ ခနီးဆက်သောအခါ တောတွင်းပတ်ပတ်လည်မှ ပြေးလွှားလိုက်လာသော ခြေသံများကို အတိုင်းသားကြားကြရသည်။

ခြေသံများအပြင် သစ်ကိုင်းချိုးသံ၊ တောတိုးလာသံများကိုပါ ကြားရသည်။

တစ်ခါတစ်ရံမှာလည်း သစ်ပင်ကြီးများ ဝုန်းကနဲ ဝေါကနဲ လဲကျသံများကို အတိုင်းသား ကြားကြရသည်။

အနည်းငယ် မှောင်လာသောအခါ သူတို့ သွားနေသည့်နေရာ





နှင့် မနီးမဝေးနေရာမှ ပြေးလိုက်လာနေသော ပုံသဏ္ဌာန် အမျိုးမျိုးနှင့် ပရလောကသားများကို တွေ့မြင်ကြရသည်။

အချို့က ပုပုသေးသေး၊ အချို့ကျတော့လည်း အရပ်မြင့်မားကြသည်။

ထိုအထဲတွင် ပိန်ပိန်သေးသေးရော ပုပုဝဝရော ပါလာကြသည်။

၎င်းတို့သည် မနီးမဝေးမှ ပြေးလိုက်လာကြစေကာမူ အနားရောက်အောင်တော့ မလာဝံ့ကြပေ။

တစ်နေရာမှာတော့ တောထဲမှ နွားတစ်ကောင် ထွက်လာပြီး သူတို့ကို ဝှေ့ရန် ပြေးလာသည်။

မြို့စားကြီးက သေနတ်ဖြင့် ပစ်ရန် ပြင်တော့ ဦးဗန်ကောင်းက တားသည်။

"သေနတ်သံ ကြားရင် ဟိုဆရာ ရိပ်မိပြီး ထွက်ပြေးသွားလိမ့်မယ် . . . ကျုပ်ရှင်းပေးပါ့မယ်"

ဟု ပြောပြီး နီမောင်ကို အချက်ပြလိုက်ရာ တန်ပထံမှ လှံကိုယူသည်။

ဝှေ့ရန် ပြေးလာသည့်နွား မနီးမဝေး ရောက်သောအခါ လှံဖြင့်ထိုးရန် ချိန်ရွယ်ရာ နွားက တန့်သွားသည်။

ထိုအခါမှ လှံဖြင့် မထိုးဘဲ လှံကို ထောက်ကာ ထိုနေရာသို့ ခုန်ဝင်သွားပြီး နွား၏ဦးချိုကို ပရိတ်ချည်ဖြင့် ရစ်ဖမ်းသည်။

ပရိတ်ချည် ထိသည်နှင့် မလှုပ်တော့ဘဲ တောင့်တောင့်ကြီး ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ကိုင်ကြည့်သောအခါ ကျောက်နွားရုပ်ကြီး ဖြစ်နေတော့သည်။

သူတို့တတွေမှာ ထိုနေရာမှ လွန်သောအခါ လှိုဏ်အတွင်း ဆင်းသောလမ်းမှ အောက်သို့ ဆင်းကြလေသည်။

လမ်းတစ်လျှောက်လုံးမှာလည်း ပရလောကသားများ၊ နာနာဘာဝများ၊ မိစ္ဆာများ၏ဆီးကြိုနှောင့်ယှက်မှုများကို တွေ့ရသော်လည်း ကျော်လွှားနိုင်ခဲ့ကြသည်။

နောက်ဆုံးတော့ ညဦးပိုင်းအချိန်တွင် တောင်ခြေရှိ လှိုဏ်အတွင်းသို့ ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့လည်း မကောင်းဆိုးဝါးများက ထပ်မံနှောင့်ယှက်ကြသေးသည်။

ထိုအရာများကို ဖယ်ရှား၍ ရှေ့သို့ တက်သွားရာ ရှမ်းဆရာနေသော လိုဏ်ဂူပေါက်ဝသို့ ရောက်သွားကြသည်။

တန်ပက ထိုနေရာသို့ ရောက်ဖူးလေသည်။

"မြို့စားကြီးအတွက် ဆရာလာခေါ်တုန်းက ဒီနေရာကို ရောက်ဖူးတယ်၊ သူနေတာ အဲဒီဂူပဲ"

ဟု လက်ညှိုးထိုးပြသည်။

ထို့နောက်မှာတော့ ဂူပေါက်ဝမှာ စောင့်နေသည့် တင်းပုတ်ထမ်းထားသော ဘီလူးနှင့် တူသည့် မိစ္ဆာတစ်ကောင်ကို သုတ်သင်ဖယ်ရှားပြီး ဂူအတွင်းသို့ ဝင်ကြလေသည်။

ဦးဗန်ကောင်းက အတန်တန် သတိပေးထားသောကြောင့် ပါလာသောလက်နက်များကို အဆင်သင့် ကိုင်ကာ သတိကြီးစွာ ထား





ကြရသည်။

ဂူပေါက်ဝမှာ အတန်ငယ် ငယ်သော်လည်း အတွင်းမှ ထွက်လာသော အနံ့အသက်များက မကောင်းလှပေ။

သွေးညှီနံ့နှင့် အပုတ်နံ့များ ရောနေသည်။

ဂူတစ်ခုလုံးမှာလည်း ရေညှိရေမှော်များ ကပ်ကာ စိုစွတ်စွတ် ဖြစ်နေသည်။

"နီမောင် ကညင်ဆီမီးတိုင်ကို ထွန်းလိုက်တော့"

ဟု ပြောသဖြင့် မီးထွန်းလိုက်သည်။

မီးရောင်ရတော့မှ ဂူ၏အနေအထားကို တွေ့မြင်ကြရသည်

သူတို့ ရောက်နေသောနေရာမှာ ဥမင်လိုဏ်ခေါင်းတစ်ခုသာ ဖြစ်လေသည်။

ထိုနေရာမှ ကျော်သွားတော့ အခန်းကျယ်တစ်ခုသို့ ရောက်သွားသည်။

အပေါ်မှ ကျောက်စွန်း၊ ကျောက်ချွန်များ ရှိပြီး ရေများက စိမ့်ကျနေသည်။

ကြမ်းပြင်မှာ ရေညှိများဖြင့် ချောနေသဖြင့် သတိထား၍ လျှောက်ကြရသည်။

ဂူမှာ ကျယ်လွန်းသောကြောင့် ၎င်းလက်ထဲမှာ ကိုင်ထားသော မီးရောင်နှင့် သိပ်မမြင်ရပေ။

ထိုအထဲမှာတော့ ကျောက်တုံးများပေါ်မှာ အစီအရီ တင်ထားသော ခေါင်းတလားများ ရှိနေသည်။

သူတို့ အတွင်းရောက်သောအခါ ထိုအထဲမှ လူများ ထလာ



www.burmeseclassic.com

သည်။

ဗုဒ်းတို့မှာ သာမန်လူများနှင့် မတူဘဲ လူသေများကို အသက်သွင်းထားသကဲ့သို့ ရှိလေသည်။

ထိုလူများက ခေါင်းများအတွင်းမှ ထလာကာ လက်များကို ဆန့်တန်းပြီး သူတို့ရှိရာ လာလေရာ ပါလာသော လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြရလေသည်။

ဗုဒ်းတို့ အသုံးပြုသောလက်နက်များမှာ သာမန်ဆိုသော်လည်း ပယောဂ မိစ္ဆာမှန်သမျှ နိုင်စေသည့် မဟာပြာပေါင်းချုပ်ဆေးတော် သုတ်လိမ်းထားသောကြောင့် မြားချက်၊ ဓားချက် လှံချက် ထိသည်နှင့် ဖူးဖူးဝါးဝါး အော်ကာ ပုံလဲကျသွားသည်။

မြို့စားကြီးကလည်း သူ့မှာ ပါလာသောသေနတ်ဖြင့် ပစ်သည်။

သေနတ်သံများမှာ ဂူအတွင်း ပဲ့တင်ထပ်မှုကြောင့် ဆူညံနေသည်။

သေနတ်ကျည်ဆန် ထိမှန်၍ ပွင့်ထွက်သွားသော်လည်း ချက်ချင်းပြန်ထလာပြီး ရှေ့သို့ တိုးဝင်လာလေရာ နီမောင်ထံမှ ဆေးစီရင်ထားသောမြားဖြင့် ပစ်မှ ငြိမ်ကျသွားလေသည်။

အားလုံးရှင်းသွားတော့ ရှေ့ဆက်ဝင်သွားကြသည်။

တစ်နေရာရောက်သောအခါ အခန်းတစ်ခုအတွင်းမှ အသံကြားကြရသည်။

"ဒီအထိ လိုက်လာတယ်ဆိုမှတော့ နည်းတဲ့ပညာ မဟုတ်ပေဘူး၊ ဒီတစ်ခါတော့ သူသေကိုယ်သေပဲပေါ့၊ ကဲ. . . အတွင်းကို ဝင်ခဲ့ကြ"





အသံကြားသော ဂူပေါက်ရှိရာ အတွင်းမှ မီးရောင်ထွက်နေသည်။

ထိုဂူပေါက်နှင့် မနီးမဝေးမှာ အခြားဂူပေါက်ဝများလည်း ရှိနေလေသည်။

ဦးဗန်ကောင်းက ထိုဂူပေါက်များ အခြေအနေကို ကြည့်ပြီး ဤသို့ပြောသည်။

"ဒီဂူပေါက်တွေထဲမှာ သူ ဆင်ထားတဲ့ ထောင်ချောက်တွေ ရှိပုံရတယ်၊ ဒီတော့ ဒီလိုလုပ်ကြမယ်"

ဟု အစီအစဉ် ပြောပြလေသည်။

ထို့နောက် ကျန်ဂူပေါက်သုံးပေါက်အတွင်းသို့ နီမောင်၊ တန်ပနှင့် မြို့စားကြီးတို့က တစ်ပေါက်စီ ဝင်သွားကြသည်။

ဦးဗန်ကောင်းက မူလအပေါက်မှ ဝင်သွားလေသည်။

မီးရောင်က အတွင်းဘက်မှ လာနေခြင်းဖြစ်ပြီး မီးခိုးငွေ့များနှင့်အတူ အနံ့တစ်မျိုးကို ရသည်။

သတိထားကာ အတွင်းဝင်သွားသောအခါ လူတစ်ယောက်နေထိုင်အသုံးပြုသော အသုံးအဆောင်ပစ္စည်းများ ရှိသည့်နေရာသို့ ရောက်သွားသည်။

ရှမ်းဆရာခဲတော့ မတွေ့ရပေ။

ထိုအခန်းတွင်းမှာတော့ လူအရိုးစုများ၊ ဦးခေါင်းခွံများ၊ ခေါင်းတလားများ ရှိနေသည်။

အခန်းအလယ်မှာ မီးဖိုတစ်ဖို ရှိပြီး ထိုမီးဖိုအတွင်းမှ အပြာရောင် မီးခိုးများ ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနံ့ကလည်း စူးရှသည်။ ထိုအခိုက်အတန့်မှာပင် သူ ဝင်လာနေသောနေရာမှ ကျောက်တုံးတစ်တုံး ပြုတ်ကျလာပြီး လမ်းပိတ်သွားသည်။

မီးခိုးငွေ့ဟု မြင်တော့ အဆိပ်ငွေ့ဟု ထင်လိုက်မိသည်။

နောက်တော့မှ မဟုတ်မှန်း သိရသည်။

ကြည့်ရင်းမှပင် မီးခိုးငွေ့အထဲမှ မကောင်းဆိုးဝါးများ ထွက်လာသည်။

ဦးဇန်ကောင်းက ချက်ချင်းသိလိုက်သဖြင့် လွယ်အိတ်အတွင်းမှ ပုဝါအနက်တစ်ထည်ကို ထုတ်ပြီး နှာခေါင်း ပါးစပ် မျက်လုံးနေရာများကို ပိတ်စည်းထားလိုက်သည်။

မီးဖိုအတွင်းမှာ ကဝေသည်းခြေဂမုန်း ရှိနေချေပြီ။

သူသည် မီးပုံအနီးမှ ကပျာကယာ ခွာပြီး အပြင်ထွက်ရန် ကြိုးစားသည်။

ကျောက်တုံးပိတ်နေသောကြောင့် ထွက်မရတော့ပေ။

ထို့ကြောင့် နောက်ဖက် သွားသောအပေါက်ကို သွားကြည့်သောအခါ ထိုကျောက်တံခါးမှာလည်း ပိတ်လျက်သား ဖြစ်နေသည်။

ရှမ်းဆရာက တံခါးပိတ်၍ အခြားအပေါက်ဝမှ ထွက်သွားခဲ့ချေပြီ။

မတတ်နိုင်တော့ပေ။

ကဝေသည်းခြေဂမုန်း မီးခိုးငွေ့များက အပြင်ထွက်ပေါက် မရှိသောကြောင့် ဂူအတွင်းမှာ တဖြည်းဖြည်း များလာချေသည်။

ရှမ်းဆရာမှာ ဦးဇန်ကောင်းကို ဂူထဲမှာ ပိတ်ထားခဲ့ပြီး အခြား





အပေါက်မှ အပြင်ထွက်ရန် ကြိုးစားလေသည်။

ထိုအပေါက်မှ တန်ပက ရှိနေသောကြောင့် ထွက်မရပေ။

နောက်အပေါက်မှ ထွက်ရန် ကြိုးစားတော့လည်း နီမောင်က မြင်သဖြင့် မြားဖြင့် လှမ်းပစ်ရာ ထိမှန်လေသည်။

သို့ကြောင့် အခြားအပေါက်မှ ထွက်ပြေးရန် ကြိုးစားတော့မှ သေနတ်ဖြင့် အသင့်စောင့်နေသော မြို့စားကြီးနှင့် တည့်တည့်တိုးလေတော့သည်။

"သူတပါး မိသားစုတွေ ဒုက္ခပေးနေတဲ့ လူယုတ်မာ၊ ဒီကနေ့တော့ နောက်ဆုံးပေါ့ကွာ၊ ကဲ. . . သေပေတော့"

ဟု ပြောကာ သေနတ်ဖြင့် ပစ်လေသည်။

"ဒိုင်း. . ."

"အား. . ."

ရှမ်းဆရာမှာ ဘယ်လိုမှ မရှောင်သာတော့ဘဲ ကျည်ဆန်ထိမှန်ကာ လဲကျသေဆုံးသွားလေတော့သည်။

ထိုအခါမှ နီမောင်တို့လည်း ရှမ်းဆရာ ပိတ်ထားခဲ့သော ကျောက်တံခါးကို ဖွင့်ကာ ဦးဇန်ကောင်းကို ကယ်ထုတ်ကြရတော့သည်။

ဦးဇန်ကောင်းမှာ မျက်စိ နှာခေါင်း ပါးစပ်တို့ကို အဝတ်ဖြင့်စည်းထား၍ အသက်မသေသေးသော်လည်း သတိမေ့နေချေပြီ။

နီမောင်က ဦးဇန်ကောင်းကို ထမ်းကာ အပြင်သို့ ထွက်လာပြီးမှ ပြုစုတော့မှ သတိပြန်ရလာလေသည်။

ထိုအချိန်မှာ အရုဏ်ဦး အလင်းရောင်များ တက်လာချေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

အန္တရာယ်အားလုံးမှာလည်း ချုပ်ငြိမ်းသွားခဲ့ပေပြီ။

အားလုံးပြီး၍ ပြန်ကြရန် ပြင်သောအခါ ဦးပန်ကောင်းက ပြောလေသည်။

"မြို့စားကြီးတို့ မိသားစုတွေလည်း အန္တရာယ် ကင်းစင်သွားပြီဖြစ်တာမို့ ကျုပ်တို့ ဆရာတပည့် ပြန်မလိုက်တော့ပါဘူး"

"ဗျာ. . . ဘယ်. . . ဘယ်လိုပြောလိုက်တာလဲ ဆရာကြီး"

"ကျုပ်တို့ ပေါ်နန်းကို ပြန်မလိုက်တော့ပဲ ဒီနေရာကပဲ ရှေ့ကိုခရီးဆက်ကြမယ်လို့ ပြောတာပါ"

"ဘယ်လိုများ ဖြစ်ရတာလဲ ဆရာကြီးရယ်၊ ဆရာကြီးတို့က ကျွန်တော်တို့ မိသားစုရဲ့ အသက်သခင် ကျေးဇူးရှင်တွေပါ၊ ဘာမှကျေးဇူးမဆပ်ရသေးခင်မှာ အခုလို သွားမယ်ဆိုတာကတော့ မသင့်ပါဘူးခင်ဗျာ. . . စဉ်းစားပါဦးဗျာ"

"ကျုပ်တို့ အကူအညီပေးခဲ့တာ မြို့စားကြီးဆီက ဘာမှ မျှော်လင့်ခဲ့လို့ မဟုတ်ပါဘူး၊ နောက်ပြီး အခုလို စီစဉ်ရတာကလည်း အားလုံးကောင်းဖို့အတွက်ပါ"

ဟု နီမောင်ကို တစ်ချက်ကြည့်ပြီး ပြောလေရာ မြို့စားကြီးက မျက်မှောင်ကျုံ့ပြီး အတန်ကြာအောင် စဉ်းစားနေလေသည်။

ပြီးမှ. . .

"ကောင်းပါပြီ. . ဆရာကြီး သဘောဆန္ဒ ရှိမှတော့ ကျွန်တော် မတားတော့ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ တောင်းပန်ပါရစေ"

"ဘာများလဲဗျ"





"တခြားတော့ မဟုတ်ပါဘူး၊ ပေါ်နန်းမလိုက်ချင်လည်း နေခဲ့ပါ၊ ဒါပေမယ့် ဒီနေရာက ချက်ချင်းကြီးတော့ ထွက်မသွားပါနဲ့၊ ဟိုလွယ်ခမ်းတောင်ထိပ်မှာ ရှိတဲ့ ပတ္တမြားမျက်ရှင်ဘုရားကနေ ဒီတစ်နေ့တော့ စောင့်ပေးပါ၊ နောက်တစ်နေ့ မနက်လင်းမှပဲ ဆရာကြီးတို့ အလိုရှိတဲ့ခရီးကို သွားကြပါ"

"ကောင်းပါပြီ. . . မြို့စားကြီး ပြောတဲ့အတိုင်း ဘုရားပေါ်မှာ တစ်နေ့ နေပေးပါ့မယ်"

ဟု ကတိပေးလိုက်တော့ မြို့စားကြီးနှင့် ကိုယ်ရံတော် တန်ပတို့မှာ ထိုနေရာမှ ပြန်ထွက်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၁)

# သံယောဇဉ် လက်ဆောင်

နီမောင်နှင့် ဦးဖန်ကောင်းတို့မှာ ချက်ချင်း ခရီးမဆက်ကြသေးဘဲ ဘုရားကုန်းတော်ပေါ် တက်ကြပြီး ဦးဖန်ကောင်းက ပုတီးစိပ်နေသောအချိန်မှာ နီမောင်က ပတ်ဝန်းကျင်တစ်ဝိုက်မှာ သန့်ရှင်းရေး လုပ်နေသည်။

ထိုသို့ လုပ်နေရသော်လည်း ရင်ထဲမှာတော့ မကောင်းလှပေ။ ဆုံနိုင်ခွင့် မရှိတော့သော ချစ်သူနှင့် ခွဲခွာရတော့မည့်ဟူသော



www.burmeseclassic.com

www.burmeseclassic.com



အသိက ရင်တစ်ခုလုံးကို ပြင်းစွာနှိပ်စက်နေလေသည်။

ဟော်နန်းသို့ မပြန်တော့ဘဲ ရွာသို့ ခရီးဆက်ရန်လည်း သူက ဦးပန်ကောင်းကို ပြောထားသောကြောင့် ထိုကဲ့သို့ စီစဉ်ရခြင်းဖြစ်သည်။

သူနှင့် နန်းရွှေရည်တို့ ဘဝက မိုးနှင့်မြေလို ကွာခြားလှပေသည်။

မဆုံနိုင်သော ဘဝနှစ်ခုအတွက် အဝေးသို့ ရှောင်သွားခြင်းသာ အကောင်းဆုံး ဖြစ်မည်ဟု တွေးမိသောကြောင့် ချစ်လျက်နှင့် ရှောင်ထွက်ခဲ့ရခြင်းဖြစ်ပေသည်။

ညအချိန်ရောက်သောအခါ ဦးပန်ကောင်းက ဘုရားရင်ပြင်တော်ပေါ်မှာ ပုတီးစိပ်နေပြီး နီမောင်ကတော့ တောင်စောင်းတစ်နေရာမှ ချယ်ရီပင်ကြီးတစ်ပင်အောက်မှာ ထိုင်နေလေသည်။

ညဦးပိုင်း အချိန်ရောက်တော့ နှင်းများ တဖွဲဖွဲ ကျလာသည်။

အရှေ့ဘက် တောင်တန်းများအပေါ်မှ ကျော်တက်လာသော လရောင်က နှင်းသားထုကို အားယူထိုးဖောက်ကာ မြေပြင်ပေါ်သို့ အလင်းရောင် ပေးနေလေသည်။

နီမောင် ထိုင်နေသော သစ်ပင်အောက်မှ မျှော်ကြည့်ပါက လွယ်ခမ်းမြို့ကို မှုန်ပျပျ လှမ်းမြင်ရလေသည်။

မီးရောင်တလက်လက်နှင့် လွယ်ခမ်းမြို့မှာ နှင်းမှုန်များအောက်မှာ ပြားပြားဝပ်နေလေသည်။

ထိုသို့ တစ်ယောက်တည်း ထိုင်နေစဉ် အဝေးမှ ပျံ့လွင့်လာသော သီချင်းသံကို ကြားရလေသည်။

ပထမတော့ မိမိစိတ်စွဲလန်းနေသောကြောင့် ကြားနေရသည်





ဟု ထင်မိသော်လည်း အသေအချာ နားထောင်ကြည့်တော့ သီချင်းသံက သူရှိနေသောနေရာနှင့် မနီးမဝေးနေရာမှ လာနေကြောင်း သိရလေသည်။

"သဇင်တွေ သင်းပါပေါ့ ××××  ငွေနှင်းကစိုစို ××××× အလွမ်းတွေ ပိုပါတယ် ××× မေရဲ့အပူ ဘယ်သူလာလို့ ကူပါ့မယ် ××× မျှော်သော ရင်းနဲ့ မျက်ရည်လည်. . . "

"ဟင်. . . "

နီမောင်က နေရာမှ ထရပ်လိုက်သည်။

သေချာသွားပေပြီ။

အသံက နန်းရွှေရည် အသံဖြစ်ပြီး သီချင်းက နန်းရွှေရည် ဆိုနေကျသီချင်းပင် ဖြစ်၏။

နီမောင်က ဝမ်းသာအားရဖြင့် သီချင်းသံ ကြားသောနေရာသို့ သွားကြည့်တော့ သစ်ပင်တစ်ပင်ကို ကျောမှ မှီတွယ်လျက် အထုပ်တစ်ထုပ် ပိုက်ကာ သီချင်းဆိုနေသော နန်းရွှေရည်ကို တွေ့ရလေသည်။

"ဟင်. . . ရွှေ. . . ရွှေရည်၊ ဘယ်ကနေဘယ်လို ရောက်လာတာလဲဟင်"

အနားသို့ သွားကာ မေးလိုက်သည်။

"ကျွန်မဘဝက ချစ်သူက ပစ်ပြေးသွားတဲ့ဘဝဆိုတော့ ဒီလိုပဲ လိုက်ရှာနေရတာပေါ့ အစ်ကိုရယ်"

နီမောင်က အနားမှာ ယှဉ်ထိုင်ရင်း နန်းရွှေရည်ကိုယ်ကလေးကို ဖက်ထားလိုက်သည်။

"ဘယ်ကနေဘယ်လို ဒီနေရာ ရောက်နေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကိုယ်တိုင် မြင်းနဲ့ တောင်ခြေရောက်အောင် လိုက်ပို့ပေးလို့ ရောက်လာတာပါ။ အဖေက ကျွန်မတို့နှစ်ယောက်ရဲ့အခြေအနေကို ရိပ်မိနေတယ်၊ ဒါကြောင့် ကျွန်မဘဝ တစ်သက်လုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတာကို မကြည့်ရက်လို့ အမေ မသိအောင် လိုက်ပို့ပေးခဲ့တာပါ၊ ဒီအထုပ်ထဲမှာ ဆရာကြီးအတွက် စာတစ်စောင်လည်း ပါတယ်"

ဟု ပြောသဖြင့် နီမောင်က အထုပ်ကို ဖြည်ပြီး အတွင်းမှ စာကို ယူပြီး ဖတ်ကြည့်လိုက်သည်။

**ဆရာကြီးခင်ဗျာ**

ကျွန်တော် ရှိသေစွာဖြင့် နှုတ်ဆက်လိုက်ပါတယ်၊ ကျွန်တော်တို့ မိသားစုရဲ့အသက်ကို ကယ်တင်ပေးခဲ့တဲ့အတွက် ကျေးဇူးဆပ်တဲ့ အနေနဲ့ အချိန်မတော် သမီးလေးကို ဆရာကြီးဆီ ပို့ပေးလိုက်ပါတယ်၊

သူတို့ လူငယ်ချင်း မေတ္တာမျှနေတာကို ရိပ်မိတဲ့အတွက် သမီးလေး စိတ်မဆင်းရဲစေချင်တာကတစ်ကြောင်း၊

ဆရာကြီးတို့အပေါ် ကျေးဇူးဆပ်ရာလည်း ရောက်အောင် ကျွန်တော်ကိုယ်တိုင် အခုလို စီစဉ်ပေးလိုက်ရခြင်း ဖြစ်ပါတယ်။

သူတို့နှစ်ယောက် ဘဝထူထောင်ဖို့ ရွှေငွေရတနာတွေလည်း ထည့်ပေးလိုက်ပါတယ်။

ဆရာကြီးတို့ ခရီးလမ်း ဖြောင့်ဖြူးသာယာပါ





စေဗျာ၊

ဆရာကြီးတို့ ကျေးဇူးကို အမြဲသတိရနေမယ့်

ဦးနန်းလုံ

လွယ်ခမ်းမြို့စား

ဟု ရေးသားထားလေသည်။

နန်းရွှေရည် ယူလာသောအထုပ်ထဲမှာလည်း ရွှေငွေရတနာအချို့ ပါလာလေသည်။

"အခုမှပဲ စိတ်အေးရတော့တယ် ရွှေရည်ရယ်၊ ကိုယ်ကတော့ ဒီတစ်သက် ရွှေရည်နဲ့ ပြန်မဆုံနိုင်တော့ဘူးလို့ ထင်နေမိတာ"

"ဒါကြောင့် ကျွန်မကို ရက်ရက်စက်စက် ထားခဲ့ပြီး ထွက်ပြေးဖို့ ကြံခဲ့တာပေါ့ ဟုတ်လား"

"ဒီလိုလည်း မဟုတ်ပါဘူး ရွှေရည်ရယ်၊ ကိုယ် ရွှေရည်ရဲ့အပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ ရွှေရည် အသိဆုံးပါ။ မလွဲသာလို့ အခုလို စီစဉ်ရတာပါ၊ ဒါပေမယ့် ရင်ထဲမှာ ဘယ်လောက်ခံစားနေရတယ်ဆိုတာရော သိရဲ့လား"

"သိပါတယ် အစ်ကိုရယ်၊ ရွှေရည်လည်း အစ်ကိုနဲ့ ထပ်တူပါပဲ၊ အခုတော့ ကျွန်မတို့နှစ်ယောက်ရဲ့ဘဝလမ်းက ဖြောင့်ဖြူးသာယာသွားပြီပေါ့နော်"

"ဒါပေါ့. . . အခုမှပဲ စိတ်အေးရတယ်၊ ဒီလိုဖြစ်လာတာ မြို့စားကြီးနဲ့ အဘကို ကျေးဇူးတင်ရမယ်၊ ရွှေရည်က ကိုယ်ခေါ်ရာနောက်ကို လိုက်တော့မှာပေါ့နော်"

အပြုံးဖြင့် ခေါင်းညိတ်ပြလေရာ နီမောင်က ချစ်သူ၏ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေးကို တင်းနေအောင် ဖက်ထားလိုက်လေသည်။

ချယ်ရီနံ့ သင်းနေသည့် နှင်းများက အဘယ်မျှပင် တိုးဝှေ့လာစေကာမူ ချစ်သူတို့၏နွေးထွေးနေပြီဖြစ်သော ရင်ခွင်ကိုတော့ မတိုးသာတော့ပါပေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မြို့သူ့မိန္တာလက်)အမည်ရှိ ပရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စယာပေဟာတု သုခိအတ္တာနံ ပရိဟရန္တု။

ပြီး

BURMESE CLASSIC

တပြီးချိန် (၂၀၀၀)ခုနှစ်ဇွန်လ(၁၅)ရက်၊
နံနက်(၉)နာရီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com